# သိပ္ပံမောင်ဝ

# အပိုဒ်... ဝတ္ထုဇာတ်လမ်းများ

ရွှေ စာပေ
အမှတ် ၆၃၊ ၈လမ်း၊ လမ်းမတော်မြို့နယ်။
ရန်ကုန်မြို့။
☎ - ၂၂၁၉၅၇

# မာတိကာ

စာမျက်နှာ


| | | |
|---|---|---|
| က။ | အမှာစာ | ၁ |
| ခ။ | သိပ္ပံမောင်ဝ၏ စာပေသမား | |
| | အမှတ်တရဖြစ်စဉ်များ | ၅ |
| ဂ။ | အဟိတ်ဝတ္ထုဇာတ်လမ်းများ | |
| | ၁။ မြင်းတွေ | ၁၁ |
| | ၂။ သံယောဇဉ် | ၂၁ |
| | ၃။ သည်နွားသိုးနှယ် | ၃၃ |
| | ၄။ ကြောင်ကလေးသုံးကောင် | ၄၃ |
| | ၅။ မြင်းပွဲ | ၅၅ |

၆။ ဒင်းတို့နှစ်ကောင် ၆၅

၇။ အချစ်မီး ၇၅

၈။ သောက ၈၅

၉။ ငါးပွင့်ဆိုင် ၉၅

၁၀။ကလေးတို့အဖေ ၁၀၉

၁၁။အနိစ္စ ၁၂၁

၁၂။ခွဲခွာရေး ၁၃၃

၁၃။အာမိတ် ၁၄၃

၁၄။ချိတ်ပုံကြော ၁၅၅

၁၅။မောင်ငယ်နှင့်ခွေး ၁၆၇

## ''အမှာစာ''

စာရေးဆရာကြီး သိပ္ပံမောင်ဝ (၁၈၉၉ - ၁၉၄၂)၏ ယခုနှစ် ရာပြည့်အမှတ်တရ ကာလတွင် အမှတ်ထင်ထင် အဖြစ် သိပ္ပံမောင်ဝ၏ စာစုများကို ဖော်ထုတ်ရေးသား ဂုဏ်ပြုထုတ်ဝေလာမှုများကို တွေ့ရသဖြင့် သိပ္ပံမောင်ဝ စာချစ်သူတစ်ဦးအဖို့ ဂုဏ်ယူကြည်နူးမဆုံး ဖြစ်ရပါသည်။ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုအပ်ခြင်းဖြစ်သည်နှင့်အညီ စာရေးဆရာတစ်ဦး၏ ရာပြည့်နှစ် ဖြစ်၍လည်း သူ့စာသူ့အကြောင်းများကို ဖော်ထုတ်ရေးသားအပ်ခြင်းသည် မင်္ဂလာဖြစ်စဉ်များဟုလည်း ခံယူမိပါသည်။

သိပ္ပံမောင်ဝ၏ မိသားစုလက်ရွေးစင် ဝတ္ထုတိုများ၊

အမှတ်တရစာစုများ၊ ခေတ်စမ်း၏ ပန်းသုံးပွင့်ရန့်များ၊ ခေတ်စမ်း ပုံပြင်များ စသည်ဖြင့် ထုတ်ဝေဖြစ်လာခြင်းများသည် မင်္ဂလာဖြစ်စဉ်များ ဟုပင် ထင်မြင်မိပါသည်။ ယခုအမှတ်တရ ပုံနှိပ်ထုတ်ဝေလိုက်သော - အဟိတ်ဝတ္ထုဇာတ်လမ်းများ စာအုပ်အသစ် သည်လည်း သိပ္ပံမောင်ဝ၏ ရာပြည့်ကာလကို ကြိုဆိုဂုဏ်ပြုအပ်ခြင်းလည်းဖြစ်ပါသည်။

အဟိတ်ဝတ္ထုဇာတ်လမ်းများဟု အမည်ပေးအပ် ကတည်းက သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများ (ခေတ်စမ်း ပုံပြင်များ) အနက် အဟိတ်တိရစ္ဆာန် ဇာတ်လမ်းများသာ ဖြစ်ကြောင်း သိကောင်းကြမည် ထင်ပါသည်။

သိပ္ပံမောင်ဝသည် သူ့မိသားစု၊ သူ့ခွေး၊ သူ့ကြောင် အကြောင်းများကိုသာ ရေးတတ်သူဟူ၍လည်း သိပ္ပံမောင်ဝကို မှတ်ချက်ချပြတတ်သူတို့ ပိုမိုအပြစ်ဖို့ အဆိုးမြင်နိုင်ရန် ဖန်တီး စုစည်းပြလိုက်ခြင်းလည်းဖြစ်ပါသည်။

အဟိတ်တိရစ္ဆာန် ဇာတ်လမ်းများ ဖြစ်သည်နှင့်အညီ သိပ္ပံမောင်ဝ ခံစားနားလည်ထားသော အဟိတ်တိရစ္ဆာန်တို့၏ ဖြစ်စဉ် ပြဇာတ်လမ်းများကို သိပ္ပံမောင်ဝ ရေးပို့ခြင်းအပေါ်

မဂ္ဂဇင်းများတွင် ဖေါ်ပြခဲ့ခြင်း နှစ်၊လအလိုက် သက္ကရာဇ်စဉ် ပြထားပါသည်။ ဆိုလိုသည်မှာ ဤစာအုပ်ပါ ဝတ္ထုဇာတ်လမ်း များ၏ နှစ်ကာလကိုချင့်ချိန်၍ သိပ္ပံမောင်ဝ၏ ဘဝနှင့်စာပေ အပေါ် ရှုထောင့်ပေါင်းစုံမှ ရှုမြင်နိုင်ရန် စီစဉ်တင်ဆက်ခြင်း လည်းဖြစ်ပါသည်။

ဤစာအုပ်ပါ ဝတ္ထုဇာတ်လမ်းများသည် ၁၉၃၂ မှ ၁၉၄၁ ခုနှစ်အတွင်း သိပ္ပံမောင်ဝ၏ ဆယ်စုနှစ်မျှ အတွေးအမြင် တင်ပြချက်များဟုလည်းသတ်မှတ်နိုင်ပါသည်။

မည်သို့ဖြစ်စေ စာပေစေတနာရှိသော၊ စေတနာ ရှိသမျှ ရေးသားတင်ပြတတ်သော၊ တင်ပြတတ်သမျှ ချင့်ချိန် မှတ်ချက်ချနိုင်ဘွယ်ရာသော၊ စာရေးဆရာကြီးတစ်ဦး၏ လွန်ခဲ့သောနှစ်ပေါင်း၆၀ ဝန်းကျင်ကဖြစ်ရပ် ဇာတ်လမ်းများသည် ထိုခေတ်ထိုကာလ၏ ကြေးမုံပြင်များသာမဟုတ်ပါလော။

စာပေသည်ခေတ်၏ ကြေးမုံဟု ဆိုစမှတ်ပြုထားတတ် ကြသည်နှင့်အညီ ခေတ်စမ်း စာရေးဆရာကြီးတစ်ဦး၏ ရာပြည့် နှစ်ကာလတွင် အမှတ်ထင်ထင် ထုတ်ဝေလာသည့် ယခု

အဟိတ်ဝတ္ထုဇာတ်လမ်းများသည်ပင် သမိုင်းမဝင်နိုင်ဟု ဆိုနိုင် သော်လည်း သိပ္ပံမောင်ဝ(ဦးစိန်တင်၊ အိုင်စီအက်စ်)ဟူသော လူသားတစ်ဦး၏ ဘဝအမြင်အတွေးများကို တဖြည်းဖြည်း အရေးထင်လာနိုင်စရာ ရှိပါကြောင်း ဆိုဝံ့ပါသည်။

နိဂုံးချုပ်အဖြစ် ဤစာအုပ်ကို ထုတ်ဝေခြင်းအပေါ် သိပ္ပံမောင်ဝ စာချစ်သူတစ်ဦးအနေဖြင့် ဝမ်းသာအားရ ဂုဏ်ယူမိပါ ကြောင်း ထပ်လောင်းအမှာစကား ရေးသားအပ်ပါသည်။

မြင့်ကြိုင် (အမျိုးသားစာကြည့်တိုက်)

# သိပ္ပံမောင်ဝ၏ စာပေသမား
# အမှတ်တရ ဖြစ်စဉ်များ

**ခုနှစ်များ** **အကြောင်းအရာ**

၁၉၁၉ ဆယ်တန်းမအောင်မီ ကျောင်းသားဘဝကတည်းက "ဝဇီရာတင့်" ဟူသော ရှေးဦးဆုံးကလောင်အမည် ဖြင့် သတင်းစာများတွင် စာရေးပို့ခဲ့။

၁၉၂၅ သူ၏အစောဆုံး ဖြစ်မည်ထင်သော အိပ်စ်(X) အမှတ်အသားပါ ကလောင်အမည်ဖြင့် အင်္ဂလိပ်

ဘာသာ ဆောင်းပါးစာတို့ကို ယူနီဘာစီတီ ကောလိပ်မဂ္ဂဇင်း၌ တွေ့ရှိရ။

၁၉၂၆-၂၇ ခေတ်စမ်းသမားမဖြစ်မီ 'မောင်စိန်တင်' ဟူသော အမည်ရင်းဖြင့် ယူနီဘာစီတီ ကောလိပ်မဂ္ဂဇင်း၊ ကဝိမျက်မှန် မဂ္ဂဇင်းတို့တွင် ဆောင်းပါးများ ရေးသားခဲ့။

၁၉၂၇-၂၉ အင်္ဂလန်ပြည် အောက်စဖို့ဒ် တက္ကသိုလ်မှနေ၍ "သိပ္ပံကျောင်းသား မောင်မြသွင်" ကလောင် အမည်ဖြင့် ရန်ကုန်သူရိယ နေ့စဉ်သတင်းစာသို့ မြန်မာစာပေအကြောင်း ဆောင်းပါးများ ပုဒ်ရေ ၇၀ကျော်မျှ ရေးပို့ခဲ့။

၁၉၃၃ ခေတ်စမ်းစာပေကျမ်းစဉ် အဖြစ်ဖြင့် ဂန္ထလောက မဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထုအသွင် ရေးသား လာခဲ့သော 'လှအုံးမယ်' ဝတ္ထုကို လုံးချင်းအဖြစ် ထုတ်ဝေခဲ့။ လှအုံးမယ်ဝတ္ထုဟူသည် သိပ္ပံမောင်ဝ တစ်အုပ်တည်းသော မြန်မာမှုပြုဝတ္ထု။

၁၉၃၃-၃၈ ပုဂံဆောင်းပါးပေစာများ အမည်ရှိ ဆောင်းပါးကို

၁၉၃၃ ဇွန်လမှစတင်၍ သူရိယရုပ်စုံသတင်းနှင့် သူရိယသတင်းစာတို့တွင် လည်းကောင်း၊ မောင်သံချောင်း၏ ပေးစာများကို ၁၉၃၄ခု အောက်တိုဘာ လထုတ် ကြီးပွားရေးမဂ္ဂဇင်းမှနေ၍ လည်းကောင်း၊ ၁၉၃၈ခု နိုဝင်ဘာလမှစတင်၍ သောင်းပြောင်း ထွေလာပေးစာများအဖြစ် ဂန္ထလောကမဂ္ဂဇင်း၌လည်းကောင်း ပေးစာပုံစံများ ဖြင့် ဆောင်းပါးများ ရေးပို့ခဲ့။

ခရီးသွားမှတ်တမ်း ဆောင်းပါး အဖြစ်လည်း စည်တုတ္တရာ၊ ရဲရမန်း၊ အောက်စဖို့ဒ် တက္ကသိုလ် မှတ်တမ်း စသောအကြောင်းရပ်တို့ကို ဂန္ထလောက မဂ္ဂဇင်း၌ ရေးသားခဲ့။

၁၉၃၄ တင်တင့်အမည်ဖြင့် ပထမဦးဆုံး ရေးသားခဲ့သော 'ငို့ဘ' ပြဇာတ်စာမူကို ဖေဖော်ဝါရီလထုတ် ကြီးပွား ရေးမဂ္ဂဇင်းထဲတွင် တွေ့ရှိရ။

တစ်ပုဒ်တည်းသော လေးလုံးစပ်ကဗျာဟု ခေါ်ဆို ရမည့် သိပ္ပံမောင်ဝ၏ ရေးခဲ၊ တွေ့ခဲလှသော 'သကြ်န်လက်ဆောင်' လင်္ကာစာတစ်ပုဒ်ကို မေလ

ထုတ် ဂန္ထလောကမဂ္ဂဇင်း၌ တွေ့ရှိရ။

မြန်မာနိုင်ငံ သုတေသနအသင်းအတွက် ကျမ်းစဉ် ၃၅ အဖြစ် ပုံနှိပ်ထုတ်ဝေသော ရွှေတောင် သီဟသူ၏ 'ရတနာ့ကြေးမုံဝတ္ထု'ကို တည်းဖြတ် နိဒါန်းရေးသားခဲ့။

၁၉၃၅ ခေတ်စမ်းစာပေကျမ်းစဉ် ၂ အဖြစ်ဖြင့် ဦးဖေမောင်တင် တည်းဖြတ်အုပ်ချုပ် ထုတ်ဝေခဲ့သော 'ခေတ်စမ်းပုံပြင် ပထမတွဲ' စာအုပ်၌ သိပ္ပံမောင်ဝ ၏စာမူ ၁၁ ပုဒ်ပါရှိခဲ့။

ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခြင်းခံခဲ့ရသော သူ၏ နာမည်ကျော် အောက်စဖို့ဒ်တက္ကသိုလ် ခရီးသွားမှတ်တမ်း စာအုပ်ကို ပထမကြိမ်အဖြစ် ထုတ်ဝေနိုင်ခဲ့။

ခေတ်စမ်းစာပေတိုက်ပွဲဟု ခေါ်ဆိုရမည့် ရသေ့ ဦးစိန္တာတို့နှင့် တိုက်ပွဲတွင် မြန်မာ့နေ့စဉ်သတင်းစာ ၏ ကလောင်အမည်ကွဲ ၅ခုဖြင့် ဦးဆောင်တိုက်ပွဲ ဝင်ခဲ့။

အောက်တိုဘာလနှင့် နိုဝင်ဘာလ တို့တွင် ဂန္ထလောကမဂ္ဂဇင်း၏ အကျိုးဆောင်အယ်ဒီတာ

အဖြစ် ဆောင်ရွက်ခဲ့။

အောက်တိုဘာလထုတ် ကြီးပွားရေးမဂ္ဂဇင်း၏ နှစ်ပတ်လည်အထူး (အတွဲ ၄၊ အမှတ် ၁)တွင် ကလောင်အမည်ကွဲ အမျိုးမျိုးဖြင့် စာမူပေါင်း ၁၃ ပုဒ်ကို တစ်ဦးတည်း ဒိုင်ခံရေးသားခဲ့။

၁၉၃၈ သူ၏သားဦး၊ တင်မောင်မြင့် (မောင်လူမွှေး) ကို အကြောင်းပြု၍ ခေတ်စမ်းစာပေကျမ်းစဉ် ၅ အဖြစ်ဖြင့် သူတစ်ယောက်တည်း၏ စာမူ ၃၁ပုဒ်ကို ခေတ်စမ်းပုံပြင် ဒုတိယတွဲအသွင်ဖြင့် ထုတ်ဝေခဲ့။

၁၉၃၉ သတင်းစာနှင့် ပြန်ကြားရေး လုပ်ငန်းများ ဆည်းပူးရန် အစိုးရ ပညာတော်သင်အဖြစ် အင်္ဂလန်နိုင်ငံသို့ စာရေးဆရာညိုမြ သွားခါနီးတွင် ထုတ်ဝေသော (အနောက်သွား ညိုမြနှုတ်ဆက် စာတမ်းငယ်) စာအုပ်တွင် “ညိုမြ” စာအမည်ရှိဆောင်းပါးကို ရေးသားပေးပို့ခဲ့။

ထို့အပြင် သိပ္ပံမောင်ဝသည် ညိုမြအမည်ရှိ စာအုပ်ငယ်တွင် (ညိုမြ၏ အင်္ဂလိပ် မြန်မာ ဝတ္ထုဆောင်းပါးများကို စုစည်းထုတ်ဝေထားသည်) ၁-၈-၃၉ ရက်စွဲ ဖြင့် မြန်မာကဏ္ဍ၌ နိဒါန်းရေးသားခဲ့။

၁၉၃၉-၄၂ ၁၉၄၂ခုနှစ် ဇွန်လ ၆ရက်၏ မကွယ်လွန်မီကာလ အထိ 'စစ်အတွင်း နေ့စဉ်မှတ်တမ်း'ကို ရေးလျက် တန်းလန်း အခြေအနေမျိုးတွင် ကွယ်လွန်ခဲ့ရ၏။

(ချယ်ရီ၊ အမှတ်-၇၈၊ ဇွန်လ ၁၉၉၂)

# မြင်းတွေ

" မြင်းတွေ၊ မြင်းတွေ " ဟူ၍ ကျောင်းကုန်းရွာရှိ ကလေးတတွေမှာ ဆူညံစွာ အော်ဟစ်ကာ နေကြလေသည်။ မိဖများအား ခေါ်ပြသူပြ။ အချင်းချင်း လက်ညှိုးထိုးကာ ပြသူပြ။ လမ်းဘေးမှ အိမ်ဝင်းအတွင်း ဝင်ပြေးသူပြေး။ လမ်းထဲတွင် ပြေးလွှား ကစားနေကြသော ကလေးများကို မနိုင့်တနိုင်နှင့် ချီပွေ့သွားသူသွား။ ပျော်လည်း ပျော်ကြ။ အံ့လည်းအံ့သြကြ။ ကြောက်လည်း ကြောက်ကြလေသည်။ ထိုကလေးတွေ၏ စိတ်ထဲတွင် မည်သို့ နေမှန်း မသိပေ။

ထိုမြင်းတွေကား လေးကောင်မျှသာတည်း။ အားလုံးမြင်းနီချည်း ဖြစ်လေသည်။ ရှေ့ဆုံးတွင် ခပ်မှန်မှန် ပြေးလာသော

မြင်းကား အတော်ပင် အရပ်အမောင်း ကောင်း၏။ ပြေးပုံ ခပ်ကြမ်းကြမ်း၊ ဦးခေါင်းကြီးကို မော်၍ လာလေသည်။ ထို မြင်းကြီးကား မြန်မာပြည်ဖွား မဟုတ်။ ရှမ်းပြည်ဖွား မဟုတ်။ အိန္ဒိယပြည်ဖွား မဒရပ်မြင်းအစားထဲက ဖြစ်လေသည်။

ထိုမြင်းကြီးပေါ်တွင် ပါလာသူကား တရုပ်ဘောင်းဘီ အနက်၊ ကာကီရောင် ရှပ်အင်္ကျီ၊ ဗလေဇာ အနက်တို့ကို ဝတ် ထား၏။ ဦးခေါင်းတွင်ကား ကာကီရောင် ဦးထုပ်ကို ဆောင်း ထားလေသည်။ လက်ထဲတွင် မည်သည့်အရာမျှမပါ။ ပါးစပ်တွင် ကား စီးကရက်တပ်ထားသော စွပ်တံကို ခဲ၍ထား၏။ မီးမညှိ ရသေး။ မြင်းပေါ်တွင် ဖြစ်သောကြောင့် မီးညှိ၍ မရသောကြောင့် ဖြစ်ဟန်တူလေသည်။ ထိုသူကား မိမိဖြတ်၍သွားသော ကျောင်းကုန်း ရွာသားများကို အမှုမထား၊ ခပ်တည်တည် မြင်းကို စီး၍ သွား၏။ ရွာသားတို့၏ စိတ်တွင်ကား ထိုသူသည် ဝန်ထောက်လော၊ မြို့အုပ်လော၊ ဘာလော၊ ညာလော စသဖြင့် အမျိုးမျိုး တွေးတော ကြံဆလျက် နေကြလေသည်။

ထိုမြင်းကြီး၏နောက် မြင်းမလေးပေါ်တွင် ပါလာသူကား စမာရွာသူကြီးမင်း မောင်ဘိုးရင် ဖြစ်၏။ သူ၏ လက်တစ်ဖက် က ဇက်ကြိုးကိုဆွဲ၊ ကျန်တစ်ဖက်က နှစ်လုံးပူး သေနတ်ကြီးကို ကိုင် လာလေသည်။ မည်သူ့ကို ပစ်မည်မသိ။ ယခင်လကပင် လူ

တစ်ယောက်ကို သေနတ်ဖြင့်ပစ်၍ အချုပ်ခံရ၏။ ကံကောင်း သောကြောင့်သာ လွတ်၍သွားလေသည်။ သူ၏ မျက်နှာမှာ လွန်စွာမှပင် ကြောက်စရာ ကောင်း၏။ အသားက မည်းမည်း၊ ဆံပင်က တိုတို၊ သူဝတ်ထားလိုက် သည်မှာလည်း တရုပ်ဘောင်းဘီ အနက်၊ ကာကီရောင် ရှပ်အင်္ကျီများ ဖြစ်လေသည်။ လူကလည်း ကြမ်းကြမ်း၊ စိတ်ကလည်း ထန်ထန်၊ အင်မတန်မှ တန်ခိုး ကြီးသော သူကြီး ဖြစ်လေသည်။

သူကြီးမင်း၏ နောက်မှ မြင်းပေါ်တွင်ကား မောင်ဘိုးရွှေ ဖြစ်ပါသည်။ မောင်ဘိုးရွှေကား နယ်ပိုင်မင်း၏ ရုံးပြာတာ ဖြစ်၏။ သူ၏ အရပ်ကား ခြောက်ပေနီးပါး။ သူ၏ ကိုယ်လုံးမှာ သေးသေး။ သူ၏ အသားမှာ မည်းမည်း ဖြစ်လေသည်။ ဗိုလ်ကေမှာ ဖိုးရိုးဖားရား။ ဝတ်ထားသော လုံချည်မှာအနက်။ လွယ်လာသော လွယ်အိတ် မှာလည်းအနက်ပင်။

မောင်ဘိုးရွှေကား မည်သူ့ကိုမျှ အမှုမထား၊ ဝန်ထောက်နှင့် သူကြီးတို့၏ ရှေ့မှပြေး၍ မသွားရသည်ကိုသာလျှင် မကျေမနပ် ဖြစ်၍လာ၏။ ရှေးဟောင်းနှောင်းဖြစ်တို့ကို တွေးတောရင်း မြင်းပေါ်တွင် သွေးကြီးကာလာလေသည်။ မိမိ ပခုက္ကူနယ်တွင် နေထိုင်စဉ်က ပခုက္ကူမြို့ မြင်းပြိုင်ပွဲတွင် ဝင်၍နွှဲခဲ့သည်များကိုရင်း၊

သူစီးသောမြင်း ပထမ ရ၍ မြင်းရှင်က ဆုကောင်းကောင်းပေးသဖြင့် ဂုဏ်းငွေနှင့် ပျော်ပျော်ပါးပါးသွားလား၊ လာလားလုပ်ခဲ့သည်များကိုဂုဏ်း၊ စဉ်းစားမိ၏။ ရှေးအခါက သူတကာ၏ ရှေ့မှ စီးခဲ့ရဘူးသော်လည်း ယခုကား သူတကာ၏နောက်မှ ခပ်ဖြည်းဖြည်း လိုက်လာရလေသည်။ ကျေနပ်ဖွယ်ရာမရှိပေ။ မိမိ၏မြင်းကို စိုင်းကာ သူကြီးတို့၊ ဝန်ထောက်တို့ ရှေ့ကို တက်သွားချင်၏။ သို့သော် မတက်ဝံ့ရှာပေ။ သူတို့မှာကား သူကြီးဖြစ်၏။ ဝန်ထောက်ဖြစ်၏။ မိမိကား ပြာတာမျှသာ ဖြစ်လေသည်။ သို့သော် မြင်းစီးရာတွင် သူတို့ထက် မိမိက သာ၏။ မိမိနှင့်ပြိုင်၍ စီးဝံ့ကြမည်မဟုတ် စသဖြင့်တွေးတောကာ စိတ်ကြီးဝင်လျက် လိုက်ပါလာလေသတည်း။

မောင်ဘိုးရွှေ၏ နောက်မှ လိုက်လာသူကား နယ်ပိုင်ရုံးစာရေး မောင်ဖျန်စိန် ဖြစ်လေသည်။ သူကား တရုပ်ကပြား၊ ရိုးသားသူ ဖြစ်၏။ ကြောက်လည်း ကြောက်တတ်။ စကားလည်း နည်း။ နွေးလည်း နွေးကွေးသူတည်း။ မောင်ဖျန်စိန်မှာ မိမိ၏ မြင်းကို နိုင်အောင်သာလျှင် ကြိုးစား အားထုတ်ကာ နေရရှာ၏။ ဝါတော် ၆ဝ ရပြီးသား ဘုန်းတော်ကြီးကဲ့သို့ စက္ခုန္ဒြေကိုချကာ မြင်း၏ ဦးခေါင်းကိုသာလျှင် စိုက်၍ ကြည့်လာ၏။ မြင်း၏ ဇက်ကြိုးကိုလည်း လက်နှစ်ဖက်ဖြင့် စုံကိုင်ကာ ခပ်တင်းတင်း ဆွဲထားလေသည်။ နဖူးမှ

ချွေးလုံးကြီးများ စီးဆင်း၍နေသည်ကိုပင် လက်ဖြင့် မသုတ်နိုင်ရှာပေ။ အကယ်၍ မြင်းဆွဲပြေးမှုဖြင့် ခက်လေတော့မည်။

မောင်ဖျန်စိန်ကား မြင်းကျောပေါ်သို့ တစ်ခါမျှ မရောက်ဘူး ချေ။ ယခုမှသာလျှင် ဝန်ထောက်ကို ကြောက်သောကြောင့် အရဲစွန့်ကာ လိုက်ပါလာရခြင်း ဖြစ်လေသည်။ မြင်း၏စိတ်တွင်ကား မိမိ၏ကျောပေါ်၌ ပါလာသူမှာ မည်သို့သောသူနည်းဟု တွေးတော၍ နေ၏။ မိမိကို စီးဖူးသူ များလှလေပြီ။ ဤကဲ့သို့ တစ်ယောက်မျှ မကြုံဘူးသေးပေ။ ဇက်ကြိုးကို တင်းတင်းကြီး ဆွဲထားသောကြောင့် အသွားရ ခက်လှပေသည်။ စိတ်ပေါက်ပေါက် ရှိလှသဖြင့် ဇွတ်အတင်း ရပ်လျက်နေ၏။ မောင်ဖျန်စိန်ကား မည်သို့မျှ မလုပ်တတ်တော့ပေ။ မြင်းရပ် နေသောအခါ အနီးအနားတွင် ရှိကြသော ကလေးများအား အမောင်းခိုင်းမည် ကြံသေး၏။ အကယ်၍ မိမိ၏မြင်း တအားကုန်လွှတ်၍ ပြေးမည်ဆိုက ခက်လေတော့မည်။ မြင်းနှင့် ဖျန်စိန်၊ ဖျန်စိန်နှင့် မြင်း၊ စစ်ခင်းနေကြလေပြီ။ ကြာလျှင် မတတ်နိုင်၊ ရှေ့က စီးသွားသော ပျာတာမောင်ဘိုးရွှေအား ဟစ်၍ခေါ်ရရှာ၏။ မောင်ဘိုးရွှေလာ၍ ဇက်ကြိုးကိုဆွဲကာ ခေါ်သွားတော့မှ ကိုယ်တော်မြတ်မြင်းမှာ လိုက်ပါသွား လေသည်။

သို့နှင့်ပင် ရွာ့အပြင်ဘက် ကွင်းကြီးထဲသို့ ရောက်သွားကြကုန်၏။ အချိန်ကား နံနက်ခင်း ရှစ်နာရီခန့်သာ ရှိသေးသည်။ မိုးတွင်းအခါ ဖြစ်သောကြောင့် မိုးအုံ့လျက်နေ၏။ မအေးမပူ၊ နေ၍ကောင်းရုံလေး ဖြစ်လေသည်။ ကွင်းထဲတွင် မြင်းလေးစီး တို့ကို စီးကာ ဖြတ်သွားကြရာ ခပ်လှမ်းလှမ်းတွင် ကောက်စိုက် နေကြသော မိန်းမတတွေကို မြင်ရပေ၏။ သူတို့ကား သီချင်း တကြော်ကြော်နှင့် ပျော်လှပေသည်။ နံနက်ခြောက်နာရီမှ ညနေ ငါးနာရီတိုင်အောင် တကုန်းကုန်းနှင့် ကောက်စိုက်ရှာကြ၊တစ်နေ့လုံးမှ တစ်နာရီ အနားရကြ၏။ အခကျပြန်လျှင် တစ်နေ့မှငါးမူးမျှသာ ရကြလေသည်။ သူတို့တတွေမှာ မညောင်းကြယောင်တကား၊ တစ်ကိုယ်လုံးလည်း ရွှံ့တွေပေ၊ ထိုင်စရာလည်း နေရာမရှိ။ ထိုကောက်စိုက်သမတွေကား ပျော်လှပေသည်။ ကံစီမံရာ ပျော်ကြစမြဲ ဖြစ်သောကြောင့် သူတို့အတွက် ဝိုင်းဝန်းကာ ပူပေးသော်လည်း သူတို့ကမူကား အမှုပင်ထားကြမည် မဟုတ်ပေ။

ထိုကောက်စိုက်သမတို့သည် မိမိတို့ အနီးအနားတွင် ဖြတ်သွားကြသော မြင်းလေးစီးတို့ကို မြင်လျှင် ပျော်ရွှင်ကြသောကြောင့် လက်တို့ကာ ပြကြ၊ ရယ်ကြ၊ မောကြ၊ တဟားဟား နှင့် နေကြ

လေတော့သည်။ ထိုမြင်းနီရှင်လေးဦးတို့ကို စောင်းကာ သီချင်း ဆိုကြသေး၏။ မောင်ဘိုးရွှေက လက်သီးပြလေသည်။ သူကြီးနှင့် ဝန်ထောက်တို့ကား ဣန္ဒြေမပျက် သွားမြဲတိုင်း သာလျှင် သွားကြ၏။ မောင်ဖျန်စိန်ကား မိမိ၏ မြင်းကို မနိုင့် တနိုင်၊ မြင်းပေါ်မှ မကျစေရန် များစွာကြိုးစားနေရရှာလေသည်။

ဤသို့ ရွံ့တွေ၊ ဗွက်တွေ၊ နွံတွေ ထူထပ်လှသော ကွင်းပြင် ကြီးအတွင်း မြင်းလေးစီးနှင့် တဖြည်းဖြည်း လာနေကြခိုက် ကောင်းကင်တွင် မိုးသားတွေ ဆိုင်း၍ တက်လာကြကုန်၏။ ခက်လေပြီ။ ထိုတစ်ဝိုက်တွင် မိုးခိုစရာမရှိ။ ရွာနှင့်လည်းမနီး။ သစ်ပင်ကြီးကြီး ဟူ၍လည်းမမြင်။ စိုးရိမ်မကင်း ဖြစ်မိကြ ကုန်၏။

မကြာမီ မိုးကြီးသည်းထန်စွာ ရွာသွန်း၍ ချလိုက်လေသည်။ ပေါက္ခရဏီ မိုးဖြစ်လျှင် ကောင်းလေစွဟု တောင့်တမိကြကုန်၏။ ပေါက္ခရဏီ မိုးတို့၏ သဘောကား စိုစွတ်လိုသူတို့ ကိုသာ စိုစွတ်၍ မစိုစွတ်လိုသူတို့ကိုကား မစိုစွတ်ဘဲနေလေသည်။ ဤမိုးကား ပေါက္ခရဏီမိုး မဟုတ်သောကြောင့် မစိုစွတ်လိုသော မြင်းနီရှင် လေးဦးတို့မှာ တစ်ကိုယ်လုံး ရွှဲရွှဲစို၍ သွားကြကုန်၏။ မိုးချည်း ရွာသည်မဟုတ်။ လေကလည်း အပြင်းအထန်တိုက်ခတ်ပြန် သောကြောင့် မြင်းများပေါ်မှပင် ကျမယောင်ယောင် နေကြသည်။

စာရေးမောင်ဖျန်စိန်ကား မြင်းစီး မတတ်ရသည့်အထဲတွင် မိုးကြီးကလည်းသည်း၊ လေကလည်းတိုက်လှသဖြင့် များစွာ အခံရခက်၏။ မိုးကရွာ၊ လေကတိုက်သောကြောင့် ခမျာ မြင်းနီ လေးစီးတို့လည်း ချမ်းရှာလွန်း၍ ခိုက်ခိုက်သာတုန်နေကြလေ တော့သည်။ နားရွက်ထဲ ရေဝင်မည် စိုးကြသောကြောင့်လည်း နားရွက်များကို ကပ်ကာ ခပ်ဖြည်းဖြည်း လျှောက်၍ လာကြကုန်၏။

နှံတွေ စဉ်လှသောကြောင့် ဘောင်းဘီ အနက်တွေမှာ နှံကွက်တွေ ထူထပ်နေလေတော့သည်။ အင်္ကျီတို့မှာလည်း ဆိုစရာမရှိ၊ ဦးထုပ်များမှာပင် နှံကွက်တွေ မကင်းပေ။ မြင်းတွေ တစ်ကိုယ်လုံးမှာလည်း နှံတွေ အလိမ်းလိမ်း ကပ်နေပေ၏။ မြင်းရောလူပါ၊ နဂိုရုပ်ပင်မပေါ်၊ တော်တော်ပင် အကြည့်ရ ဆိုးလေသည်။ နဂိုရုပ်မပေါ်သည်က မခက်၊ ချမ်းလှသဖြင့် ခိုက်ခိုက်တုန်နေကြသည်က ခက်လေသည်။

လူအများကား ဝန်ထောက်မင်း တရားခွင်ပေါ်တွင် ပုဆိုး သစ်၊ အင်္ကျီသစ်၊ ဖိနပ်သစ်တို့ကို ဝတ်၊ ခေါင်းပေါင်းကို ကြော့ ကြော့ကလေး ပေါင်းကာ၊ တရားစီရင်နေသည်ကိုသာ တွေ့ဖူး၊ မြင်ဖူး၊ ကြုံဖူးကြပေလိမ့်မည်။ နံနက်ဆယ်နာရီခွဲ၊ ၁၁-နာရီမှ ရုံးတက်၊ ညနေ လေးနာရီမတိုင်မီ စတိုင်တင်းတင်းနှင့် ရုံးမှ ဆင်းလာသည်

များကိုသာ မြင်ဖူးကြပေလိမ့်မည်။ ရပ်ထဲ၊ ရွာထဲ၊ မြို့ထဲတွင် ပွဲလမ်းသဘင်ရှိက ရှေ့ဆုံးနေရာတွင် ခန့်ခန့် ညားညား ထိုင်နေသည်များကိုသာ ကြုံဖူးကြပေ လိမ့်မည်။ သူကြီးတတွေက 'မှန်ပဘုရား၊ မှန်ပဘုရား' နှင့် ပြားပြားဝပ်ကာ နေကြသည်ကိုသာ မြင်ဖူးကြပေလိမ့်မည်။ ဝန်ထောက်မင်း ယခုကြုံရသောအဖြစ် အပျက်မျိုးကိုကား မြင်ဖူးကြမည်မဟုတ်ဟူ၍ မောင်လူအေးသည် မိမိ၏ အဖြစ်အပျက်ကို တွေးတောလျက် လာရာ ငဖျင်းချောင်းရွာသို့ ရောက်မှသာလျှင် စဉ်းစားခန်း ပြတ်သွားလေသတည်း။

ဂန္ထလောက

၁၉၃၂ အောက်တိုဘာလ

# သံယောဇဉ်

ယနေ့ နံနက်စောစော မောင်လူအေးတို့လူစု အင်းမရွာမှ ထွက်လာခဲ့ကြရာ ပါလှည့်ရွာသို့ ၈နာရီခွဲတွင် ရောက်ကြ လေသည်။ ညောင်တုန်းသို့သွားသော ကုလားမီးသင်္ဘော ကလေး ပါလှည့်ရွာမှ ထွက်ခွာသွားသည်မှာ နာရီဝက်ခန့် ကြာလေပြီ။

သမ္ဗန်စီးကာပြန်ရမှာကလည်းရွာတွင်သမ္ဗန်တစ်စင်းမျှမရှိ အခက်နှင့် တွေ့ကြုံနေကြကုန်၏။ ရုံးတွင် ချိန်းထားသော အမှု တို့ကလည်းရှိ၊ လုပ်စရာ အလုပ်တို့ကလည်း အများပင်။ မောင်လူအေးသည် နံနက် ၅ နာရီတွင် အိပ်ရာမှ မနိုးသည့် အတွက်

မိမိကိုယ်ကို အပြစ်တင်မိ၏။ သို့သော် မည်သို့မျှ မတတ်နိုင်။ ပါလှည့်ရွာတွင် တစ်နေ့ စခန်းချကာ နေရပေသည်။

ပါလှည့်သူကြီးမင်း၏ အိမ်မှာလည်း မညံ့လှပေ။ ပျဉ်ထောင် ပျဉ်ခင်း သွပ်မိုး၊ မကြီးမငယ် ခပ်ရွယ်ရွယ်အိမ် ဖြစ်လေသည်။ သူကြီးမင်း ဦးဖိုးကျော်ကား ကရင်ဖြစ်၏။ အဖေအို အမေအို ကြီးများနှင့် အတူတကွ နေလေသည်။ ကြက်များ၊ နွားများ၊ ဘဲများကို မွေးထားသောကြောင့် တစ်အိမ်လုံး ရှုပ်ထွေးလျှက်နေသတည်း။

မောင်လူအေးကား အိမ်ရှေ့ဝရန်တာတွင် စခန်းချ၏။ ထိုဝရန်တာမှာ အလျား ပေ၃၀၊ အနံ ၅ပေခန့်သာ ကျယ်လေသည်။ မောင်လူအေး စခန်းချရာ အစွန်းတွင် ပက်လက်ကုလားထိုင် တစ်လုံး၊ ရိုးရိုးကုလားထိုင်တစ်လုံး၊ ၂ ပေပတ်လည် စားပွဲကလေး တစ်လုံး ရှိလေသည်။ ထိုစားပွဲ ကုလားထိုင် တို့မှာလည်း ဖုံတွေ အလိမ်းလိမ်းကပ်လျက်နေ၏။ ဤနေရာမှာပင် ထမင်းစား၊ ဤနေရာမှာပင် လက်ဖက်ရည်သောက်၊ ဤနေရာမှာပင် အလုပ် လုပ်ရလေသည်။ ကျဉ်းကျဉ်း ကြပ်ကြပ် ရှိလှပေ၏။

ဝရန်တာ၏ တစ်ဖက်သော အစွန်းတွင်ကား

သောက်ရေအိုး စင်ရှိ၏။ ထိုသောက်ရေအိုးစင်နှင့် ကပ်လျက်ကား ကြက်ဖြူမကြီး တစ်ကောင်၏ ကြက်ခြင်း ရှိလေသည်။ ထိုကြက်ဖြူမကြီးကား မိမိ၏ ဥများကို ဝပ်လျက်နေ၏။

မောင်လူအေးမှာ မိမိနှင့် ပါလာသော အမှုတွဲ၊ အစီရင်ခံစာ၊ လျှောက်လွှာတို့ကို ရုံးစာခြင်းထဲမှထုတ်ကာ မှတ်ချက် ရေးတန်ရေး၊ အမိန့်ချတန်ချ၊ အစီရင်ခံစာ ရေးတန်ရေးနှင့် တစ်နေ့လုံး အလုပ်များလျက် နေလေ၏။ နေပူရှိန်ကြောင့် တစ်ကိုယ်လုံး ချွေးအတိ ပြီးနေလေသည်။

သူ၏ မနီးမဝေး ခြင်းထဲတွင် ဝပ်လျက်နေသော ကြက်ဖြူမကြီးမှာလည်း အိမ်အောက်တွင် စောင့်နေသော ကြက်ဖကြီးအား အသံပေးလိုက်၊မပေါက်သေးသော သားကလေးများကိုခေါ် လိုက်၊ ခြင်းတောင်း၏နှုတ်ခမ်းကို ဆိတ်ပေါက်လိုက်နှင့် အလုပ်များနေပေသည်။ အစာကိုပင် ဆင်း၍ မစားချေ။ မောင်လူအေး ချွေးတလုံးလုံးနှင့် နေသကဲ့သို့ပင် ကြက်ဖြူမကြီးမှာလည်း ပူလွန်းလှသဖြင့် မောဟိုက်လျက် နေပေ၏။ သူ၏ ညည်းညူသော အသံကိုပင် ကြားရလေသည်။

ဤကြက်ဖြူမကြီး၏ အခြင်းအရာကို အလုပ်လုပ်၍

နေရာမှ မောင်လူအေး မြင်လေသော် အမျိုးမျိုးသော တွေးတောချက်တို့ကို ထုတ်လျက် နေပေ၏။

အစာအငတ်ခံ၍ အညောင်းအညာခံကာ ဝပ်လျက်နေသော ကြက်မကြီးသည် မိမိ၏ ဥများအပေါ်၌ မည်မျှခင်တွယ်ပါ မည်နည်း။ အတော်အတန် ခင်တွယ်ရှိမှုနှင့် ဤသို့ ဒုက္ခမခံရာ။ အော် သံယောဇဉ်၊ သံယောဇဉ်။ အလွန် ခိုင်မာလေစွ (ဤကား မောင်လူအေး၏ စိတ်ကူးပုံတည်း။)။

ထိုကြက်ဖြူမကြီး၏ စိတ်ကူးပုံကို နားထောင်ကြပါဦး။ သူလည်း သူ့စိတ်ကူးနှင့်ပင်။ ဤသို့ တစ်ကောင်တည်း အစာအငတ်ခံ၍ အပင်ပန်းခံကာ မိမိ၏ ဥများကို ဝပ်လျက် နေရှာသော ကြက်ဖြူမကြီး၌ စိတ်ကူး မရှိဘဲ မနေတန်ရာ။ ဧကန် စိတ်ကူးရှိရမည်။ အောက်ပါ စိတ်ကူးမျိုးကို ကူးနေသည်ဟု ဆိုလျှင် မှားမည်လော။

'အခု ငါဝပ်နေတဲ့ဥ ဆယ်လုံးဟာ အားလုံးပဲပေါက်ပါ့ မလား။ အားလုံး ပေါက်မှာပါပဲလေ။ အားလုံး ပေါက်ရအောင် လို့ ငါ အခုလောက် ကြိုးစားပြီး ဝပ်နေတာပေါ့။ ငါ အစာကို ကောင်းကောင်း မစားရတာလဲ ကြာပြီ။ အစာငတ်တာ ကိစ္စမရှိပါဘူး။'

‘ဆယ်လုံးစလုံး ကောင်းကောင်းမွန်မွန် ပေါက်ရင် တော်ပြီ။’

‘ဆယ်ကောင် ပေါက်ပါပြီတဲ့၊ အထီးကလေး ဘယ်လောက်၊ အမကလေးက ဘယ်လောက်ပါမယ် မသိဘူး။ သူတို့အဖေ ကတော့ အားလုံး အထီးကလေးတွေ ပေါက်ပါစေလို့ ဆုတောင်းသတဲ့။ ငါကတော့ အထီး ၅ ကောင်၊ အမ ၅ ကောင် လိုချင်တာဘဲ။ အို၊ အမ ဘယ်လောက်ပါပါ အထီး ဘယ်လောက်ပါပါ ကိစ္စမရှိပါဘူး။ အားလုံး သားသမီးတွေချည်းမဟုတ်ဖူးလား။ အားလုံးကိုဘဲ ချစ်ရတော့မယ်။’

‘သားကလေး သမီးကလေးတွေ ကြီးပြင်းလာအောင် တော်တော် စောင့်ရှောက်ရအုံးမယ်။ ဟောဟိုကုက္ကိုပင်ပေါ်က သေနာကောင် ကိုရွှေကျီး လင်မယားတို့ရဲ့ရန်ကို ကြောက်ရ သေးတယ်။ ဒင်းတို့ လင်မယား ရန်ကိုတော့ မကြောက်ပါဘူးလေ။ သတ္တိရှိရင် ဖမ်းကြပါစေ၊ ငါ့သတ္တိကို ပြလိုက်မယ်။ ဒင်းတို့ ငါ့သားကလေးတွေကို ချီပြီး ဘယ်ပြေးမလဲ။ ဘယ် ပျံမလဲ။ ဒင်းတို့ ပျံသလောက် ငါလဲလိုက်ပြီးပျံမယ်။ ဟော့၊ ကုက္ကိုပင်ပေါ်က တကြော်ကြော်နဲ့ အသံပေးမနေကြနဲ့။ သတ္တိရှိရင် အခုလာခဲ့ ကြလေ။ နင်တို့လင်မယား ရန်လောက်တော့ ဂရုမစိုက်ပါဘူး။’

'ဟိုကောင်းကင်မှပျံဝဲနေကြတဲ့ ကိုရွှေစွန်တို့လင်မယားက ရှိသေးတယ်။ ဒင်းတို့လင်မယားကတော့ ကိုရွှေကျီးတို့လင်မယားထက် အားလဲကောင်း၊ မြန်လဲမြန်တယ်။ ဒင်းတို့လင်မယားကို ကိုရွှေကျီးတို့လင်မယား ထက်ကြောက်ရတယ်။ ငါတစ်ကောင်ထဲနဲ့တော့ ခံတိုက်လို့ နိုင်မှာမဟုတ်ဘူး။ ဒင်းတို့အဖေပါ ဝိုင်းပြီးခုခံရင်တော့ ကောင်းမှာဘဲ။ နို့ပေမယ့် သူ့ကိုစိတ်ချရတာ မဟုတ်ဖူး။ လေးက လေးလံပါဘိသနဲ့။ အင်မတန်စိတ်ပျက်စရာကောင်းတယ်။ သူ့ကိုယ်ကတော့ဖြင့် လေးလံပါရဲ့၊ သူ့နှုတ်သီးကတော့ ဘယ်အခါမှ အငြိမ်မနေဘူး။ အော်ကျယ်အော်ကျယ်နဲ့ ဟိုကြွက်ဖနဲ့ ရန်ဖြစ်၊ ဒီကြွက်ဖနဲ့ ရန်ဖြစ်၊ ပြောလို့လဲမရဘူး။ အခုဘဲ ကြည့်ပါလား။ ဟိုဘက်အိမ်က ကြွက်ဖကြီးနဲ့ တစ်ယောက်တစ်ခွန်းစီ ဆဲရေးတိုင်းထွာနေတာ။ သူ့ကိုတော့ အားမကိုးပါဘူး။စိတ်ပျက်ပါတယ်။ သူ့ကိုသာ အားကိုးနေမယ်ဆိုရင် သားကလေးတွေ အားလုံး ကိုရွှေစွန်တို့ လင်မယားရဲ့ အစာတွေဖြစ်ကုန်မယ်။ ဒါဖြင့် ဘယ်လိုကြံမလဲ။ အင်း၊ အကြံ တစ်ခုတော့ရပြီ။ ဘာတဲ့။ သားကလေး သမီးကလေးတွေကို အိမ်အောက်ထဲက မထွက်စေချင်ဘူးဒင်းတို့အိမ်အောက်ထဲမှာနေရင်ကိုရွှေစွန်တို့ ဘာမှ တတ်နိုင်မှာမဟုတ်ဘူး။ သူတို့ဟာကွင်းပြင်မြေပြင်မှာသာ အစွမ်းရှိတယ်။ အိမ်အောက်မှာတော့အစွမ်းမရှိပါဘူး'

'ဒါထက် အိမ်အောက်မှာချည်း နေမယ်ဆိုရင် ဂုတ်ကျားတို့ သားအမိ ကိုက်မှဖြင့် ခက်ချေရဲ့။ ဂုတ်ကျားသား ငနီ၊ အောင်နက်၊ ဂျိုကာ ဆိုတာ ကလေးတွေက သရမ်းကသရမ်းပါ ဘိသနဲ့။ ဒင်းတို့သရမ်းတာနဲ့ ငါ့သားကလေးတွေ ဘေးတွေ့တော့မှာပဲ။ သားကလေးတွေဟာလဲ နုနုနယ်နယ်၊ ဒီ ဂျိုကာလောက်တော့ ကိစ္စရှိမယ် မထင်ပါဘူးလေ။ ဂုတ်ကျားအတွက်က ခက်တယ်။ ဒင်းဟာ သူတကာ ကောင်းကောင်းနေတာကို မြင်ချင်တာ မဟုတ်ဖူး။ ဝန်တိုတဲ့ စိတ်တွေ အင်မတန် များတယ်။ ဒါကြောင့် မဟုတ်လား။ ဒင်းလင် ကိုကျားဘိုကြီး ဒင်းကို စွန့်သွားတာ ဘယ်လောက်ကြာပလဲ။ နောက်လင်ငယ် တွေ ယူတာလဲ မနည်းဘူး။ အားလုံးနဲ့ မသင့်လို့ အားလုံးဘဲ ဒင်းကို စွန့်သွား တယ်မဟုတ်လား။ ဒင်းဟာ မနာလိုစိတ်တွေ ရှိပေမယ့် သတ္တိတော့ မကောင်းပါဘူး။ ကြည့်ပါလား။ အရင် တလောက ဦးဖိုးထင်အိမ်မှာ ခေးပြေတိုက်လို့ သေနတ်သံ တစ်ချက် ကြားတယ်ဆိုရင်ဘဲ ဒင်း ကြောက်လိုက်တာ တုန်နေတာဘဲ။ ဟောင်တောင်မဟောင်ဝံ့ဘူး။ငါ့သားကလေးတွေကို ထိရင် မခံဘူး။ ဒင်းမျက်စိတွေကို ဆွဲပြီး ခွပ်ပြ လိုက်မယ်။'

'ကိုရွှေကျီး၊ ကိုရွှေစွန်၊ မိဂုတ်ကျားတို့ တတွေထက် ကြောက်စရာကောင်းတာကတော့ ဟိုကုတ်ကို ခေါင်းထဲမှာ နေကြတဲ့

ကိုမြွေဟောက်တို့ လင်မယားပေါ့။ မနေ့ညကတောင် ပေါက်လာကြသေးတယ်။ ဉတွေကို မျိုကျမလို့ပေါ့။ ခြင်းတောင်းကြီးနဲ့ အုပ်ထားပေလို့။ နို့မဟုတ်ရင် ငါဘဲသေမလား၊ ဒင်းတို့ဘဲအနာရမလား မသိဘူး။ ခြင်းတောင်းကြီးနဲ့ အုပ်ထားလို့ မဝင် နိုင်ကြတာနဲ့ အပြင်ကနေပြီး ဆဲသွားကြသေးတယ်။ ကြိမ်းလဲ ကြိမ်းမောင်း သွားကြသေးတယ်။ ဒင်းတို့လင်မယားဟာ အဆိပ်ဆိုတဲ့ လက်နက်ကို အားကိုးအားထားရလို့ မြွေဝါးဝနေကြတာ။ ဒင်းတို့မှာ အဆိပ်မရှိရင်တော့ မကြောက်ပါဘူး။ နို့ပေမယ့် နေ့လယ်လောက်ဆိုရင် သစ်ခေါင်းထဲမှာ ကုပ်နေကြတယ်။ သူကြီးသား ငသောင်းကို ကြောက်လိုက်ကြတာ လွန်ပါရော။ ညကျမှ အစာရှာ ထွက်ဝံ့ကြတယ်။ ညတိုင်းညတိုင်း ငါ့ သားသမီးတွေကို ငသောင်း ခြင်းတောင်းကြီးနဲ့ အုပ်ထားမယ် ထင်ပါရဲ့လေ။ ဒါကြောင့် ကိုရွှေမြွေဟောက်တို့ လင်မယားရဲရန်ကိုလဲ ကြောက်စရာ မရှိပါဘူး။'

'ပေါက်မယ့် သားကလေးတွေဟာ ငါနဲ့တူကြပါစေ။ ငါနဲ့တူရင်တော့ ဖြူဖြူဖွေးဖွေး ချစ်စရာကလေးတွေ နေမှာဘဲ။ ဒင်းတို့ ဖအေနဲ့တူရင်လဲ အရုပ်ဆိုးကြမှာ မဟုတ်ပါဘူး။ သူလဲ အတော်သားကဘဲ။ ဟိုဘက်အိမ်က ကြက်ဖတွေထက်တော့ အများကြီး

လှသေးတယ်။ သားသမီးတွေရဲ့ ရုပ်အဆင်း အတွက်တော့ စိုးရိမ်စရာ မရှိပါဘူး။ ငါနဲ့တူရင်လဲ လှမှာဘဲ။ သူ့ဖအေနဲ့ တူရင်လဲ လှမှာဘဲ။'

'သို့ပေမယ့် ဒင်းကလေးတွေရဲ့ စိတ်သဘောထားတွေဟာ ဒင်းတို့ဖအေနဲ့ မတူကြပါစေနဲ့လို့ ဆုတောင်းတယ်။ သူဟာ သားမယားအပေါ်မှာတော့ ကြင်ကြင်နာနာ အရှိသားပါဘဲ။ သို့ပေမယ့် ဟိုနေရာမှာ ပါချင်၊ ဒီနေရာမှာ ပါချင်။ သူ့အသံ ချည်းဘဲ။ ဟို 'ကတော်' လိုက်၊ ဒီ 'ကတော်' လိုက်နဲ့ အိမ်ဝင်း ထဲမှာ ရှိကြတဲ့ ဘဲတွေ၊ကြက်တွေနဲ့ ဘယ်သူနဲ့မှမသင့်ဘူးသူ့ကိုအားလုံးမုန်းကြတယ်။ တစ်နေ့က သူကြီးသားငသောင်း့ရှေ့မှာ သွား 'ကတော်' လို့ ငသောင်း ကျောက်ခဲနဲ့ ပေါက်လိုက်တာ ကံကောင်းလို့ မသေတယ်။ သေများ သေမှုဖြင့် ငါမုဆိုးမ ဖြစ်နေပြီ။ သူ့ကို ကောင်းကောင်းနေဘို့ အကြောင်းပြောတာလဲ မရေတွက်နိုင်တော့ဘူး။ ဘယ်တော့မှ နှုတ်အငြိမ်မနေနိုင်တဲ့သူ။ ဒါကြောင့် သားကလေး သမီးကလေးတွေဟာ သူနဲ့မတူကြပါစေနဲ့လို့ ဆုတောင်းရတာပေါ့။ သူနဲ့တူရင် နှုတ်သီးကောင်း ကလေးတွေ ဖြစ်ကုန်မယ်။'

'ဟိုနောက်ဖေးခန်းမှာ နေကြတဲ့ ကိုရွှေနက်တို့လင်မယား

ဟာလဲ သူတို့ သားကလေး သမီးကလေးတွေ ၆ ကောင် အထဲမှာ တစ်ကောင်မှ လှလှပပ မပါဘူး။ မဲမဲနက်နက် ကလေးတွေ ချည်းဘဲ၊ ဘယ်လှနိုင်ပါ့မလဲ။ သူတို့လင်မယား နှစ်ယောက်စလုံးဟာ လှမှ မလှကြတာကိုး။ ဒါတောင်မှ သူတို့သားကလေး သမီးကလေးတွေကို ချစ်လိုက်ကြတာဒို့သားကလေးတွေဟာ ဒင်းတို့သားကလေးတွေ ထက်တော့ အစစအရာရာမှာ သာပြီးသားပေါ့။ သားကလေး သမီးကလေးတွေ ပေါက်မှ အားလုံးကိုခေါ်ပြီး ဒင်းတို့အနားမှာ သွားပြ စားလိုက်အုံးမယ် ဘယ်ကလောက် မနာလိုဖြစ်လိုက်ကြမ လဲလို့။ ဒင်းတို့ မောက်ထား ကြွားထားတာတွေကို ပြန်ချေလိုက် မယ်။'

'သားကလေး သမီးကလေးတွေ ပေါက်လာရင် အစားအစာအတွက်က လိုသေးတယ်။ ဒင်းတို့ဖအေ ကိုလျှာရှည်ကတော့ မပူဘူး။ ကိုယ်ကသာ ပူရပင်ရတာ။ သူကတော့ ပူပင်ရမှန်းမသိ။ အော်ကျယ်အော်ကျယ်နဲ့ လုပ်နေရရင် ကျေနပ်တာဘဲ။ ဒါပေထက် သူကြီးအိမ် တောင်ဘက်က တိုင်အောက်မှာ ခြအုံတစ်အုံ တွေ့ထားတယ်။ ဘယ်သူမှ ခြအုံမှန်း မသိဘူး။ သားကလေးတွေပေါက်မှ သူတို့တတွေနဲ့ သွားပြီး ပျော်ပျော် ပါးပါး ထိုးဆွပေါက်စားရတော့မှာဘဲ။ ဘယ့်ကလောက် ပျော်လိုက်ကြမလဲလို့။ ၃-၄ ရက် စားလို့တောင်ကုန်မှာ မဟုတ်ဘူး။

သူကြီးသား ငသောင်းကလဲ ဖွဲနု၊ ဆန်ကွဲ၊ ဆန်တို့ကို ကျွေးမှာပါဘဲ။ စားရေးသောက်ရေး ကတော့ အေးလောက်ပါပြီ။'

'ဒင်းတို့တတွေ ကြီးပြင်းလာကြရင် အိမ်ထောင်ရေး အတွက်က ရှိသေးတယ်။ ဟိုကိုရွှေနက်တို့ရဲ့ သားသမီးတွေ၊ ကိုရွှေရစ်တို့ရဲ့ သားသမီးတွေနဲ့ သွားပြီး ဆက်မိမှဖြင့် ခက်တော့မှာဘဲ။ ငယ်ငယ်ကတဲက ဆုံးမထားမှတော်မယ်။ ငါတို့ အမျိုးနဲ့ အခြားအမျိုးကို မစပ်ယှက်ရဘူးလို့ ဘိုးဘွားများက မှာထားခဲ့ကြတယ်။ ဒီတော့မှ အမျိုးသန့်မတဲ့။ ဒင်းတို့ဖအေနဲ့ ငါဟာလဲ တခြားမဟုတ်ဖူး။ မောင်နှမချင်းဘဲ။ သို့မှသာ မျိုးကောင်း မျိုးသန့် ကလေးတွေကို ရမယ်။ ငါတို့ သားသမီးကလေးတွေ အထဲက ကိုရွှေနက်၊ ကိုရွှေရစ်တို့ရဲ့ သားသမီးတွေနဲ့ တစ်ကောင်တလေ ဖောက်ပြားရင်တော့ သေခန်းအပြတ်ဘဲ။ အော် ဒီသားကလေးတွေ မြေးကလေးတွေနဲ့ အိုအောင် မင်းအောင် ပေါင်းရ ပါစေ။ သူကြီးမင်း ဦးဖိုးကျော်ဟာလဲ ငါတို့လင်မယားကိုတော့ တော်တော် ခင်မင်ရှာသားဘဲ။ အခု ငါ့ကိုတောင် အိမ်ရှေ့ခန်းမှာ ထားတယ်။ ငါ့သားကလေးတွေ သမီးကလေးတွေကိုလဲ ခင်မှာပါဘဲ။ တခြားကြက်တွေကိုတော့ ရောင်းစားတယ်။ ချက်စားတယ်။ ပေးပစ်တယ်။ ငါတို့တွေကိုတော့ ဒီလိုလုပ်မှာ မဟုတ်ဘူး။'

'ဦးဖိုးကျော်က် အသက် ရာကျော်ရှည်ပါစေ။'

'ငါ့မှာတော့ သားကလေး သမီးကလေးတွေကို ခင်မင်တဲ့အတွက် အစားပျက် အညောင်းခံ ကြိုးစားနေရတယ်။ ဟိုရှေ့မှာ တကုန်းကုန်းနဲ့ အလုပ်လုပ်နေတဲ့ လူဟာ ဘာကြောင့် ဒီကလောက် ကြိုးစားနေရပါလိမ့်မလဲ။ ဒီစာတွေကို ဘာကြောင့် ဒီလောက် ခင်တွယ် နေရပါလိမ့်မလဲ' စသည်ဖြင့် အတွေး ကောင်းလျက် နေလေ၏။ သို့နှင့် မှောင်၍ လာလေ သတည်း။

အော် . . . သံယောဇဉ် ဆိုသည်မှာ အလွန်ခင်တွယ်လှပေ၏ တကား။

ဒဂုန်

၁၉၃၄ မေလ

# သည်နွားသိုးနှယ်

နွားသိုးများသည် ဆိုးဝါးသော သတ္တဝါများ ဖြစ်ကြလေသည်။ သခင်ကို သခင်ဟူ၍မမှတ်ကြ။ သခင့်စကားကို နားမထောင်။ အချက်ထဲကျလျှင် သခင်ကိုအရွဲ့တိုက်လေ့ရှိသည်။ သခင်က အစာကျွေးနေတုံးဖြစ်သော်လည်း၊ နောက်မှနေ၍ဝှေ့လေ့ရှိ၏။ နွားသိုးများ၏စိတ်ကို ဘယ်အခါမျှမယုံရ။ သခင်များသည် လွန်စွာ သတိထားနေကြရလေသည်။ စိတ်ကောင်းသည့်အခါတော်၏။ စိတ်နှင့်အခန့်မသင့်လျှင် သခင်သော အရှင်ကောမရွေး သေသည့်တိုင်အောင်ပင် ဝှေ့လေ့ရှိကြကုန်၏။ နွားသိုးများဝှေ့သောကြောင့် နွားရှင်များသေသည်ကို မကြာမကြာ ကြားသိ

ရလေသည်။ ထို့ကြောင့် ‘နွားသိုးနှင့်မိုး၊ အစိုးမရ’ ဟူ၍ ရှေးလူကြီးတို့စကားပုံ ထားခဲ့ကြဟန်တူလေသည်။ မည်သည့် တိရစ္ဆာန်မဆို၊ မိမိအား ဂရုစိုက်က၊ ကြည့်ရှုကျွေးမွေးသော သခင်တို့ကို ခင်မင်ကြလေသည်။ နွားသိုးများကား မိမိတို့၏ သခင်ကို အနည်းငယ်မျှ ခင်မင်ခြင်းမရှိ။ ကြိမ်လုံးကိုကြောက်သောကြောင့်သာ၊ သခင်၏ ခိုင်းစေရာကို လုပ်ကိုင်နေပေသည်။ နွားသိုးများတွင် အဆိုးဆုံးအမူအရာမှာ၊ မှုံတေတေ အမူအရာ ဖြစ်လေသည်။ မောင်းလိုက်ပေတဲ့ လာချင်မှလာ၏။ ရိုက်လိုက် ပေတဲ့နာချင်မှ နာ၏။ အတော်ပင် ဆိုးလှပေသည်။ မည်သူ့ကိုမှ ဂရုမစိုက်။ မှုံတေတေကြီးရပ်၍ မြင်နေရလျှင်၊ မည်သူသည် ဒေါသမထွက်ပဲ နေအံ့နည်း။ ထို့ပြင် နွားသိုး၏ အနံ့မှာလည်း စိမ်းစိမ်းရွှေရွှေ ညှီစို့စို့နှင့် အလွန်ပင် ဆိုးလေသည်။ ဤမျှ ဆိုးရွားသော နွားသိုးသည် အလုပ်အကိုင်တွင် အစွမ်းသတ္တိ ရှိပါ ၏လော။ မရှိပါ။ လယ်ထွန်ရာတွင် အသုံးပြုလျှင် မှုံတေတေ မရုန်းချင်ရုန်းချင်နှင့် ရုန်း၏။ လှည်းတွင်တပ်မူကား ခရီး သုံးလေးမိုင် သွားလျှင်၊လျှာထွက်အောင်မောတော့၏။ နေပူ လည်းမခံနိုင်။ မိုးရွာလည်း အသုံးမကျ။ နွားသိုးဘက်မှနေ၍ ရှေ့ရှေနေလိုက်ရန် အကြောင်းဘာတစ်ခုမျှ မရှိ။ သို့ဖြစ်သောကြောင့် နွားပိုင်ရှင်များသည် နွားသိုးတို့ကို နွားသိုးဘဝနှင့် ကြာကြာ မထား။ (၄-၅)နှစ် သားလောက် ရလျှင်။

နွားသင်းဘဝသို့ ပြောင်းလိုက်ကြ လေတော့၏။ အကယ်၍ အထက်အဆိုပါ အပြစ်များသာ မရှိပါလျှင် ၎င်းတို့မှာ နွားသိုးဘဝနှင့်ပင် အရိုး ထုတ်ကြပေလိမ့်မည်။

မောင်လူအေးကား နွားဖြင့်အသက်မွေးသူမဟုတ်။ မိမိ အိမ်တွင် နွားတစ်ကောင်မျှလည်း မရှိပေ။ သို့သော် နွားသိုး တစ်ကောင်နှင့်ကား မကြာမကြာရန်ဖြစ် ရလေသည်။ ၎င်းနွားသိုး ၏ပုံပန်းကို အနည်းငယ် ရေးသားရပေမည်။ သူ၏အရောင်မှာ မဖြူမညို နွားပြာဟုဆိုကြစို့၊ ချိုနှစ်ချောင်းမှာ တစ်ထွာခန့် ရှည်ကြ ပေလိမ့်မည်။ အတော်ပင်ကြည့်၍ ကောင်း၏။ မျက်လုံး တစ်ဘက်မှာ ကန်းနေပေသည်။ ခြေတစ်ဘက်ကား ကောင်းစွာ မသန်။ လက်ဝဲဘက်ပေါင်တွင် ဓါးခုတ်ရာတစ်ချက် ရှိလေသည်။ လက်ျာဘက်ပေါင်တွင်ကား အမာဘုကြီးတစ်ခုရှိလေသည်။ ၎င်း နွားမှာနွားသိုးကလဲဖြစ်ပြန်။ အင်္ဂါကလည်း ပျက်ပြန်၊ အင်မတန် မှပင် စိတ်ပျက်စရာ ကောင်းလေသည်။ ဤနွား၏ ပိုင်ရှင်မည်သူ ဟူ၍ မောင်လူအေးနှင့်တကွ အိမ်နားနီးချင်းတို့ မသိရပေ။ အင်္ဂါ ချို့နဲ့အသုံးမကျသော နွားသိုးဖြစ်သောကြောင့် ပိုင်ရှင်များက ဘေးမဲ့ပေးထားဟန် တူလေသည်။

မောင်လူအေး နေထိုင်လျက်ရှိသော အစိုးရအိမ်၏ ဝင်းမှာ

ကျယ်ဝန်းသော်လည်း ခြံမှာကောင်းစွာ မလုံ၊ သွတ်ကြိုးများဖြင့် ဝိုင်းထားသော်လည်း အချို့နေရာမှာ လူခါးသာသာလောက်သာ မြင့်လေသည်။ ၎င်းဝင်းအတွင်း ပန်းပင်အမျိုးမျိုးတို့ကို စိုက်ပျိုး၍ထား၏။ မောင်လူအေးနှင့် ခင်သန်းမြင့်တို့သည် ညနေတိုင်း၊ နံနက်တိုင်း ပန်းခြံထဲလျှောက်ကာ ပန်းပင်များကို အရိပ်တကြည့်ကြည့်နှင့် နေကြကုန်၏။ ပန်းပင်ကလေးများမှာလည်း မိုးရေ၏တန်ခိုးကြောင့် အတော်ပင် စိမ်းစိမ်းလန်းလန်း နေကြလေသည်။

ပန်းပင်ကလေးများပွင့်ခါနီးတွင် ကြောင် မျက်ကန်း နွားသိုးသည် ပေါက်လာပြီးလျှင် ၎င်းပန်းပင်တို့ကို အားရပါးရ ပွဲတော်တည်လေ၏။ ခင်သန်းမြင့်နှင့် မောင်လူအေးတို့၏အသဲကို ကျွဲဝင်၍ခပ်လေပြီ။ အိမ်အတွင်းမှနေ၍ နှစ်ယောက်သား သံပြိုင်အော်ကာ မောင်းကြလေတော့၏။

အကြင်နွားသိုးကား တစ်ချက်မျှစောင်းငဲ့ ကြည့်ပြီးလျှင် စားမြဲတိုင်း ပန်းပင်တို့ကို စားပြန်၏။ မောင်လူအေးက ဒေါသထွက်လေပြီ။ အိမ်ထဲမှ ပြေးထွက်ပြီးလျှင် အုတ်နီခဲနှင့် ပေါက်အံ့ဟု အုတ်နီခဲကိုကောက်၏။ မောင်လူအေး အနီးသို့ရောက်မှ ထွက်ပြေးပြန်၏။ မောင်လူအေးက အုတ်ခဲနှင့် လှမ်း၍ပေါက်ပါ

သော်လည်း မထိ၊ မောင်လူအေးအိမ်ထဲသို့ ပြန်ဝင်လာ၏။ န္တွားသိုးမျက်ကန်းလည်း မောင်လူအေးနောက်မှ ပြန်ဝင်လာပြန်၏။ မောင်လူအေး ဒေါသထွက်သဖြင့် အုတ်ခဲကိုကောက်ခါ လိုက်ပြန်၏။ ထွက်ပြေးပြန်လေသည်။ မောင်လူအေး၏အုတ်ခဲကား နွားသိုး ကိုမမှန်၊ ဝင်းအပြင်သို့ ရောက်သွားသောအခါ မောင်လူအေး ရပ်လိုက်၏။ နွားသိုးကိုယ်တော်မြတ်လည်း ရပ်လိုက်သည်ပင် မောင်လူအေးမခံချင်အောင် တမင်သက်သက် အရွဲ့တိုက်သည်နှင့် တူလေသည်။ မိမိအိမ်ထဲသို့ ပြန်ဝင်လျှင် သူလည်းပြန်ဝင်မည်ကို သိသော မောင်လူအေးသည် ထွန်းဖေ ထွန်းကျင်တို့ကို ခေါ်ပြီးလျှင် အတင်းပြေးလိုက်ကြကုန်၏။ မှီကြသောအခါ အတော်စပ်အောင်ပင် ဆော်လိုက်ကြလေသည်။ စက်ရှင်မင်းကြီး အိမ်လွှန်မှ ပြန်လာခဲ့ ကြ၏။ မောင်လူအေးကား မှုံတေတေနွားသိုးအားဆုံးမလိုက်ရ သောကြောင့် ကျေနပ်ကြီးကျေနပ်ကာ အိမ်ထဲသို့ပြန်ဝင်ခဲ့ လေသတည်း။ ဤမျက်ကန်း နွားသိုးရန်ကို အောင်လေပြီ။

ညသန်းခေါင်ကျော် မောင်လူအေး အိပ်ရာမှ တရေးနိုး သောအခါ အိပ်ခန်းအပြင်ဘက်တွင် ဂွီ-ဂွီ-ဂွီ-ဂွီ ဟူသောအသံ ကို ကြားရလေသည်။ အိမ်တံခါးကို လွန်ပူနှင့်ဖေါက်သော အသံ ပေလောဟု တွေးတောကာ စိုက်၍နားထောင်ကြပြန်၏။ ချောင်း ဟန့်ကြ၏။ ၎င်းအသံကား မပျောက်၊ တံခါးဖွင့်ကြည့်သောအခါ

ဘကြီးသား နွားသိုးမျက်ကန်းမှာ အပြင်ဘက်တွင် ပန်းပင်များကို စိတ်ရှိလက်ရှိ အားရပါးရ စားတော်ခေါ်နေပေ၏။ မောင်လူအေး နှင့် ခင်သန်းမြင့်တို့ ဒေါသကြီးစွာနှင့် အော်ဟစ်ခါမောင်းကြ ကုန်၏။ ဘကြီးသားက တစ်ချက်မော်ကြည့်ပြီး စားမြဲတိုင်းစား နေလေသည်။ အဘယ်ဖြုံ့အံ့နည်း။ ထွက်၍မမောင်းသမျှ၊ သွားမည့်နွား သိုးမဟုတ်။ ထွက်မောင်းရမည်ကလည်း အချိန်မတော်၊ မထွက်ပြန်လျှင်လည်း ပန်းပင်တွေကုန်တော့မည်။ နောက်ဆုံး၌ကား လက်နှိပ်ဓာတ်မီး ကိုရှာ၏။ မတွေ့။ ဘယ်ရောက်နေသည် မသိ။ အိမ်ပြောင်းစဉ်ကပင် ပျောက်သွားဟန် တူလေသည်။ နွားကိုရိုက်ရန် တုတ်ကိုရှာပြန်၏။ တုတ်ကိုလည်း မတွေ့။ သို့သော် ၎င်းနွားသိုး ပန်းပင်များကို အားရပါးရ စားနေသည်ကို မကြည့်နိုင်။ အပြင်သို့ ထွက်ပြီးလျှင် ခဲနှင့် ပေါက်အံ့ဟု မှောင်မှောင်မဲမဲတွင် ခဲကို လိုက်၍ကောက်၏။ လက်ဦးစမ်း လိုက်ရာ၊ ကျောက်ခဲကို မကိုင်မိ။ ဖါးတစ်ကောင်ကို စမ်းမိလေ သဖြင့်၊ ရုတ်တရက် ယောင်အော်ပြီး လွှတ်လိုက်ပါသော်လည်း၊ ဖါး၏သေးကား လုံချည်တွင် စိုသွားလေသည်။ အခြားဘက်တွင် သွား၍ စမ်းတော့မှ ကျောက်ခဲတစ်လုံးကို ရလေသည်။ အားရ ပါးရ ပြေးသွားပြီးလျှင် အားကုန်လွှတ်၍ ပေါက်၏။ တင်ပါးကို ထိလေသည်။ ဖြုန်ပင်မဖြုန်။ အတော်ခေါင်းမာသော နွားသိုးပေတည်း။ မောင်လူအေး

စိတ်အိုက်လျက် နေပြန်၏။ အုတ်ခဲကြီး တစ်လုံးကို ရသဖြင့် အားရပါးရ ပေါက်မည် လုပ်တော့မှ ရှောင်တိမ်း၍ ထွက်ပြေးသွား၏။ မောင်လူအေး အတော်ပင် စိတ် ညစ်၍ သွားလေသည်။

နံနက်စောစော အိပ်ရာမှထသောအခါ အိမ်ခန်းအနီးရှိ ပန်းပင်များမှာ ပြောင်၍နေသည်ကို တွေ့ရသဖြင့် မောင်လူအေး တို့လင်မယားမှာ စိတ်အပျက်ကြီး ပျက်နေကြလေတော့သည်။ မောင်လူအေးနှင့် နွားသိုးမျက်ကန်းတို့မှာ ကမ္ဘာရန်ကြီး ဖြစ်လေ တော့၏။ ညနေရုံးက ပြန်လာပြီးနောက် ဝရန်တာတွင် ခင်သန်းမြင့်နှင့် စကားပြောနေခိုက် ဝင်းခြံအဝင်ဝတွင် ခေါင်း မော်ကာ၊ အိမ်တွင်း၌ လူရှိမရှိကို ကြည့်နေသော နွားသိုး မျက်ကန်း မြင်ကြရလေ၏။ မောင်လူအေး၏ အချက်ပေါ်လေပြီ။ သည်တစ်ခါ နာနာဆော်ရတော့မည်။ နွားသိုး မြင်သွားမည် စိုးသောကြောင့် အသာကလေး ကွယ်ကာနေလိုက် ကြလေသည်။ နွားသိုးလည်း လူလေးပါးကိုမမြင်လျှင် ရဲရင့်စွာ ဟန်ပါပါနှင့် ဝင်းအထဲသို့ ဝင်၍လာလေသည်။

နွားသိုး ဝင်းအတွင်းသို့ ရောက်သောအခါ ထွန်းကျင်၊ ထွန်းဖေတို့ကို အသာခေါ်ပြီးလျှင် နွားထွက်ပြေးနိုင်သော

အပေါက်များကသွား၍ စောင့်နေကြရန် ပြော၏။ ထွန်းဖေတို့လည်း အပေါက်များတွင် တုတ်ကိုယ်စီကိုင်ကာ သွား၍စောင့်နေကြကုန်၏။ နွားသိုးကား မသိရှာပေ။ အပေါက်များ နေရာတကျဖြစ်လျှင် ထွန်းဖေနှေ့ခင်းက ခုတ်ထားသော ဝါးရင်းတုတ်ဆွဲကာ နွားရှိရာသို့ ရိုက်အံ့ဟု ပြေးသွား၏။ အနားသို့ရောက်သောအခါ ဘကြီးသား နွားသိုးသည် ခြံပေါက်ဝသို့ စိုင်း၍ ၎င်းခြံအပေါက်ရှိရာသို့ ပြေး၏။ ထိုအပေါက်တွင် ထွန်းကျင်ကို မြင်ပြန်သဖြင့် ရပ်တန့်၍နေ၏။ မောင်လူအေးလည်း ဒီနွားသိုးကို ဆုံးမရတော့မည်ဟူသော အနေမျိုးနှင့် အကျေနပ်ကြီး ကျေနပ်ခါ တုတ်ကိုမြှောက်၍ပြေးသွား၏။ မောင်လူအေး အနီးသို့ရောက်သည်နှင့် တစ်ပြိုင်နက် တစ်လှမ်းနှစ်လှမ်း ပြေးလိုက်ပြီးလျှင် ကာထားသောသွတ်ကြိုးကို ခုန်ကာ ထွက်သွား၏။ အပြင်သို့ ရောက်လျှင် မောင်လူအေးအား သရော်သောအနေနှင့် မထီလေးစား ကြည့်နေသေး၏။ မောင်လူအေးမှာ မိမိအား နွားသိုးကအရူးလုပ်သွားသောကြောင့် မခံချိမခံသာ ဖြစ်နေလေပြီ။ ထွန်းဖေတို့အားအလိုက်ခိုင်းမှ ထွက်ပြေးသွားတော့သတည်း။ ဤအကြိမ်လည်း နွားသိုးက မောင်လူအေးကို နိုင်သွားပြန်၏။

ညနေက နွားသိုးကို လိုက်ရသည့်အတွက် ခပ်မောမောနှင့် အိပ်ရာဝင်သောကြောင့် မပြောတတ်။ တစ်ညလုံး တစ်ရေးမျှ မနိုး

တော့ပြီ။ နံနက်အိပ်ရာမှထ၍ တံခါးဖွင့်လိုက်သောအခါ အိမ်ရှေ့ ဘိနပ်ချွတ်တွင် နွားချေးပုံကြီး သုံးပုံကို တွေ့မြင်ရရုံ မျှမက အိမ်ဝင်းအတွင်းရှိ ပန်းပင်များလည်း တစ်ပင်မျှမကျန်တော့ပြီ။ မောင်လူအေးမှာ လက်မှိုင်ချကာ နွားသိုးမျက်ကန်းအား အရှုံးပေး လိုက်ရ လေတော့သတည်း။ ဤနွားသိုး၏ ရန်ကိုကြောက်လှ သောကြောင့် နောက်လည်း ပန်းပင်များကို ထပ်၍ မစိုက်ဝံ့ တော့ပြီ။

ဒဂုန်

၁၉၃၅ အောက်တိုဘာလ

# ကြောင်ကလေးသုံးကောင်

မောင်လူအေးသည် ကြောင်၊ ခွေး၊ ကြက်တူရွေး၊ သာလိကာ၊ ပွေး၊ ယုန်၊ ခို၊ ကြက်၊ ဝမ်းဘဲ အစရှိသော အိမ်တွင်အလှမွေးလေ့ ရှိကြသည့် တိရစ္ဆာန်များကို ခင်မင်လေ့မရှိ။ မိမိအိမ်တွင် မွေးထားရန် မဆိုထားဘိ။ သူတကာအိမ်တွင် မွေးထားသည်ကိုပင် စိတ်ရှုပ်လှလေပြီ။ မိမိဝန်ထောက်ဖြစ်ကာစက အိမ်တွင် ကြွက်များနှောင့်ယှက်လွန်းသဖြင့် ကြောင်မကြီး တစ်ကောင်ကို မွေးခဲ့ဘူး၏။ ထိုကြောင်မကြီးက ပေါက်ပွားသော

ကြောင်ကလေးများကို ခင်မင်ခဲ့ဖူး၏။သို့ရာတွင်ထိုမြို့မှ ပြောင်းရွှေ့ ရသောအခါတွင် စိတ်ရှုပ်လှသောကြောင့် မိတ်ဆွေများအား ပေထားခဲ့လေသည်။ ထိုအခါမှစ၍ မောင်လူအေး၏အိမ်တွင် မည်သည့်တိရစ္ဆာန်မျိုးမှ မရှိချေ။

ဤနေရာ၌ ခင်သန်းမြင့်သည် မောင်လူအေးနှင့် သဘောချင်းမတူ ကြောင်မြင်လျှင် ကျွေးထားချင်၏ ခွေးလှလှကလေးများကိုမြင်လျှင် ခေါ်ထားချင်၏။ ကြက်တူရွေး၊ သာလိကာ၊ ကလေးများကိုမြင်လျှင် မွေးထားချင်၏။ သို့သော် မောင်လူအေးက ကန့်ကွက်လှသောကြောင့် အသာကြည့်၍ နေရရှာလေသည်။ ဤအကြောင်းနှင့် ပတ်သက်၍ လင်မယားနှစ်ယောက် မကြာမကြာ အငြင်းပွားခဲ့ဘူးလေပြီ။

တစ်ရံခါသော် မောင်လူအေးတို့အိမ် မီးဖိုချောင်အနီးသို့ ကြောင်နက်မကြီး တစ်ကောင်ပေါက်၍ လာလေသည်။ ၎င်းကြောင်မကြီးကား အလွန်ရိုင်းသော ကြောင်မကြီးဖြစ်၏။ မီးဖိုထဲမှ စွန့်ပစ်လိုက်သော ထမင်းကျန်၊ ဟင်းကျန်တို့ကို ကောက်စားပြီးလျှင် အိမ်တောင်ဘက် ဝါးရုံကြားထဲသို့ ဝင်သွားလေ့ ရှိလေသည်။ မည်သူအားမျှ အနားအကပ်မခံချေ။ ၎င်း ကြောင်မကြီးသည် တောကြောင်နှင့် ခပ်ဆင်ဆင် တူနေလေတော့၏ ထွန်းဖေတို့

လင်မယား မကြာမကြာ ချော့၍ဖမ်းကြ၏ မရ၊ မကြာမကြာ ဝိုင်း၍ဖမ်းကြ၏ မမိ။

တစ်ခုသောနံနက်ခင်းတွင် မောင်လူအေးသည် စာရေးစားပွဲ၌ စာရေးသားနေခိုက် အိမ်တောင်ဘက်ဝါးရုံကြားထဲမှ ကြောင်သားကလေးများ၏ အော်သံကိုကြားရ၏ မောင်လူအေး ၏စိတ်ထဲတွင် ထူးဆန်းသည်ဟု ထင်မှတ်သောကြောင့် ဝါးရုံအနားသို့သွား၍ စုံစမ်းကြည့်ရှုသောအခါ အိမ်ကြွက်သာသာခန့်ရှိသော ကြောင်သားကလေး သုံးကောင်ကို တွေ့ရလေသည်။ နှစ်ကောင်ကား အဖြူနှင့်အနက် အကျားကလေးများ ဖြစ်ကြ၏၊ ကျန်တစ်ကောင် ကား အနက်ကလေးဖြစ်လေသည်။ ထိုအခါကား ကြောင်မကြီး အစာရှာထွက်နေသောအခါပေတည်း။ မောင်လူအေး ၎င်းတို့ အနားသို့ ရောက်သွားသောအခါ ကြောင်ကလေးသုံးကောင်မှာ ကြောက်လှသောကြောင့် ဝါးရုံအောက်တွင် ပေါက်နေသော ဆူး ချုံကလေးအကြားတွင် ကုပ်လျက်နေကြကုန်၏။

၎င်းကြောင်ကလေး သုံးကောင်ကို မြင်လျှင်မြင်ချင်းပင် မောင်လူအေး၏ စိတ်အတွင်း ချစ်ခင်ခြင်းစိတ်ထားမှာ ကြီးမားစွာ ပေါ်ပေါက်၍ လာတော့၏။ ဤသို့ ချစ်ခင်သောစိတ်ထား ပေါ်ပေါက်လာသည် နှင့်တစ်ပြိုင်နက် ကြောင်ကလေးသုံးကောင်

အား ဖမ်းလေတော့သတည်း။ ကြောင်ကလေးသုံးကောင်မှာ လွတ်အောင် မပြေးနိုင်ကြသောကြောင့် မာန်သွင်းကာ ကုပ်ခံ လျက်နေကြကုန်၏။ ၎င်းတို့၏အနားသို့ မောင်လူအေး၏လက် ရောက်သွားသည် နှင့်တစ်ပြိုင်နက် အမွေးများကို ထောင်ကာ ရှူးကနဲ၊ ရှူးကနဲနှင့် လုပ်ကြ၏။ မောင်လူအေး၏လက်လည်း ႔ရွံ၍၊႔ရွံ၍ သွားလေတော့၏။ ဤအခိုက်တွင် ကြောင်မကြီးပေါက် ၍လာပြီးလျှင် မကြေမနပ်သော မျက်နှာထားဖြင့် မောင်လူအေး အား စိုက်၍ ကြည့်နေရှာလေသည်။ သို့သော် အနားသို့ကား မကပ်ဝံ့ရှာပေ။

ကြောင်ကလေး သုံးကောင်နှင့် မောင်လူအေး တို့သာလျှင် စစ်ခင်းနေကြကုန်၏။ မောင်လူအေးကလည်း အလျှော့မပေး။ ကြောင်ကလေးများကလည်း အရှုံးမခံ။ အင်မတန် ခက်၍နေလေ ပြီ။ မောင်လူအေးမှာ မရလျှင်မနေဟူသော ဇွဲနပဲ။ ကြောင် ကလေးများကလည်း အတင်းအကြပ် ခုခံကြရရှာလေသည်။ နောက်ဆုံးတွင်ကား ကြောင်ကလေးများမှာ ကုတ်ရင်း၊ အော်ရင်း၊ ခုခံရင်းနှင့်ပင် မောင်လူအေး၏လက်တွင်း သို့သက်ဆင်း ကျ ရောက်ကြရ ရှာလေသတည်း။

ကြောင်ကလေးသုံးကောင် မိမိလက်တွင်းသို့ ရောက်လျှင်

ပိုက်ခါ အိမ်သို့ပြန်ခဲ့၏။ ကြောင်မကြီးကား နေမထိ ထိုင်မတတ် ဖြစ်နေလေတော့ပြီ။ မောင်လူအေးအနားလည်း မကပ်ဝံ့။ မောင်လူအေး မျက်ခြေပြတ်သွားမည်ကိုလည်းစိုး။ မလှမ်းမကမ်း မှလိုက်၍ လာခဲ့၏။ အိမ်သို့ရောက်လျှင် ကြောင်ကလေးသုံးကောင် အား ဘုရားခန်းထဲတွင် လှောင်၍ထားခဲ့၏။ အထွက်၊ အဝင်တံခါး များကို ပိတ်၍ထားသော်လည်း ပြတင်းပေါက်များ ကိုကား ဖွင့်၍ ထားလေသည်။ ကြောင်ကလေးသုံးကောင်က အခန်းထဲမှအော်၊ ကြောင်မကြီးက အပြင်ဘက်မှနေ၍ အသံပေး။ ဆူညံ၍နေလေပြီ။ မောင်လူအေးကား စာရေးလျက်သာနေ၏။

အတန်ကြာလျှင် ကြောင်အော်သံများ ပျောက်၍သွားလေ သည်။ အကြောင်းကိုသိလိုသောကြောင့် တံခါးကို အသာလှစ်၍ ကြည့်၏။ လား-လား-ကြောင်မကြီး အခန်းတွင်းသို့ ရောက်နေ လေပြီ။ ပြတင်းပေါက်မှ ကျော်တက်ဟန်တူ၏။ ကြောင်ကလေး သုံးကောင်လည်း တိုးဝှေ့ကာ နို့စို့နေကြကုန်၏။ ကြောင်မကြီး ကား သားကလေးများကို လျှာဖြင့်လျက်ပေးနေလေသည်။ "ရင် သွေးဟူက ချစ်မဝ" ပါတကား။ မောင်လူအေးလည်း တံခါးကို အသာစေ့ပြီး မိမိ၏စာရေးစားပွဲတွင် ပြန်၍ထိုင်၏။

ကြောင်ကလေးသုံးကောင်နှင့် မောင်လူအေးတို့ အချင်းဖြစ်

နေသောအချိန်တွင်ကား ခင်သန်းမြင့်သည် မိတ်ဆွေတစ်ယောက် အိမ်သို့ အလည်သွားခိုက်ဖြစ်ပေ၏။ ထို့ကြောင့် ဤအဖြစ် အပျက်ကို ခင်သန်းမြင့် အနည်းငယ်မျှမသိပေ။ ညနေ (၆)နာရီ ခန့်အချိန်တွင် ခင်သန်းမြင့် ဘုရားခန်းသို့ဝင်၍ ရေလဲသောအခါ အလွန်လှပ ချစ်စရာကောင်းသော ကြောင်ကလေးသုံးကောင်နှင့် ကြောင်မကြီး တို့ကို မြင်ရလေလျှင် မပြောပြနိုင်လောက်အောင် ဝမ်းမြောက်၍ သွား၏။ ကြောင်မကြီးကား ခင်သန်းမြင့်ကို မြင် လျှင် ကြောက်ရွံ့လှ သဖြင့် ပြတင်းပေါက်မှ ခုန်ထွက်သွားလေ သတည်း။ ကြောင်က လေးသုံးကောင်သာလျှင် အခန်းထောင့် တွင်ကွေးလျက် နေကြကုန်၏။ ခင်သန်းမြင့်သည် ၎င်းကြောင် ကလေးများအား မိမိ၏လက်ဖြင့် အသာ၊ အသာ ပွတ်ပေး ပြီးလျှင် ပီတိဖြစ်လျှက် နေတော့၏။ ဤသို့ အတန်ကြာအောင် ပွတ်ပေးပြီး ကြောင်ကလေး များအိပ်ရန် အဝတ်စုတ်များကို ယူခဲ့ ပေ၏။ ကြောင်ကလေး၊ ငှက်ကလေး များကိုချစ်တတ်သော ခင်သန်းမြင့်ကား အဘယ်မှာလျှင် ဝမ်းမမြောက်ဘဲ နေပါအံ့နည်း။ ယခင်ကပင် ငှက်ကလေး၊ ကြောင်ကလေး၊ ခွေးကလေးများကို အိမ်တွင် မွေးထားချင်သော ဆန္ဒရှိ၏။ မောင်လူအေးက သဘောမတူ ရှုပ် သည်ဟူ၍ ပြောသောကြောင့်သာ မမွေးဘဲ နေရရှာပေသည်။ ယခုကဲ့သို့ ရေကန်အသင့်၊ ကြာအသင့် တွေ့ မြင်နေရသောအခါ ဝမ်းမမြောက်ဘဲ အဘယ်မှာ နေနိုင်ပါ အံ့နည်း။ သို့သော်

မောင်လူအေး ဘုရားခန်းထဲသို့ဝင်၍ ကြောင်ကလေးများကိုမြင်လျှင် အသို့ဆိုအံ့နည်း။ ရှုပ်သည်ဟူ၍ဆိုကာ အိမ်နားနီးချင်းတို့အား ပေးလိုက်မှာကို စိုးရိမ်ရလေသည်။ အသို့လုပ်ရအံ့နည်းဟု အတန်ကြာအောင် စဉ်းစားခန်းထုတ်၏။ နောက်ဆုံးတွင် အကြံကောင်းတစ်ခုကို ရလေသည်။ ရသည့်အတိုင်းလည်း နောက်ဖေးခန်းမှ မဂ္ဂဇင်းအဟောင်းများ ထည့်ထားသော သေတ္တာမှာ ဘုရားခန်းထောင့်ထဲသို့ ရောက်ရှာပေ၏။ ၎င်းသေတ္တာဖြင့် ကြောင်ကလေးများကို ကွယ်၍ ထားလေသည်။ မောင်လူအေး အဘယ်မှာလျှင် မြင်နိုင်တော့ အံ့နည်း။ ဤသို့ဆောင်ရွက်ပြီးနောက် ခင်သန်းမြင့်မှာ အကျေနပ်ကြီးကျေနပ်နေတော့၏။ ထိုအချိန်တွင် မောင်လူအေး ညနေ လမ်းလျှောက်ထွက်နေသောကြောင့် ခင်သန်းမြင့် ထင်သလို စီမံနိုင်ခြင်းဖြစ်လေသည်။

ထိုညတွင် မောင်လူအေးသည် ဘုရားဝတ်ပြုရန် ဘုရားခန်းထဲသို့ ခါတိုင်းထက်စောစောဝင်၏။ ဘုရားဝတ်ပြုချင်သောစိတ်ထက် ကြောင်ကလေးများကို မြင်ချင်သောစိတ်က ပိုမိုကြီးမား နေဟန်တူလေသည်။ မောင်လူအေး ဘုရားခန်းထဲသို့ ဝင်သွား သောအခါ ခင်သန်းမြင့်စိတ်ထဲတွင် တထိတ်ထိတ်နှင့်နေ၏။ ဘုရားခန်းထဲရောက်၍ ကြောင်ကလေးများကို မဂ္ဂဇင်းသေတ္တာ ဖြင့် ကွယ်ထားသည်ကိုမြင်လျှင် ခင်သန်းမြင့်၏

အကြံမှန်း သိသဖြင့် တစ်ယောက်တည်း ပြုံးရယ်မိလေသည်။ ဘုရားကို ဝတ်မပြုမီ ကြောင်ကလေးများကို ပွတ်သပ်ပေးသေး၏။ ထို့နောက်မှ ဘုရားဝတ်ပြုလေသည်။ ဘုရားခန်းထဲမှ ထွက်လာသောအခါ ခင်သန်းမြင့်အားနောက်အဲ့ဟု မျက်နှာကို အတည်ထားပြီးလျှင် မဂ္ဂဇင်းသေတ္တာမှာ အဘယ်ကြောင့် နောက်ဖေးခန်းမှဘုရားခန်း ထဲသို့ ရောက်နေသနည်းဟု မေး၏။ နောက်ဖေးခန်းတွင် ခြများစိုးရိမ်ရသောကြောင့် ဘုရားခန်းထဲတွင် ထား ရကြောင်း ပြန်၍ ဖြေလေသည်။ သို့နှင့် စကားပြတ်သွားလေသတည်း။

ထိုနေ့မှအစပြု၍ရက်ပေါင်းများစွာပင်ကြောင်ကလေးများနှင့် မောင်လူအေးတို့လင်မယားမှာ အလုပ်ရှုပ်လျက်နေတော့၏။ ကြောင်မကြီး၏ အလုပ်ရှုပ်ခြင်းကလည်း တစ်မျိုး။ မောင်လူအေးရုံးသို့သွားလျှင် ခင်သန်းမြင့်သည် ဘုရားခန်း ထဲသို့ ဝင်ပြီးလျှင် ကြောင်ကလေးများနှင့် ကစား၏။ ခင်သန်းမြင့် ရေချိုးသနပ်ခါးလိမ်းနေသောအခါ အပြင်ဘက်သို့ ကိစ္စရှိ၍ ထွက်သွားသောအခါများတွင် မောင်လူအေးသည် ဘုရားခန်းထဲသို့ ဝင်ပြီးလျှင် ကြောင်ကလေးများဖြင့် ဆော့၏။ မောင်လူအေးနှင့် ခင်သန်းမြင့်တို့ ဘုရားခန်းထဲတွင် မရှိသောအခါ ကြောင်မကြီးမှာ ပြတင်း

ပေါက်မှ ကျော်တက်ပြီးလျှင် ကြောင်ကလေးများကို နှိုတိုက်၏။

သို့နှင့် ကြောင်ကလေးများ ဘုရားခန်းထဲသို့ ရောက်သည်မှာ တစ်လခန့် ကြာခဲ့လေပြီ။ ကြောင်မကြီးလည်း အတော်ပင်ယဉ်ပါး လာလေပြီ။ ကြောင်ကလေးများကို နို့တိုက်နေခိုက်ခင်သန်းမြင့်တို့ အခန်းထဲသို့ ဝင်လာသော်လည်း ထွက်၍မပြေးတော့ပြီ။ ကြောင်ကလေးများမှာလည်း ထွားထွားကျိုင်းကျိုင်းကစားတတ်တုံး အရွယ်အလွန်ချစ်စဘွယ် ကောင်းလှပေ၏။ကြောင်မကြီးရော ခင်သန်းမြင့်ပါ မောင်လူအေးတို့မှာ အကြေနပ်ကြီးကြေနပ် နေလေတော့သတည်း။

တစ်နေ့သော် မောင်လူအေး အခြားနယ်သို့ ရွှေပြောင်းရမည် ဟူသော စာတစ်စောင်ကို အစိုးရမင်းထံမှ ရလေသည်။ဤသို့ ပြောင်းရွှေ့ရမည်ကိစ္စထဲတွင် ကြောင်ကလေးများ၏သံယောဇဉ် ကတစ်ဘက်။ ခင်သန်းမြင့်မှာ ကြောင်ကလေးများကိုမိတ်ဆွေတို့ အားလည်း မပေးထားရက်။ ပြောင်းရွှေ့ရာအရပ်သို့ယူသွား ရမှာကလည်း မောင်လူအေးက ဂျီးထူမည်ဆိုလျှင် အခက်။မောင်လူအေးလည်း ဤကြောင်ကလေးများအတွက် စိတ်ရှုတ်လျှက်နေ၏။ မိမိမှာ ကြောင်များ၊ ခွေးများကို မနှစ်သက်သူဖြစ်သောကြောင့် ၎င်းကြောင်ကလေးများကို ခင်သန်းမြင့်က

မိတ်ဆွေတို့အား ပေးခဲ့မည်ကို စိုးရိမ်မကင်း ဖြစ်မိပေ၏။ အကယ်၍ မိမိကိုယ်တိုင်ကပင် ကြောင်ကလေးများကို ယူခဲ့ရန် ခိုင်းပြန်ပါကလည်း တစ်လကျော်ကျော် ဟန်ဆောင်လာသမျှ သဲရေကျ ဖြစ်ရတော့မည်။ ခင်သန်းမြင့်၏ အပြောကိုသာ စောင့်စား၍ နေလေတော့သတည်း။

နောက်ဆုံး ပြောင်းရွှေ့ရမည့်နေ့ ကျသောအခါတွင် ခင်သန်းမြင့်မှာ ကြောင်ကလေးများနှင့် အမေကြီးကိုပါ မထားခဲ့ရက်သောကြောင့် ခြင်းတောင်းကလေးအတွင်း ထည့်၍ထားလေ၏။ မောင်လူအေးမြင်လျှင် ဝမ်းသာ၍မဆုံးတော့ပြီ။ သို့သော် မျက်နှာကို အတည်ထားကာ ဘယ်ကကြောင်ကလေးတွေလဲ တယ်ရှုတ်တာကိုးဟု ဆိုလိုက်၏။ ခင်သန်းမြင့်က အညှံ့မခံဘဲ ကိုက ဘာသိလို့လဲ အခုသွားနေရမဲ့အိမ်မှာ ကြွက်အင်မတန် ပေါတယ်လို့ဆိုတယ်။ ကြောင်မရှိရင် ဘယ့်နှယ့်လုပ်မလဲ ရှုတ်ချင်ရှုတ် အဝတ်ကောင်း၊ အစားကောင်းတွေကိုတော့ ကြွက်အကိုက်မခံနိုင်ပေါင်။

(လူအေး) အေး-ကောင်းပြီ ယူချင်ယူ။ နောက်တော့သာ ကြောင်ချေးနံ့မနံပါစေနဲ့။

ကြောင်ကလေးသုံးကောင်တို့၏ ရာဇဝင် ဤတွင် အဆုံးသတ်၏။

ဒဂုန်

၁၉၃၅ ဒီဇင်ဘာ

# မြင်းပွဲ

ဤမြင်းပွဲကား ရန်ကုန်မြို့တွင် စနေနေ့တိုင်း ကျင်းပနေသော မြင်းပွဲမဟုတ်ပါ။ အထက်အညာ ဗိုလ်တဲတစ်ခု၏ ဝင်းအတွင်း ကျင်းပနေသော မြင်းပွဲ ဖြစ်လေသည်။

ဖောင်တော်ဦး ဘုရားပွဲတွင် မြင်းအမြောက်အမြား ရောက်မည်ဟူ၍ ကြားသောကြောင့် မြင်းတစ်ကောင်ကို ဝယ်အံ့ဟု မောင်လူအေးသည် နေအိမ်မှ ထွက်လာပြီးလျှင် ဖောင်တော်ဦး ဘုရားနှင့် မနီးမဝေးတွင် တည်ရှိသော ဗိုလ်တဲ၌ စခန်းချလျက်နေ၏။ ဖောင်တော်ဦးဘုရားတွင် လူစည်ကားသည်ကိုဎင်း၊ မောင်လူအေး မြင်းကောင်းတစ်စီးရသည်ကိုဎင်း၊ မရှုစိမ့်နိုင်သော သိကြားမင်းနှင့် မိုးနတ်သားတို့သည် ဖောင်တော်ဦးဘုရားပွဲ

ကျင်းပသော အချိန်တွင် မိုးကြီး သည်းထန်စွာ ရွာသွန်းစေ၏။ သိကြားမင်းနှင့် မိုးနတ်သားတို့၏ ပယောဂကြောင့် ဘုရားပွဲကြီးလည်းပျက်၊ မောင်လူအေးလည်း ဘုရားပွဲသို့ မရောက်ဘဲ ရှိနေခဲ့လေ၏။

ဘုရားပွဲကြီး ပျက်စီး၍သွားသော်လည်း ဘုရားပွဲကျခါမှ ရောင်းအံ့ဟု ခဲ၍ထားကြကုန်သော မြင်းပိုင်ရှင်တို့ကား အဘယ်မှာလျှင် စိတ်ပျက်အံ့နည်း။ ဘုရားပွဲသို့ လာမြဲတိုင်း လာကြကုန်၏။ ဘုရားပွဲတွင် လူမရှိကြောင်းကို သိကြသော အခါကျမှ စိတ်ပျက်ကာ အနီးအနားရွာများတွင် စခန်းချလျက် မြင်းဝယ်လို သူတို့၏သတင်း နားစွင့်ကာ နားထောင် နေကြလေသည်။

ဤသို့ နားစွင့်ကာ နားထောင် နေကြသော မြင်းရှင်များ၏ နားသို့ မောင်လူအေး မြင်းဝယ်လိုသည်ဟူသော သတင်းသည် အဘယ်နည်းဖြင့် ရောက်သွားသည်မသိ။ ရောက်၍ကားသွားပေသည်။ မောင်လူအေးသည် နံနက်စောစော ကာဖီသောက်ပြီး၍ ဗိုလ်တဲဝရန်တာတွင် သတင်းစာတစ်စောင်ကို ဖတ်နေခိုက် မြင်းသုံးစီးဖြင့် လူသုံးယောက် ပေါက်လာကြကုန်၏။ အစိုးရကိစ္စနှင့် ပတ်သက်၍ လျှောက်ရန် ရှိသောကြောင့် လာကြသည် ထင်သဖြင့် သတင်းစာကိုဖတ်ရင်း စောင့်စားနေ၏။ အတန်ကလေး ကြာလျှင်

ဇီးဖြူပင် သူကြီးမင်းနှင့် လူသုံးလေးယောက် မြင်းကိုယ်စီနှင့် ပေါက်၍လာကြပြန်၏။ သူကြီးမင်း မိမိနှင့်တွေ့ချင်သောကြောင့် လာသည်ထင်၍ ဗိုလ်တဲပေါ်သို့ သူကြီးမင်း တက်အလာကိုသာ စောင့်စားရင်း သတင်းစာကို ဆက်၍ဖတ်နေပြန်၏။ မကြာမီ မြင်းဆယ်စီးခန့်နှင့် လူဆယ်ယောက် ပေါက်၍လာပြန်၏။သူတို့ အထဲတွင် ဆင်နက်ကျွန်း သူကြီးမင်း ဦးဘသစ် လည်းပါလာလေသည်။

အလို-သည်လူတွေ ဘာကိစ္စတွေနှင့် လာကြပါလိမ့်။ ဧကန္တ မြင်းရောင်းရန် လာကြဟန် တူလေသည်။ မည်သူမျှလည်း ဗိုလ်တဲအပေါ်သို့ တက်မလာ။ သူတို့တက်မလာလျှင် ငါဆင်းမှ တော်တော့မည်ဟု စိတ်ကူးကာ ဗိုလ်တဲအောက်ထပ်သို့ဆင်း၍ သွား၏။

ဗိုလ်တဲအောက်ထပ်သို့ ရောက်လေသော် ဝင်းအတွင်း မြင်းဖြူ၊ မြင်းနီ၊ မြင်းနက်မှစ၍ အရောင်အမျိုးမျိုး အရွယ် အမျိုးမျိုးတို့နှင့် ပြည့်လျက်နေသည်ကို တွေ့မြင်ရ၏။ ဆင်နက် ကျွန်းသူကြီး ဦးဘသစ်နှင့် စကားပြောနေခိုက် မြင်းနီတစ်ကောင်ကို စီးလျက်ရောက်လာသူကား မြို့ပိုင်ကလေး ဦးဘဟန် ဖြစ်လေသည်။ သူ့နောက်မှလည်း မြင်းဖြူရှင် နှစ်ဦး၊ သုံးဦး ပါလာသေး၏။

ဦးဘဟန်ကား အညာသား ဖြစ်သောကြောင့် မြင်းကျမ်း အတော်အတန်ကျေသူ ဖြစ်လေသည်။ အညာမှာ မြင်းပေါသောကြောင့်တည်း။ အကယ်၍ မောင်လူအေး မြင်းကောင်းကို ဝယ်မိက တော်၏။ မြင်းဆိုးကို ဝယ်မိက ခက်ချေတော့မည်။ ဤသို့တွေးတောမိသည့် အတိုင်း မောင်လူအေး မြင်းမဝယ်ခင် အရောက် ပြေးလာခြင်းပင် ဖြစ်လေသည်။ ဝမ်းလည်းမြောက်၊ ကျေးဇူးလည်း တင်စရာပေပ။ ထိုထက် မကသေး၊ မိမိထက် အဆအရာအထောင်မက မြင်းကျမ်းကျေသူ မြင်းပွဲစား ဦးဘိုးသာကိုလည်း ခေါ်ခဲ့ပေသေးသည်။ ဤမျှ မြင်းကျမ်း ကျေသူ ပုဂ္ဂိုလ်ကြီးများ ရှိပါလျက် မောင်လူအေး မြင်းဆိုးကို ဝယ်မိသည် ရှိသော် မောင်လူအေး ကံခေသောကြောင့်သာ ဖြစ်ရမည်။

မောင်လူအေးနှင့် မြို့ပိုင်ကလေး ဦးဘဟန်တို့ စကားကောင်းနေကြခိုက် မြင်းရှင် အပေါင်းတို့မှာ ငြိမ်သက်စွာ စောင့်စား၍ နေကြလေသည်။ ထိုသူတို့ စောင့်စားနေကြ၍ အတန်ကလေးကြာခါမှ မြင်းပွဲကြီး စလေတော့သတည်း။

ဤမြင်းပွဲကြီးမှာ ရန်ကုန်မြင်းပွဲတို့ထက် ကောင်းမကောင်းကို ချင့်ချိန်ကြပါကုန်။

လက်ဦးဆုံး မြင်းဖြူမတစ်ကောင်ကို အစီးခိုင်း၏။ မြန်မာကုံးနှီးနှင့်ကကြိုးတန်ဆာ အစိမ်းရောင်များကား အလွန်မှပင် လှပကြပေသည်။ မြင်းရှင်မှာလည်း မင်းသားကြီးကဲ့သို့ ခေါင်းပေါင်းပေါင်းထားသောကြောင့် မြင်းနှင့်မြင်းရှင် အလွန်မှပင် ပန်ရလျက် နေကြလေသည်။ ထိုမြင်းရှင်သည် မိမိ၏မြင်းကို ဗိုလ်တဲပတ်ကာ အကြိမ်ပေါင်းများစွာ စီး၍ပြရှာ၏။ အခြားမြင်းရှင်တို့ကား ထိုမြင်းကို အသေအချာ စိုက်ကြည့်သူက ကြည့်။ အနီးအနားတွင်ရှိသူအား တီးတိုးစကား ပြောသူကပြော။ မောင်လူအေး နှင့် ဦးဘဟန်တို့၏ မျက်နှာကဲကို ခတ်သူက ခတ်လျက်နေကြကုန်၏။ မောင်လူအေးကား မြင်းကောင်းသည် မကောင်းသည်ကို မကြည့်နိုင်။ မြင်းပေါ်မှ လူမှာ ရုပ်သေးထဲက မင်းသားကြီး မြင်းစီးသည်နှင့် တူသည်ကိုသာလျှင် သဘောကျလျက် နေလေသတည်း။ နောက်ဆုံးတွင် မြင်းလည်းမော၊ လူလည်းမော၊ ချွေးတလုံးလုံးနှင့် နေကြတော့မှ မောင်လူအေးက အရပ်ခိုင်းလေသည်။ မြင်းပေါ်မှ လူဆင်းလိုက်သောအခါ မြို့ပိုင်ကလေး ဦးဘဟန်က သည်မြင်းမ နောက်ခြေကောင်းကောင်း မသန်ဟု မှတ်ချက်ချ၏။ မြင်းရှင်ခမျာမှာ မျက်နှာပျက်၍ သွားလေသည်။ သို့သော် မည်သို့မျှမဆို။

နောက်တစ်ကောင်ကို အစီးခိုင်းပြန်၏။ ဤအကြိမ်ကား မြင်းနက်ကြီး ဖြစ်လေသည်။ လှကလှပါဘိသနှင့်။ ဝလိုက်သည်မှာလည်း လုံးလျက်နေလေသည်။ ကကြိုးတန်ဆာများမှာ ပန်းရောင်၊ အထူးကြည့်၍ ကောင်း၏။ မြင်းရှင်ကလည်း ရှမ်းဘောင်းဘီအပြာကို ဝတ်ထား၏။ ရှမ်းဦးထုပ်အပြာကိုလည်း ဆောင်းလိုက်သေး။ အသက်ကလည်း ခပ်ငယ်ငယ်။ မောင်လူအေး၏ စိတ်ထဲတွင် ရုပ်ရှင်မင်းသား မောင်ဘတင့် ဗိုလ်ဝလို ဝတ်စားထားသည်ကို မြင်ယောင်ယောင် နေလေသည်။ ထို ဗိုလ်ဝနှင့် မြင်းနက်ကြီးတို့လည်း ဗိုလ်တဲကို အကြိမ်ပေါင်း များစွာ ပတ်ခဲ့လေပြီ။ မောင်လူအေး၏ မျက်စိထဲတွင် ကြည့်၍ ကောင်းတုန်းပင်။ နောက်ဆုံး အတော်မောသောအခါကျမှ အရပ် ခိုင်းတော့၏။

မောင်လူအေး ထိုမြင်းနက်ကြီးကို သဘောကျလေပြီ။ "နေပါဦး နေပါဦး။ သေချာကြည့်ပါဦး" ဟုဆိုကာ ဦးဘဟန် သည် မြင်းကို အသေအချာ ကြည့်လေသည်။ နောက်ဆုံးတွင် ထိုမြင်း၌ သူကောင်ဆွဲ ဗွေပါသည်ဟု မှတ်ချက်ချလေသည်။ ထိုဗွေကား လူကိုခိုက်တတ်လေသည်။ မောင်လူအေး အဘယ်မှာ လျှင် မြင်းနက်ကြီးကို ဝယ်ဝံ့တော့အံ့နည်း။ မြင်းရှင်ကား မကျေ မနပ်။ ချွေးများကို သုတ်နေရှာ၏။

ထို့နောက် တစ်ကောင်ကို အစီးခိုင်းပြန်၏။ ထိုမြင်းကား မြင်းနီမကြီး ဖြစ်လေသည်။ ထွားထွားကျိုင်းကျိုင်း။ လည်ဆံ ဖားဖားနှင့် ယခင်ကမြင်းများထက်ပင် လှပပေသေးသည်။ ဤ မြင်းတွင် ထူးခြားသော အချက်ကား ကုံးနှီးမပါခြင်း ပင်တည်း။ မြင်းရှင်သည် မိမိ၏မြင်းကို ကုံးနှီးမပါဘဲ စီး၍ပြ၏။ ဆိုလိုရင်း ကား ကုံးနှီးမပါဘဲ ငြိမ်ငြိမ်စီး၍ရလျှင် ကုံးနှီးပါလေက အဘယ် ဆိုဖွယ်ရာ ရှိတော့အံ့နည်းဟူသော ဆိုလိုရင်းပင် ဖြစ်လေသည်။

မြင်းကိုချည်း မကြည့်ပါနှင့်ဦး။ မြင်းရှင်ကိုလည်း သတိထား ၍ကြည့်ကြပါ။ ပါးစပ်တွင် သွားတစ်ချောင်းမျှမရှိ။ အသက်ကား ၄၀-ကျော်သာ ရှိသေးသည်။ မျက်မှန်ကိုလည်း တပ်ထားလေ သေးသည်။ ဦးခေါင်းက ပြောင်ရသည့်အထဲ မျက်နှာသုတ်ပဝါကို လည်မှာ ပတ်ထားပြန်၏။ ထိုမြင်းဆရာ ဂိုက်ကျကျ ဟန်ပါပါ မိမိ၏မြင်းပေါ်တွင် ထိုင်နေသည်မှာ ကဏ္ဍိက၏ဆရာ မောင်ဆန် နှင့် ခပ်ဆင်ဆင် တူပေလိမ့်မည်။ မြင်းပေါ်က စီးသောကြောင့် သာ မောင်ဆန်ဟူ၍ အတပ်မဆွဲနိုင်။ အကယ်၍သာ မြင်း၏ အမြီးကို ဆွဲလိုက်မည်ဖြစ်မူ မောင်ဆန်ဟူ၍ လူတကာက ခေါ်မည် ဖြစ်လေသည်။ မောင်ဆန်ကို ကြည့်ရသည်နှင့်ပင် မြင်းကို မကြည့်နိုင်တော့ပြီ။ မြင်းပြိုင်ပွဲကြီးကို ကြည့်နေကြသူတို့ လည်း မောင်ဆန်ကိုကြည့်ကာ တဟားဟား တဝါးဝါးနှင့် နေကြကုန်၏။

မောင်ဆန်သည်ရင်း၊ မြင်းသည်ရင်း၊ မည်သူ့အားမျှ ဂရုမစိုက်။ မိမိတို့၏ တာဝန်ကိုသာလျှင် ကျေပွန်အောင် ထမ်းဆောင်သွား ကြလေသည်။ နောက်ဆုံး အတော်မောသွားကြသောအခါကျမှ ရပ်လိုက်ကြ၏။ မောင်ဆန် မြင်းပေါ်မှ ဆင်းလိုက်သည်နှင့်တစ်ပြိုင်နက် ဦးဘဟန် မြင်းအနားသို့ သွားပြီး လျှင် မြင်းကိုအသေအချာ စုံစမ်းလေသည်။ နောက်ဆုံးတွင် ဤမြင်း၌ ဗွေသင်ဖြူးခင်း ရှိသည်ဟူ၍ မှတ်ချက်ချ၏။ ဤဗွေလည်း ဗွေဆိုးပင်။ မောင်လူအေး မဝယ်ဝံ့။ ကဏ္ဍိကနှင့် မောင်ဆန်တို့ ဗိုလ်တဲဝင်းအတွင်းမှ မကျေမနပ် ထွက်သွားကြ လေသတည်း။

ထို့နောက် တစ်ကောင်ကို အစီးခိုင်း ပြန်၏။ ဤမြင်းကား ဖောင်းဝတ် ဖြစ်လေသည်။ အတော်ပင် ကြွားသော မြင်းဖြစ်၏။ အပြေးလည်း နေရာကျ။ လှလည်းလှ။ ဆတ်လည်းဆတ်၊ ရှိုးပုံ လည်းပေါ်၊ မောင်လူအေး အတော်ပင် သဘောကျလေသည်။ ထိုမြင်းကို ဝယ်ရန် ဆုံးဖြတ်လိုက်၏။ အကြောင်းကို ဦးဘဟန် အားပြောကြားပြီးလျှင် ဈေးအဆစ်ခိုင်းလေသည်။ ဦးဘဟန် သည် မြင်း၏အဖိုးကို မစုံစမ်းမီ မြင်းကိုစစ်ဆေးပြန်၏။ ဗွေဆိုး တစ်ခုမျှမပါ။ နေရာကျပြီ။ ဝယ်ရန်သာ လိုတော့၏။ ဈေးတည့် ပါက မောင်လူအေး၏မြင်း ဖြစ်တော့မည်။

သို့သော် နေပါဦး။ မြင်းပွဲစား ဦးဘိုးသာအား ပြဦးမှနေရာကျမည်။ ဦးဘိုးသာအား မြင်းကိုပြ၏။ ဦးဘိုးသာလည်း မြင်းကို အသေအချာ စစ်ဆေးပြီးလျှင် ထိုမြင်း၌ ဖွေမျက်ရည်သုတ် ရှိသည်ဟု မှတ်ချက်ချ၏။ ဖွေမျက်ရည်သုတ်ပါသော မြင်းကား သခင်ကို ခိုက်တတ်၏။ ကောင်းပြီ။ မောင်လူအေး မဝယ်ဝံ့။

ထို့နောက် တစ်ကောင်ကို အစီးခိုင်းပြန်၏။ ထိုမြင်းလည်း ပြေးပုံ၊ လွှားပုံ၊ ခုန်ပုံ၊ ပေါက်ပုံ အလွန်နေရာကျလေသည်။ ဘာမျှဆိုစရာမရှိ။ လှလည်း လှလေသည်။ ဝလည်း ဝလေသည်။ ကြွားလည်း ကြွားလေသည်။ အသွားလည်း ကောင်းလေသည်။ ဤမြင်းထက်သာသောမြင်းကား ကဏ္ဍာိကတစ်စီးသာရှိတော့မည်။ မောင်လူအေးလည်း သဘောကျ။ ဦးဘဟန်လည်း သဘောကျ။ သို့သော် ဦးဘိုးသာက သဘောမကျချေ။ ထိုမြင်းတွင် ဖွေသန်လျက် ပါလေသည်။ ဤဖွေလည်း ဖွေဆိုးဖြစ်၏။ မောင်လူအေး မဝယ်ချင်။

ထို့နောက် မြင်းတစ်ကောင်ပြီးလျှင် တစ်ကောင်ကို အစီး ခိုင်း၏။ မြင်းကောင်းချည်း ဖြစ်လေသည်။ သို့ရာတွင် မြင်းတိုင်း တွင် ဖွေဆိုး တစ်မျိုးမျိုး ပါသည်ချည်း ဖြစ်လေသည်။ မြင်း ၃၀ အနက် တစ်ကောင်မျှ ဖွေဆိုး မလွတ်။ အကယ်၍သာ ဖွေဆိုးများ

ကို ရှောင်နေမည်ဖြစ်မှု မောင်လူအေးသည် အဘယ်နံ့ရောအခါ ကာလမှ မြင်းပိုင်ရှင် တစ်ယောက် ဖြစ်ပါတော့အံ့နည်း။

ဒဂုန်

၁၉၃၆ ဇန်နဝါရီလ

# ဒင်းတို့နှစ်ကောင်

မောင်လူအေးမှာ စာရေးစားပွဲတွင် အမှုတွဲတွေနှင့် အလုပ် များလျက် နေလေသည်။ ဒင်းတို့နှစ်ကောင်ကား ဘာမျှမသိ၊ ဘာမျှ နားမလည်၊ မောင်လူအေး စာရေးနေရာ စားပွဲအနီးတွင် ကိုက်တမ်းလိုက်တမ်း ကစားနေကြကုန်၏။ အချိန်ကား ကိုးနာရီ ခန့် ရှိပေလိမ့်မည်။

ဒင်းတို့နှစ်ကောင် ဆိုရာ၌ အာမိတ်နှင့် လွေဖော ခေါ်သော ချင်းခွေးကလေး နှစ်ကောင်တို့ကို ဆိုလို၏။ အာမိတ်၊ လွေဖော

ဟူသော အမည်တို့မှာ အဓိပ္ပါယ်မရှိသော ရုဋ္ဌီအမည်မဟုတ်။ အဓိပ္ပါယ်ရှိသော နိမိတ္တက အနွတ္ထ အမည်များ ဖြစ်ကြလေသည်။ အာမိတ် ဆိုသည်မှာ စည်တုတ္တရာနယ် ဝတ်ကြီးရွာသူကြီးအပိုင် ချင်းရွာကလေး တစ်ရွာ၏ အမည်ဖြစ်၏။ လွေဇော ဆိုသည်မှာ လည်း ထိုနည်းတူ ချင်းရွာကလေးတစ်ရွာ၏ အမည်ဖြစ်လေ သည်။ ထိုချင်းရွာကလေးများသို့ နယ်လှည့်ထွက်ရာတွင် တောင်းယူခဲ့သော ချင်းခွေးကလေးများ ဖြစ်ကြသောကြောင့် ထိုရွာကလေးများ၏ အမည်ကိုစွဲ၍ ပေးထားသော အမည်များ ပေတည်း။

ဒင်းတို့ကို တောင်းခဲ့စဉ်က အာမိတ်မှာ ဆယ်လက်မခန့် သာမြင့်၍ လွေဇောမှာ ခြောက်လက်မခန့်သာ မြင့်ပေလိမ့်မည်။ ပုလုကွေးလွေး ငယ်ငယ်ကလေးများ ဖြစ်ကြကုန်၏။ အာမိတ်မှာ နှစ်လသား။ လွေဇောကား တစ်လကျော်ကျော်၊ တစ်လခွဲသမီး ခန့် ရှိပေလိမ့်မည်။ ယခုကား အာမိတ်မှာ ခွေးပျိုကြီးဖားဖား။ လွေဇောမှာ ခွေးမတမ်းမကြီးဖားဖား ဖြစ်နေကြလေပြီ။ ငယ်ရုပ် တွေ ပျောက်ပြီးလျှင် ကြီးရုပ်တွေ ရောက်နေကြလေပြီ။

သူတို့၏ အသွေးအမွေးကို ရေးသားရန် လိုပေသေး၏။ အာမိတ်၏အသွေးမှာ အညိုရောင်၊ လွေဇော၏အသွေးကား အညို ရောင်တွင် အဖြူကွက်များ ရှိ၏။ ထိပ်တွင် ကြာကလေးနှင့်

တစ်မျိုးကြည့်၍ ကောင်းလေသည်။ အာမိတ်မှာ အမွေးဖားဖား။ လေ့ဇောကား အမွေးမဖား။ အမြီးသာလျှင် ဖွားဖွားကြီးနေ၏။ အာမိတ်မှာ နားရွက်ကုပ်ကုပ်၊ မျက်နှာဝိုင်းဝိုင်း၊ လေ့ဇောကား မျက်နှာသွယ်သွယ်၊ နားရွက်ထောင်ထောင်၊ ဝက်ဝံမျက်နှာနှင့် ခပ်ဆင်ဆင်တူ၏။ ဒင်းတို့နှစ်ကောင်မှာ မည်သည့်နေရာ တစ်ကွက်မျှ မတူကြပေ။

အကျင့်စာရိတ္တ၊ သဘောထားများလည်း တစ်ကောင်နှင့် တစ်ကောင် ဆန့်ကျင်ဘက်ကြီး ဖြစ်နေကြသည်ကို တွေ့မြင်ရ၏။ အာမိတ်သည် ကြောက်တတ်၏။ သဘောကောင်း၏။ သို့သော် စိတ်အနည်းငယ် တိုလေသည်။ လေ့ဇောကား သတ္တိရှိ၏။ ခေါင်းမာ၏။ ဇွဲကောင်း၏။

အာမိတ်မှာ တစ်ခုခုလန့်စရာ၊ ကြောက်စရာရှိလျှင် သခင့်အနားကမခွါ၊ အမြီးကိုသာလျှင် ကုပ်၍ ထားလေတော့သည်။ ပိုးကောင်ကလေးကို မြင်လျှင်လည်း လန့်တော့၏။ ခွေးကြီးများအဝေးတွင် အချင်းချင်း ကိုက်နေကြသည်ကို မြင်လျှင်လည်း လန့်လေတော့၏။ တံခါးပိတ်သံကြားလျှင်လည်း လန့်တော့၏။ လေ့ဇောကား ဤသို့မဟုတ်။ ဘာကိုမျှ မကြောက်။ သေနတ်သံကိုပင် အမှုမထား။ ဂရုမစိုက်။ မတုန်မလှုပ်ချေ။

ဇွဲကောင်းခြင်းတွင် လွှေဇော၏ ခြေဖျားပင် အာမိတ်မမှီ။ ကြောက်တတ်သူသည် ဇွဲကောင်းခဲ၏။ အာမိတ်အား ခေါ်လိုက်လျှင် ငေါက်ခနဲထလာပြီးလျှင် သခင်၏အနီး၌ထိုင်၏။ တစ်ခွန်း ခေါ်၍ မလာသည်ရှိသော် တစ်ချက်ငေါက်ရုံနှင့် လာလေတော့သည်။ လွှေဇောကား ဤသို့မဟုတ်။ ခေါ်လိုက်ပေမယ့် သူစိတ်လိုမှ လာလေသည်။ သူစိတ်မလိုလျှင် မည်သို့ပင် ချော့၍ခေါ်စေကာ၊ မည်သို့ပင် ငေါက်၍ခေါ်စေကာ နေရာမှမထ။ ခေါ်သူကို အဖက်ပင်မလုပ်။ နောက်ဆုံးတွင် ခေါ်သောသူ၊ ငေါက်သောသူတို့က လက်လျှော့ကြရလေသည်။

အာမိတ်အား ရိုက်သည်ကို မဆိုထားဘိ၊ ကြိမ်လုံးဖြင့် ရွယ်သည်ကိုပင် ကြောက်ရှာလွန်း၍ ပြားပြားဝပ်နေဘိ၏။ လွှေဇော ကား မည်သို့ပင် အရိုက်ခံရစေကာမူ အမှုပင်မထား။ ဖြုန်ပင် မဖြုန်။ အာမိတ်အား တစ်ချက်ရိုက်လိုက်ရုံနှင့် အော်၍မဆုံးတော့ပြီ။ လွှေဇောအား ကြိမ်လုံးဖြင့် ဆယ်ချက်ပင်ဆက်၍ ဆော်စေကာမူ အော်မည်ဝေးစွ အသံပင်မထွက်။ ကြိတ်၍သာ ခံလေသည်။

ဒင်းတို့နှစ်ကောင်တွင် အခြားထူးခြားသည့် အချက်များပင် ရှိသေး၏။ အာမိတ်သည် စိတ်မှတ်မရှိ။ သူ့အား ရိုက်လိုက်၊

ငေါက်လိုက်သော်လည်း ထိုရိုက်လိုက် ငေါက်လိုက်သောသူတို့ အား ဒေါသမထွက် ရန်ငြိုးမထား၊ ချက်ချင်းပင် စိတ်ပြေ၍ သွား၏။ အခုရိုက် အခုပင်ခေါ်လိုက်သော် အမြီးကလေးကို နန့်ကာ နန့်ကာ ချစ်ခင်သော အမူအရာနှင့် ထိုရိုက်သောသူ၏ အနားသို့ လာရှာပေသည်။ စိတ်ထဲတွင် ဒေါသကို မြဲမြဲစွဲစွဲ မထားပေ။ လွေဇောကား ဤသို့မဟုတ်။ သူ့အား ရိုက်လိုက်၊ ငေါက်လိုက် သောသူအား တော်တော်နှင့် အခဲမကျေ။ တစ်ရက် နှစ်ရက် တိုင်အောင် ထိုရိုက်သောသူ၏အနားသို့ မကပ်တော့ပြီ။ မည်သို့ ပင်ခေါ်ခေါ် အရေးပင်မလုပ်၊ စိတ်မှတ်ကြီးလေသည်။

အာမိတ်မှာ သတ္တိကြောင်သူ ဖြစ်လေရကား အိမ် ဝင်းအတွင်းမှ အပြင်သို့ မထွက်ဝံ့ချေ။ ဝင်းအပြင်ဖက်တွင် သွားလာနေ ကြသော လူများ၊ ခွေးများ၊ နွားများကို ကြောက် ရွံ့ရှာပေသည်။ လွေဇောကား မည်သူ့ကိုမျှ ဂရုမစိုက်။ အချက်ရလျှင် အပြင်အပ သို့ထွက်သည်သာတည်း။ မြင်မြင်သမျှကို ဟောင်လေ တော့၏။ မောင်လူအေးတို့၏ အလစ်တွင် လွေဇောက ခေါင်း ဆောင်သောကြောင့် ခမျာအာမိတ်ကြီးမှာ အိမ်ဝင်းအပြင်ဖက်သို့ မထွက်ဝံ့ ထွက်ဝံ့နှင့် ထွက်ရှာ၏။ မောင်လူအေးတို့ မြင်သွားလျှင် အိမ်ဝင်း အတွင်းသို့ ပြေးဝင်ကာ ကြောက်ရှာလွန်း၍ မျက်နှာချိုသွေး

လေတော့သည်။ သူ့အား မောင်လူအေးတို့ အဘယ်ရိုက်ရက်တော့အံ့နည်း။ လွှဖောကား မောင်လူအေးတို့ကို မြင်သော်လည်း အမှုမထား။ ခေါ်သော်လည်း မလာ။ ငေါက်သော်လည်း မရ။ ထွန်းဖေတို့သွားဖမ်းတော့မှ တန်းလန်းတန်းလန်းနှင့် ပါလာတော့၏။ မောင်လူအေးတို့က စိတ်ဆိုးဆိုးနှင့် ရိုက်သော်လည်း ငုံ့၍ သာ ခံလေသည်။ အတော်ခေါင်းမာသော ခွေးမကလေးပေတည်း။ အာမိတ်မှာ အသက်လည်းကြီး။ အရွယ်လည်းကြီး သောကြောင့် ခေါင်းဆောင်စရာရှိလျှင် သူသာခေါင်းဆောင်ရန် သင့်၏။ ယခုကား သူ့ထက်အသက်လည်းငယ်၊ အရွယ်လည်းသေးသော လွှဖော၏ ခေါင်းဆောင်ရာကို လိုက်နာရရှာ၏။ သတ္တိကြောင်သူတို့၏ ဓမ္မတာပေတည်း။

အာမိတ်သည် သခင်ကိုခင်တွယ်၏။ သခင်မရှိလျှင် နေမထိ ထိုင်မတတ်ဖြစ်၏။ သခင်သွားလျှင် လိုက်ချင်သောကြောင့် ဆူညံစွာ အော်ဟစ်လေ့ ရှိလေသည်။ မောင်လူအေး ရုံးမှ ပြန်သောအခါ၊ တောမှပြန်သောအခါများတွင် ခရီးဦးကြိုပြု၏။ ဝမ်းသာလှသောကြောင့် ခုန်ပေါက်ကာ သခင်၏ အပေါ်သို့ တွယ်၍တက်လေ့ရှိ၏။ လွှဖောကား သခင်မည်သို့ပင်သွားသွား ဂရုမစိုက်။

နေအိမ်ဝင်းအတွင်းသို့ လူစိမ်းများဝင်လာလျှင် အာမိတ်မကြိုက်၊ ဟောင်လေတော့၏။ လေ့ဗောကား ဤသို့မဟုတ်။ မည်သူ့ကိုမဆို ခရီးဦးကြိုပြုကာ ဝမ်းသာသော အမူအရာကိုပြ၏။ အိမ်ထဲဝင်လာသောသူ၏ ခြေလက်တို့ကို လျှာဖြင့်လျက် ကာချစ်ခင်သော အမူအရာကိုပြ၏။ အာမိတ်ကား ဟောင်၍မဆုံးတော့ပြီ။

အာမိတ်သည် သိက္ခာရှိ၏။ လေ့ဗောကား သိက္ခာမရှိ။ အာမိတ်သည် အိမ်ပေါ်မှာသာလျှင် အနေများ၏။ လူအနားမှ ခွါလေ့မရှိ။ ဝင်းအတွင်း ပြေးလွှားကစားသော်လည်း မကြာမီ မှာပင် ပြန်၍တက်လာလေ့ရှိ၏။ လေ့ဗောကား အိမ်အောက်သို့ ဆင်းရသည်နှင့်တစ်ပြိုင်နက် မီးဖိုချောင်သို့ ရောက်သွား၏။ ထွန်းဖေတို့ ရိုက်၍ လွှတ်လည်းမရ။

စားသောက်ရာတွင် အာမိတ်မှာ ဣန္ဒြေရရ စားသောက်လေ့ ရှိ၏။ လေ့ဗောကား ဣန္ဒြေအနည်းငယ်မျှမရှိ။ သူတို့ အသီးသီး အတွက် ဇလုံကလေး တစ်ခုစီနှင့် ထမင်းကျွေး၏။ ကျွေးသည်နှင့်တစ်ပြိုင်နက် လေ့ဗောမှာ ကတိုက်ကရိုက် ပျာရိပျာရာနှင့်ရှိသမျှသော ဟင်းတို့ကို ကုန်အောင် စားသောက်လိုက်လေတော့၏။ အာမိတ်မှာမူကား ဟို

လှည့်သည်လှည့်နှင့်ပင် စ၍မစား သောက်ရသေးပေ။ လွှဇောသည် မိမိ၏ဇလုံထဲမှ ဟင်းဖတ် များကို စားသောက်ပြီးသည် နှင့်တစ်ပြိုင်နက် အာမိတ်၏ ဇလုံထဲမှ ဟင်းဖတ်များကို သွား၍နှိုက်ပြန်၏။ အာမိတ်မှာ စိတ်ကောင်း နေသည့်အခါ အနှိုက်ခံ၏။ စိတ်တိုနေသည့်အခါ ကိုက်၍ လွှတ်လေ့ရှိလေသည်။ ဤသို့ အာမိတ်သည် လွှဇော၏ နိုင်ထက်စီးနင်းပြုခြင်းကို မခံရလေအောင် မောင်လူအေးမှာ အမြဲ လွှဇောအား တားဆီးရလေသည်။

ညစာ စားသောက်ပြီးကြလျှင် မောင်လူအေးတို့နှင့် အတူတူ အိမ်အပေါ်ထပ်သို့ တက်ကာ နှစ်ကောင်သား ခုန်ပေါက်ပြေးလွှားကာ တပြုန်းပြုန်းနှင့် နေကြလေတော့၏။ ကိုက်တမ်းလည်း ကစားလေ့ ရှိကြလေသည်။ အာမိတ် ကိုက်သောအခါ ညှာညှာတာတာ ဖြည်းညင်းစွာ ကိုက်လေ့ရှိ၏။ လွှဇောကိုက်သောအခါ မူကား တအားကုန်ကိုက်သောကြောင့် အာမိတ်ခမျာ အလွန်နာရှာ လေသည်။ အော်မှသာ လွှတ်လိုက်လေ့ရှိ၏။ ဤသို့ ကစားကြသောအခါများတွင် အာမိတ်မှာ လွှဇောအား အမြဲအရှုံးပေး ရရှာ၏။ အာမိတ်ကြီးသည် လွှဇောအပေါ်၌ အလွန်သည်းခံ ရှာပေသည်။

နေ့လယ်တွင် တစ်နေ့လုံး သိုးအောင် အိပ်လေ့ ရှိကြလေသည်။ အာမိတ်၏ အမွေးမှာ သိုးမွေးကဲ့သို့ ထူထပ်နေသောကြောင့် ပူတုန်းအိုက်တုန်းအခါတွင် အတော်ပင် နေမတတ်ထိုင်မတတ် ဖြစ်၏။ ပူလွန်းမက ပူသောအခါ ခင်သန်းမြင့်သနပ်ခါးလိမ်းရာ နေရာသို့ သွားပြီးလျှင် သနပ်ခါးသွေးရန်ထားသော ရေပန်းကန်ကို မှောက်၍ပစ်လေသည်။ ကြမ်းပေါ်တွင် ရေစိုသွားသောအခါကျမှ ထိုနေရာတွင် ထိုး၍အိပ်လေတော့သတည်း။ အာမိတ်ကပေမယ့် ဉာဏ်အကောင်းသား။ သို့သော်သူ့ရေပန်းကန်ကို မှောက်ရမလားဟု ခင်သန်းမြင့်က ဒေါ်ဖောင်းသောအခါ အာမိတ်ကြီးခမျာမှာ နေစရာမရှိတော့ပြီ။ သေတ္တာကြိုသေတ္တာကြားထဲ ဝင်ကာပုန်း၊ မောင်လူအေး၏ ခြေကြားထဲဝင်ပုန်းနှင့် သနားစရာ ကောင်းလှ၏။

အာမိတ်မှာ ဣန္ဒြေသိက္ခာရှိပြီးလျှင် ရိုးသားသောကြောင့်မောင်လူအေး၏ အချစ်တော်ဖြစ်၏။ ခင်သန်းမြင့်ကမူကားလွှဲဇောခွေးဆိုးမကလေးကို အာမိတ်ထက်ပို၍ ချစ်လေသည်။ ဆိုးသောကြောင့် ပို၍ချစ်သည်ဟုဆို၏။ သားသမီးရှိကြသောမိဖတို့မှာလည်း ဤနည်းအတိုင်းပင် ဖြစ်လေသည်။ တေပေသောသားသမီးတို့အား မိခင်လုပ်သူတို့က ပိုမို၍ချစ်ခင်လေ့ရှိ၏။

ရိုးသားဖြောင့်မတ်၍ ကောင်းမွန်သော သားသမီးတို့ကိုမူကား ဖခင်က ပိုမို၍ ချစ်ခင်လေသည်။ မိခင်တို့သည် ဖခင်တို့ထက် သနားတတ်သော စိတ်ထား ပိုမိုကြီးမားသောကြောင့် ဖြစ်ဟန် တူ၏။

မောင်လူအေး ထမင်းကျွေးသောအခါ အာမိတ်၏ ဇလုံထဲတွင် ဟင်းကို ပိုမို၍ထည့်၏။ ခင်သန်းမြင့် ကျွေးသော အခါမူကား လွှဲဇော၏ဇလုံထဲတွင် ဟင်းဖတ် ပိုမို၍များလေ သည်။ မေတ္တာရှိရာ ဟင်းဖတ်ပါခြင်းပေတည်း။

ဤချင်းခွေးကလေး နှစ်ကောင်တို့၏ ပုံပန်းသဏ္ဌာန် အကျင့်သိက္ခာတို့ အကြောင်းကို သိကြရလေပြီ။ ထိုနှစ်ကောင် အနက် တစ်ကောင်ကောင်ကို ပေးမည်ဆိုလျှင် ဤဆောင်းပါးကို ဖတ်သူ သည် မည်သူကို ယူမည်နည်း။

ဂန္ထလောက

၁၉၃၆ နိုဝင်ဘာလ

# အချစ်မီး

အာမိတ်နှင့် လေ့ဗောတို့ကို ချင်းတောင်မှ ယူဆောင်ခဲ့သည်မှာ ကိုးလကျော် ဆယ်လနီးလာလေပြီ။ ထိုကိုးလကျော်ဆယ်လနီးပါးအတွင်း ၎င်းတို့ ၂-ကောင်မှာ ဘာမျှ အပူအပင် မရှိ။ စားချိန်တန် စားရ။ သောက်ချိန်တန် သောက်ရ။ ကစား ချိန်တန် ကစားရ။ အိပ်ချိန်တန် အိပ်ရ။ အပျော်ကြီးပျော်ခဲ့ကြ လေပြီ။ မည်သူဘာဖြစ်ဖြစ် ၎င်းတို့တပဲသားမျှ ဂရုမစိုက်ကြချေ။ သူတို့ကဲ့သို့ လွတ်လပ်သော စိတ်မျိုး။ သူတို့ကဲ့သို့ ပျော်ရွှင်သော စိတ်မျိုး။ သူတို့ကဲ့သို့ အပူအပင်ကင်းသောစိတ်မျိုးကို လိုချင်စမ်းပါဘိတော့ဟု မောင်လူအေးက ခင်သန်းမြင့်အား ခဏခဏ ပြောကြားဖူး၏။

ယခုကား အာမိတ်နှင့် လွေဇောတို့သည် ယခင်ကကဲ့သို့ အပူအပင် မကင်းကြတော့ပြီ။ ၎င်းတို့နှလုံးသားအတွင်း အချစ်မီး ကဝင်၍ တောက်နေလေပြီ။ ပျော်ရွှင်ခြင်း ကင်းနေကြလေပြီ။ ပူပင်သောကများ ရောက်နေကြလေပြီ။ ယခင်က ဖြတ်ဖြတ် လတ်လတ်-ပြေးလွှား ကစားလေ့ရှိသော မလွေဇောမှာ ယခုအခါ ခွေကာယိုင်နေလေပြီ။ မောင်အာမိတ်ကား မလွေဇောလောက် မဖြစ်။ အဖိုတို့သည် အမတို့ထက် အချစ်၏ လောင်ကျွမ်းခြင်း ကို ပိုမိုသည်းခံနိုင်ကြောင်း ထင်ရှား၏။

လွေဇော၏အချစ်ကို သိမ်းကြုံးကာယူလိုက်သူကား အာမိတ် မဟုတ်ချေ။ မောင်လူအေးတို့၏ အိမ်နောက်ဖေး အစေခံတန်း လျားတွင် ခိုကပ်ကာစားနေသော ခွေးနက်ကြီး ဖြစ်လေ သည်။ ထိုခွေးနက်ကြီးမှာ အာမိတ်လောက် အဘယ်မှာလှပါ အံ့နည်း။ သို့သော် အာမိတ်ထက် ခွန်အားဗလသန်စွမ်း၏။ အကင်း ပါး၏။ အဆွယ်ကောင်း၏။ ထို့ကြောင့် ထိုခွေးနက်ကြီးအပေါ် တွင် လွေဇော မေတ္တာပုံလိုက်ဟန် တူလေသည်။

ဤကဲ့သို့ ပါလရာ ခွေးနက်ကြီးနှင့် လွေဇောတို့ ချစ်ကြိုက် ကြ၍ မကြာမီပင် ထိုအကြောင်း ခင်သန်းမြင့်၏ နားသို့ ပေါက်သွားလေ၏။ ခင်သန်းမြင့်မှာ များစွာ မကြေမနပ် ဖြစ်လေ

တော့၏။ မိမိဂရုစိုက်ကာ ကောင်းစွာကျွေးမွေး ပြုစုထားသော လွေဖောသည် အုတ်ကြားမြက်ပေါက် ကလေကလွင့် ပါလရာ ခွေးကြီးနှင့် အဘယ်ကြောင့် သွား၍ကြိုက်ရပါသနည်း။ လွေဖော ကိုလည်း ဒေါသထွက်။ ခွေးနက်ကြီးကိုလည်း မျက်မာန်ပွား လျက်နေ၏။ ခွေးနက်ကြီး အိမ်နားမကပ်ဝံ့အောင် စျေးထဲမှ ဗျောက်အိုးများကို ဝယ်ကာဖေါက်၏။ ခမျာ ခွေးနက်ကြီးမှာ ဗျောက်အိုးသံကြားလျှင် ကြောက်လွန်းလှသောကြောင့် သေပြေး ရှင်ပြေး ပြေးရှာ၏။ သို့သော် ဝေးဝေးသို့ မသွားနိုင်ရှာ။ အချစ်တည်းဟူသော ဓါတ်ငွေ့က လှုံ့ဆော်သောကြောင့် ကြောက် ကြောက်နှင့်ပင်၊ ခင်သန်းမြင့်အလစ်တွင် အိမ်အောက်မှ လာ၍ ခြောင်းရှာ၏။ လွေဖောခမျာမှာလည်း ခင်သန်းမြင့်က အခန်း တစ်ခန်းထဲတွင် လှောင်ထားသောကြောင့် နေမထိ ထိုင်မတတ်၊ ဟိုဘက်ပြေးလိုက် သည်ဘက်ပြေးလိုက်၊ အော်လိုက် ဟစ်လိုက် နှင့် မောင်တော် ခွေးနက်ကြီးအား အသံ ပေးရှာလေသည်။ လွေဖော၏အသံကို ကြားရသော ခွေးနက်ကြီးမှာ အိမ်အောက် ဘက်တွင် မနေတတ်တော့ပြီ။ ဝင်းခြံထဲ ပတ်၍ ပြေးလိုက်- လှေခါးအောက်မှ လာမြှော်လိုက်နှင့် ဖြစ်နေရှာ ပေ၏။ သို့သော် ခင်သန်းမြင့်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် တင်ပါးနှင့်ဖဝါး တသားတည်းကျအောင် ပြေးလေတော့ သတည်း။ ဗျောက်အိုးကို ကြောက်ပေသကိုး။

ဤကဲ့သို့ အခန်းထဲတွင် လှောင်ထားသောကြောင့် မိမိ၏ အသက်ဘူးခွေးနက်ကြီးနှင့် မတွေ့ရသောအခါ လွှဖောမှာ ခွေကာယိုင်၊ လက်မှိုင်ချရှာ၏။ အစာကျွေးလည်း မစားတော့ပြီ။ လဘက်ရည် ကာဖီတိုက်လည်း မသောက်တော့ပြီ။ ယခင်က ကဲ့သို့ အာမိတ်နှင့်လည်း မကစားတော့ပြီ။ လွှမ်းနာကျကာ ကြမ်းပြင်တွင် လှဲ၍ နေရှာတော့၏။ လွှဖော၏ အဖြစ်အပျက် ကိုမြင်ရသောအခါ အာမိတ်မှာလည်း ယခင်ကကဲ့သို့ မရွှင်ပြတော့ပြီ။ ယခင်ကကဲ့သို့ လွှဖောအား သွား၍ မစတော့ပြီ။ သူလည်း တမှိုင်မှိုင်နှင့် နေတော့၏။ အာမိတ် မှိုင်သည်မှာ လွှဖောအတွက် ချည်းမဟုတ်၊ သူ့အတွက်လည်း ပါလေသည်။ သူလည်း အိမ်နောက်ဖေး စစ်တန်းထဲမှ ခွေးမိန်းမကလေး တစ်ကောင်နှင့် ရည်းစား ဖြစ်နေလေသည်။ ခင်သန်းမြင့်က သဘော မတူ။ လွှဖောနှင့် အာမိတ်တို့ ကံတူအကျိုးပေး နေကြလေပြီ။

ဤသို့ လွှမ်းနာကျ၍ သုံးလေးရက်ကြာသော် လွှဖောမှာ အတော်ပင် ပိန်ခြုံး၍သွား၏။ လွှဖော၏ အဖြစ်အပျက်ကို မြင်သောအခါ၊ ခင်သန်းမြင့် သနားစပြုလာ၏။ သို့သော် ခွေးနက်ကြီးနှင့်ကား မည်သည့်နည်းနှင့်မျှ သဘောမတူနိုင်။ အကြံကောင်းတစ်ခု ရလာသည့်အတိုင်း လွှဖောနှင့်အာမိတ် တို့ကို

သံကြိုးတစ်ချောင်းတည်းနှင့်ချည်ကာ ဝင်းအတွင်းတွင် လွှတ်၍ထား၏။ လွေဇောက တရားခံ၊ အာမိတ်ကား တရားခံကို ဖမ်းလာသော ပုလိပ်နှင့်တူလှပေသည်။ အိမ်အောက်သို့ လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် လွေဇောက နောက်ဖေး တန်းလျားခွေးနက်ကြီး ရှိရာသို့ ပြေးလေ၏။ အာမိတ်က ပေကပ်ကပ် လုပ်ကာလှဲအိပ်လိုက်လေသည်။ လွေဇော တန်းလျားသို့ မရောက်နိုင်။ ခွေးနက်ကြီးလည်း မောင်လူအေးတို့အိမ်နားသို့ မကပ်ဝံ့ရှာပေ။ တစ်ခါတစ်ခါ အာမိတ်ကပါ အလိုတူအလိုပါ လွေဇောနှင့်အတူ အစေခံတန်းလျားသို့ ပြေးသည်ဖြစ်အံ့၊ ခင်သန်းမြင့်က အိမ်ပေါ်မှနေ၍ ငေါက်လိုက်လျှင်၊ အာမိတ်ကြီး မှာမနေဝံ့။ အိမ်ဘက်သို့ ငေါက်ခနဲကွေ့၍ ပြန်လာရှာ၏။ လွေဇောကား ရှုန်းကန်ရုန်းကန်နှင့် လိုက်ပါရလေသည်။ တရားခံကို ပုလိပ်ဖမ်းလာသည်နှင့် တူလှပေသည်။ လွေဇော၏ရှီးစား ခွေးနက်ကြီးကား အဝေးမှနေကာ အာမိတ်အား စားမယောင်ဖြစ်နေလေပြီ။

တစ်ခုသောည မောင်လူအေးတို့ အိပ်ပျော်နေကြခိုက် သန်းခေါင်ကျော် အချိန်တွင် လွေဇောသည် အတက်အဆင်းရှိ တံခါးကလေးကိုကျော်ကာ အိမ်အောက်ထပ်သို့ဆင်း၏။ ခါတိုင်း

မူကား လွေဇော မကျော်နိုင်။ ယခုမှာမူ အချစ်၏ဇောကြောင့် ကျော်နိုင်ဟန်တူလေသည်။ အိမ်အောက်ထပ်သို့ ရောက်သော အခါ တံခါးများကို ခေါင်းနှင့်တိုက် လက်နှင့်ပုတ်သောကြောင့်၊ မောင်လူအေးနှင့် ခင်သန်းမြင့်တို့ အိပ်ရာမှ လန့်၍နိုးကြကုန်၏။ လက်နှိပ်ဓါတ်မီးကို ခေါင်းအုံးအောက်မှ ယူကာ ၂ ယောက်သား အိမ်အောက်ထပ်သို့ ဆင်းလိုက်ကြလေသည်။ အာမိတ်လည်း နောက်မှပါလာ၏။ ခင်သန်းမြင့်က လွေဇောအား အပေါ်ထပ်သို့ ခေါ်ဆောင်လေသည်။ လွေဇော မလိုက်ချင် ရုန်းကန်ရုန်းကန် လုပ်နေ၏။ မောင်လူအေးက လွေဇော အခင်းသွားချင်သော ကြောင့်၊ အပြင်ထွက်ချင်ဟန်တူသည် ဟူ၍ပြော၏။ ခင်သန်းမြင့် ကား များစွာမသင်္ကာသောကြောင့် အာမိတ်အား ပုလိပ်အဖြစ်ဖြင့် သံကြိုးနှင့်တွဲကာ အပြင်သို့လွှတ်ပြီးလျှင် တံခါးဝတွင် စောင့်စား နေကြကုန်၏။ ချမ်းလည်းချမ်း အိပ်ကလည်းငိုက် သည်ခွေး တွေအတွက် ဒုက္ခ ရောက်ရပေသည်။

လွေဇောတို့လည်း အပြင်ရောက် ခွေးနက်ကြီးလည်း ဘယ် ကပေါက်လာသည်မသိ၊ လွေဇောအနားသို့ ရောက်လာတော့၏။ ခင်သန်းမြင့်လက်ထဲတွင် ပျောက်အိုးမရှိခိုက် ဖြစ်သောကြောင့် မည်သို့မျှမတတ်နိုင်။ ခွေးနက်ကြီးသည် လွေဇောကို သွေးဆောင်

ကာ အတင်း ခိုးပြေးလေတော့၏။ လွေဇောလည်း ခွေးနက်ကြီး နောက်မှ ကောက်ကောက်ပါအောင် ပြေးလေသတည်း။ ပုလိပ် အဖြစ်ဖြင့် ထည့်လိုက်သော အာမိတ်ကလည်း၊ ကိုယ့်လူ သူ့ဘက်သား ဖြစ်သွားပြီးလျှင် ယောက်ဖနောက်မှ လိုက်၍ ပြေး၏။ ခင်သန်းမြင့် မည်သို့မျှ မတတ်နိုင်။ အာမိတ် အာမိတ် လွေဇော လွေဇော ဟူ၍အော်ကာသာ ကျန်ရစ်၏။

သို့သော် ဤသို့ မိမိတို့၏ ကိတ္တိမသမီးအား အုတ်ကြား မြက်ပေါက် ပါလရာခွေးဝင်စားက ခိုးပြေးရပါမို့လားဟု ဒေါသ အမျက် ချောင်းချောင်း ထွက်ပြီးလျှင် ဓါတ်မီးကို ထိုးကာ ကောက်ကောက်ပါအောင် ပြေးလိုက်၏။ မောင်လူအေးလည်း မနေနိုင် တော့ပြီ။ ခင်သန်းမြင့်နှင့် အတူထွက်၍လိုက်ရ၏။ ၎င်း အပြင်ဘက် ပေသုံးလေးဆယ်လောက် ရောက်သောအခါ ၎င်းတို့ အားတွေ့ရ၏။ ခင်းသန်းမြင့်က အာမိတ်အား ငေါက်၍ခေါ် လိုက်ရာ၊ အာမိတ်ကြီးမှာကြောက်ပြီးသား ဖြစ်သောကြောင့် မနေဝံ့တော့ပြီ။ ခင်သန်းမြင့်ရှိရာသို့ အမြီးကုတ်ခါ ကြောက်ရွံ့စွာ ပြေးလာရှာ၏။ လွေဇောလည်း တန်းလန်းတန်းလန်းနှင့် ပါလာရ ရှာလေသည်။ ခွေးနက်ကြီးကား လွေဇောအား ပြေး၍ဆွဲရတော့ မလို၊ ရပ်ပြီးဘဲ နေရတော့မလို၊ အတော်ပင် စိတ်အိုက် နေရှာ၏။

ခင်သန်းမြင့်က လှေ့ဇောအား ချော့၍ခေါ်လာသောအခါ ခမျာ ခွေးနက်ကြီးမှာ ဒေါသဖြစ်ကာ ဟောင်၍မဆုံးတော့ပြီ။ အင်း အချစ်မီးဆိုတာ တယ်လောင်ကျွမ်းပါကလားဟု မောင်လူအေး တွေးတော မိလေသတည်း။

အိမ်အတွင်းသို့ ရောက်လာကြသောအခါ မောင်လူအေးက သူတို့သဘော အတိုင်းပင် ရှိပါစေတော့ဟု ခင်သန်းမြင့်အား ပြောရှာ၏။ ခင်သန်းမြင့်က သဘောမတူနိုင်။ သူတို့ ချစ်ကြိုက် သည်မှာ ကိစ္စမရှိ၊ တော်တော်ကြာ အမျိုးမစစ် ပါလရာ ကလေးတွေ မွေးလာလျှင် မကြည့်နိုင်။ မကြည့်ရက်။ ပစ်နိုင် မှာလည်း မဟုတ်ဟု ခင်သန်းမြင့်က ပြန်ဖြေသောအခါ၊ ဒါလဲ ဟုတ်ဟုတ်ဘဲဟု မောင်လူအေး တွေးတောမိပြန်လေသည်။

ချင်းတောင်မှ အာမိတ်နှင့် လှေ့ဇောတို့ကို ယူလာခဲ့စဉ်က ဒင်းတို့နှစ်ကောင် ကြီးပြင်းလာသောအခါ နေရာချမည်ဟု ခင်သန်းမြင့် စိတ်ကူးထားခဲ့၏။ ယခုမူကား လှေ့ဇောကလည်း ပါလရာနှင့်ရိုးစားဖြစ်။ အာမိတ်ကလည်း ပါလရာနှင့်ရိုးစားဖြစ်၊ သူတို့အချင်းချင်းကား၊ တစ်ကောင်နှင့်တစ်ကောင် မောင်နှမ ကဲ့သို့ ငါးရာ့နှစ်ဆယ်ရှစ်သွယ်သော အချစ်မျိုးဖြင့် ရိုးရိုးချစ်နေ ကြလေသည်။ ခင်သန်းမြင့် အဘယ်မှာလျှင် သဘောကျနိုင်

ပါအံ့နည်း။ ခင်သန်းမြင့်၏ စိတ်ထဲတွင် ဒင်းတို့နှစ်ကောင်ကို ဆင်စီး၍ မြင်းရံတာကို မြင်ချင်၏။ ဒင်းတို့ကား ထင်တိုင်း မပေါက်ကြချေ။

အာမိတ် လွေဇောတို့ကား၊ ခေတ်သမားများဖြစ်ကြကုန်၏။ လူကြီးများ သဘောတူသည်ကို အလိုမရှိ၊ မိမိတို့ ချစ်သူနှင့်သာ အတူနေချင် ကြလေသည်။ ကမ္ဘာလောကကြီး အတွင်းတွင် ရှေးသမားနှင့် ခေတ်သမား သဘောမတူ နိုင်ကြချေ။ ခေတ်သမားက ကောင်းသည်ထင်သောအရာကို ရှေးဟောင်းတို့က သဘောမကျနိုင်။ ရှေးဟောင်းတို့က သဘောကျသော အရာကို ခေတ်သမားတို့က နှာခေါင်းရှုံ့ကြကုန်၏။ ခေတ်သမား များ အရွယ်လွန်၍ ရှေးဟောင်းများ ဖြစ်လာပြန်လျှင် သူတို့ထက် ခေတ်ဆန်သူတို့က သူတို့၏ အထင်အမြင်ကို မနှစ်သက်နိုင် ဖြစ်ကြပြန်၏။ ဤနည်းအတိုင်းသာလျှင် ကမ္ဘာလောကကြီး အတွင်း ဆူဆူ-ညံညံ-တကျက်ကျက်နှင့် ဖြစ်ခဲ့လေသတည်း။ ယခုလည်း ဖြစ်ဆဲ။ နောင်လည်း ဖြစ်မည်ပင်။

ဂန္ထလောက

၁၉၃၆ ဒီဇင်ဘာလ

# သောက

ဒင်းတို့နှစ်ကောင်အကြောင်း အဆုံးသတ်တော့မည်ဟု စိတ် ကူးသော်လည်း အဆုံးမသတ်နိုင်သေး ရေးရပြန်ပြီ။ နောင် အကြိမ်ပေါင်း မည်မျှ ရေးရဦးမည်ကိုလည်း မသိနိုင်။ ဒင်းတို့ ကား မောင်လူအေးတို့၏ သံယောဇဉ်စက်အတွင်းသို့ ချဉ်းနင်း ဝင်ရောက်ပြီ ဖြစ်သောကြောင့် မောင်လူအေးတို့၏ အကြောင်းကို ရေးလျှင် ဒင်းတို့ပါရမည်ကဲ့သို့ ဖြစ်နေ၏။

ခင်သန်းမြင့်သည်-လွေဇောနှင့် ပါလရာ ခွေးနက်ကြီးတို့ ပေါင်းသင်းဆက်ဆံသည်ကို မရှုစိမ့်သောကြောင့်-အတင်း အဓမ္မ

ခွဲ၍ထားလေသည်။ မောင်လူအေးမကြိုက်။ ခင်သန်းမြင့် နေရာတကာတွင် ခေတ်သမားဖြစ်၏။ နေရာတကာတွင် သဘောကြီးကြီးထား၏။ ယခုသမီးရေးသားရေးတွင်ကား သဘောကြီးကြီးမထားနိုင်ရှာပေ။ ရှေးခေတ် အမယ်ကြီးများကဲ့သို့ မိမိ၏သမီးမလေ့ဖောအား ခွေးနက်ပါလရာ၏လက်အတွင်းမှ အတင်းသိမ်းပိုက်ကာ အိမ်ပေါ်ထပ်တွင် လှောင်၍ ထားလေသတည်း။ ခင်သန်းမြင့်ကိုချည်း အပြစ်ဆို၍လည်း မဖြစ်သေး။ အများအားဖြင့် နေရာတကာတွင် ခေတ်ဆန်လှသည်၊ သဘောထားကြီးလှသည်ဟု လူအများ၏ ချီးမွမ်းခြင်းကို ခံကြရကုန်သော လူအများပင် မိမိတို့၏ သားရေးသမီးရေးတို့နှင့် ကြုံကြိုက်လာကြလျှင် သဘောကြီးကြီး မထားနိုင်ကြဘဲ ရှုံးပြင်ကနားသို့ ရောက်ကြ၍ မိမိတို့၏ သားသမီးများအား ချစ်သူတို့နှင့် ခွဲထားကြသည်များကို မကြာမကြာ ကြားသိရပေသည်။

ခင်သန်းမြင့်သည် လေ့ဖောအား ခွေးနက်ကြီး၏ လက်မှ သိမ်းဆည်းထားပြီးသည့် နေ့မှစ၍ အိမ်အပေါ်ထပ် အခန်းလွတ်တစ်ခန်းတွင် အမြဲမပြတ် လှောင်၍ထားတော့၏။ နောက်ဖေးနောက်ဖီသွားရန်ပင် မလွှတ်တော့ပေ၊ ခွေးနက်ကြီး မြင်သွား မည်ကို စိုးရိမ်ရှာပေသည်။ ရက်စက်ပေစွ။ ခက်ထန်ပေစွ။ မောင်လူအေးက ကိုယ်ချင်းစာကာ လွှတ်လိုက်ချင်၏။ ခင်သန်းမြင့်က

မာန်ထားသောကြောင့် မလွှတ်ဝံ့။ လွေဇော ကိုချည်း လျှောင်ထားသည်မဟုတ်။ အာမိတ်ပါ အဆစ်ပါသွား ပြီးလျှင် ထိုအခန်းထဲတွင် အလှောင်ခံနေရ ရှာလေပြီ။

လွေဇောမှာ မိမိ၏ရီးစား ခွေးနက်ကြီးအား တလွမ်းလွမ်း တသသနှင့် နေရှာပေ၏။ အစားလည်း မစားနိုင်။ ပြတင်းပေါက်ရှိရာသို့ ပြေးလိုက်။ အော်လိုက်၊ တံခါးရှိရာသို့ ပြေးပြီး တွန်းဖွင့်လိုက်။ ဦးခေါင်းနှင့် ဆောင့်ကာတွန်းလိုက်နှင့် နေရှာပေ၏။ အာမိတ်မှာလည်း ထိုနည်းတူ စစ်ပုလိပ်တန်းလျားတွင် ရှိနေရှာသော မိမိ၏ရီးစား ခွေးပိန်မကလေးအတွက် ရတက်ပွားလျက် မစားနိုင် မသောက်နိုင် လက်မှိုင်ချလျှက် နေရရှာလေ၏။ ဒင်းတို့နှစ်ကောင် ဆူလွန်းမက ဆူလှသောအခါ ခင်သန်းမြင့် အခန်းထဲသို့ ဝင်ကာ ကြိမ်လုံးဖြင့် ဆော်လေသည်။ သည်အခါကျမှ နှစ်ကောင်စလုံး ငြိမ်သက်၍ သွားကြရှာလေ သည်။

ဤသို့ ဒင်းတို့နှစ်ကောင်ကို အခန်းထဲတွင် လှောင်ထား၍ သုံးလေးရက်ခန့် ကြာလေသော် ယခင်လှောင်ထားစက ကဲ့သို့ ဆူဆူညံညံ မရှိတော့ပြီ။ ငြိမ်သက်၍ သွားတော့၏။ အကြောင်းကား အာမိတ်ကြီးမှာ လွေဇောအား ချစ်ခင်စပြုလာပြီ ဖြစ်သောကြောင့်တည်း။ လွေဇောအနားသို့ သွားကာ ချော့လိုက်၊ မော့လိုက်၊ ကြည်စယ်လိုက်နှင့် လုပ်နေသည်ကို ခင်သန်းမြင့်

အခန်းအပြင်ဘက်မှ မြင်ရသောအခါ အလွန်ပင် ဝမ်းမြောက်လေတော့သည်။ လက်ဦးတွင် လွှဲဇောသည် အာမိတ်၏ အချစ်ကို လက်မခံ။ မာန်မဲအော်ငေါက်ကာ လွှတ်လေ့ရှိ၏။ သို့သော် ရက်အနည်းငယ် ကြာလာသောအခါ ပါလရာ ခွေးနက်ကြီးကို မေ့စပြုလာ၏။ အာမိတ်ကြီးကိုပင် ချစ်ခင်စ ပြုလာလေသည်။ အာမိတ်၏ အချစ်ကို လက်ခံလေပြီ။ အာမိတ် ကချော့ကာ မော့ကာကျီစယ်သောအခါများတွင် သူကပါ အာမိတ်အားပြန်၍ ကျီစယ်လေပြီ။ ဤသို့ တစတစ အာမိတ် နှင့် လွှဲဇောတို့သည် ဇနီးမောင်နှံဘဝသို့ ရောက်သွားကြ လေသတည်း။ ဒင်းတို့နှစ်ကောင်မှာ စားလည်းတူတူ။ နေမူမလွဲ။ အိမ်လဲမကွာ အချစ်ကြီး ချစ်နေကြလေပြီ။ တစ်ကောင်နှင့်တစ်ကောင် ယခင်အခါကထက်ပင် ဆထက်ထမ်းပိုးတိုး၍ ချစ်နေကြကုန်၏။ ယခင်က ချစ်ခြင်းကား ငါးရာနှစ်ဆယ်ရှစ်သွယ် သောချစ်ခြင်း။ ယခုကား တစ်ထောင့်ငါးရာချစ်ခြင်း ဖြစ်သောကြောင့် အဘယ်မှာလျှင် ရှေးကချစ်ခြင်းမျိုးနှင့် တူနိုင်ပါတော့ အံ့နည်း။ လွှဲဇောမှာ ခွေးနက်ကြီးအား လုံးလုံးမေ့လိုက်လေပြီ။ ပါလရာခွေးနက်ကြီးကား လွှဲဇောအားမမေ့နိုင်။ တစ်နေဝင် မြင်ရနိုးနှင့် မျှော်ကိုး၍သာနေ၏။ အိမ်လှေကား အောက်မှလာ ခြောင်းရသည်မှာလည်း နေ့စဉ်နှင့်အမျှ။ အိမ်ဘေး လမ်းတွင် လွှဲဇောကိုတွေ့နိုးနှင့် လျှောက်၍ပြေးရသည်မှာလည်း တမော ပင်။

ဤခွေးနက်ကြီးမှာ သောကမီးလောင်ကာ နေမထိထိုင်မတတ် ဖြစ်နေသည်ကို မြင်ရလျှင် ခင်သန်းမြင့်မှာ များစွာ ရယ်မောဝမ်းမြောက်၏။ မောင်လူအေးက သနားဂရုဏာ သက်လေသည်။ လွှဖောသည် ခွေးနက်ကြီးအပေါ်တွင် အကယ်ပင်စိတ်ကုန်ပြီလော။ အခန်းထဲတွင် လှောင်ထား ခိုက်သာ အာမိတ်အားမချစ်သော်လည်း အောင့်ကာနမ်းခြင်း ပေလောဟု သိလိုသောခင်သန်းမြင့်သည် တစ်နေ့သ၌ လွှဖောအား အခန်းထဲမှထုတ်ကာဝင်းခြံထဲသို့ ခေါ်သွား၏။ အာမိတ်လည်း တစ်ဖဝါးမှမကွာထက်ချပ်ပါလေတော့သည်။ လွှဖော ဝင်းထဲသို့ရောက်သွားသည်နှင့်တစ်ပြိုင်နက် အိမ်နောက်ဖေးမှ ခွေးနက်ကြီးသည်ဘယ်ကပေါက်လာသည်မသိ ပေါက်၍လာတော့၏။ ခင်သန်းမြင့်ကိုကြောက်သောကြောင့် လွှဖောနားသို့ မကပ်ဝံ့သော်လည်း လွှဖောမြင်လောက်သော နေရာမှနေ၍ အသံပေးလိုက်။ ကိုယ်ရောင်ပြပလိုက်နှင့် နေသည်ကို ခင်သန်းမြင့်နှင့် မောင်လူအေးတို့မြင်ကြရလေသည်။ လွှဖော လည်းမြင်သည်ပင်။ ရှေးအခါကမူကား ဤသို့မြင်လိုက်လျှင် ခွေးနက်ကြီးအနီးသို့ လွှဖောချက်ချင်းရောက်သွားမည်ဖြစ်၏။ ယခုကား မိမိ၏အချစ်ကိုခွေးနက်ကြီးထံမှ ပြန်သိမ်းပြီးလျှင် အာမိတ်အား ပေးလိုက်ပြီဖြစ်သောကြောင့် ခွေးနက်ကြီးကို ဂရုမစိုက် အမှုမထား

အရေးမလုပ်တော့ပြီ။ ခွေးနက်ကြီးအား မြင်သော်လည်း မမြင်ဟန်ဆောင်ကာ အာမိတ်ကြီးနှင့်သာလျှင် ကျီစယ်ကာ မြူးတူးကစားနေလေ၏။ ချစ်တုန်း ခင်တုန်း တပြုံးပြုံး နေကြလေသည်။

လွေဇော၏ ထူးခြားသောအမူအရာကို မြင်ရသော ခွေးနက်ကြီးမှာ မည်မျှပူပင်သောက ဖြစ်ရမည်နည်း။ သူ့ခမျာ နေမထိ ထိုင်မတတ် အသဲကို ကျွဲဝင်၍ခတ်ဘိ သကဲ့သို့ ပြေးလိုက် လွှားလိုက် ဟောင်လိုက် ဟိန်းလိုက်သည်မှာ ဆိုစရာမရှိတော့ပြီ။ ခင်သန်းမြင့်တို့၏ ပျော်ဖက်အိုး။ ကျောက်ခဲများကို ကြောက်၍သာ လွေဇောတို့ အနားကို မလာဝံ့ ရှာပေ။ အကယ်၍သာ ခင်သန်းမြင့်နှင့် မောင်လူအေးတို့ မရှိပါမူ အာမိတ်နှင့် လွေဇောတို့ကို သေအောင် ကိုက်သတ်ပေလိမ့်မည်။ ယခုအခါတွင် ခွေးနက်ကြီးအား သောကမီး လောင်ကျွမ်းနေ လေပြီ။ သောကမီးကား ကြီးမားပြင်းထန်လှပေစွ။ ခွေးနက်ကြီးသာ လူပျို ကာလသားကလေး ဖြစ်မူကား မိမိကိုယ်ကို သေ ကြောင်းကြံကောင်း ကြံပေလိမ့်မည်။ သီချင်းဆိုတတ်သော ကာလသားကလေး ဖြစ်မူကား ဆင်ကဲဘို့မယ်သီချင်းကို အကြိမ်ကြိမ်ဆိုကာ လူးလှိမ့်၍ ငိုရိုပေလိမ့်မည်။ ယခုမှာကား ခွေးမျှသာ ဖြစ်သောကြောင့် ဟိုပြေး သည်ပြေး။ ဟိန်းလိုက် ဟောင်လိုက်နှင့်သာလျှင် နေရရှာလေတော့သည်။ ခွေးနက်ကြီး ၏ စိတ်အတွင်း မည်မျှလောင်ကျွမ်း နေမည်နည်း။

ခင်သန်းမြင့်ကား တတ်နိုင်ပေစွ။ မိမိသဘောအတိုင်း ဖြစ်အောင်စီမံတတ်ပေသည်။ သားသမီးတို့အား မိမိသဘောမတူသူများနှင့် အတင်းအဓမ္မ ခွဲထားပြီးလျှင် သဘောတူသူများနှင့် အတင်းအဓမ္မ ပေးစားကြသော အမယ်ကြီးများနှင့် တူနေလေပြီ။

မောင်လူအေးသည် ခွေးနက်ကြီး၏ အဖြစ်အပျက်ကို မြင်သောအခါ အချစ်၏ဆန်းကြယ်ခြင်း အကြောင်းကို တွေးတောမိ၏။ လွန်ခဲ့သော ဆယ်ရက်ခန့်အခါက လွှေဇောသည် ခွေးနက်ကြီးမှတစ်ပါး မည်သူ့အားမျှ မချစ်နိုင်။ ခွေးနက်ကြီးမှ လွဲလျှင် ဖွဲနှင့်ဆန်ကွဲချည်းဟူ၍ ထင်မှတ်ခဲ့၏။ ယခုကား အာမိတ်မှ လွဲလျှင် ဖွဲနှင့်ဆန်ကွဲချည်း ဖြစ်သည်ဟု ထင်မှတ်နေလေပြီ။ အချစ်ဆိုသောအရာကား ထူးဆန်းပေစွ။ ခွေး၏အချစ် ချည်းသာမဟုတ်။ လူတို့၏ အချစ်သည်လည်း ဤသို့ဆန်း ကြယ်မည်သာတည်း။ ခင်သန်းမြင့်သည် အချစ်၏ အကြောင်းကို ရိပ်မိဟန်တူ၏။ ဤသို့ရိပ်မိသည့်အတိုင်း လွှေဇောအား ခွေး နက်ကြီးနှင့် အတင်းခွဲကာ အခန်းထဲတွင် လှောင်ထားခြင်း ဖြစ်လေသည်။

ဤအကြောင်းကို စဉ်းစားရင်း "ခွေးများရဲ့အချစ်ဟာ ဘယ်လောက်အပြောင်းမြန်ပါကလားနော်" ဟု မောင်လူအေးက ဆိုလိုက်၏။

“ခွေးများရဲ့ အချစ်ချည်းသာမဟုတ်။ လူတွေရဲ့ အချစ်ဟာလဲ သည်လိုချည်း မှတ်ပေတော့” ဟု ခင်သန်းမြင့်က ပြန်၍ဆို လေသည်။

“လူတွေရဲ့အချစ်ဟာ သည်လောက်အပြောင်း မမြန်ပါဘူး။ ကြည့်ပါလား ချစ်သူအချင်းချင်း မခွဲနိုင်လို့ နှစ်ဦးစလုံး သတ်သေကြတာတွေ။ အဲဒါဘာကြောင့်လဲ အချစ်ကိုမပြောင်းနိုင်လို့ပေါ့။ တစ်မျက်နှာက နှစ်မျက်နှာမများချင်ကြလို့ပေါ့” ။

“အောင်မာ။ အဲဒါတွေဟာ မူးရူးနေတဲ့ အခိုက်ကလေးမှာ သတ်သေကြတာကလား။ အဲဒီမူးရူးနေကြတဲ့ အခိုက်ကလေးမှာ သတ်မသေ ဖြစ်ကြရင် ဘယ်တော့မှ သေဖြစ်မှာမဟုတ်ဘူး မှတ်ပါ။ စင်စစ်တော့ ချစ်လို့ သတ်သေကြတာတွေဟာ ဘာမှ မဟုတ်ဘူး။ ရူးတာတွေဘဲ။”

“ဟာသည်လိုလဲမဟုတ်သေးဘူးလေ။ အချို့ကိုယ်ကြိုက်တဲ့ လူကို မရတာနဲ့ တစ်သက်လုံး မယားမယူ လင်မယူဘဲ နေတာတွေကို မကြားဘူး မမြင်ဘူးလား။”

“အဲဒါတွေဟာ နောက်တစ်ယောက်နဲ့ နီးနီးကပ်ကပ် မတွေ့ကြသေးလို့ပေါ့။ နောက်တစ်ယောက်နဲ့ နီးနီးကပ်ကပ်

တွေ့မှဖြင့် ကောက်ကောက်ပါအောင် လိုက်သွားပြီး အရင်ဟာတွေကို မေ့ပါရော။ အဲသည်ထုံးတွေကို ရေတွက်ပြီး ပြရအုံးမလား”။

“မရေတွက်ပါနဲ့တော့ ကိုကိုလဲသိတာပါပဲ”။

ဤသို့ အချစ်အကြောင်း ဆွေးနွေးနေခိုက် အိမ်ဝင်း အတွင်းသို့ မော်တော်ကားတစ်စီး ဝင်လာသည်နှင့် စကားပြတ် သွားလေသတည်း။

ဂန္ထလောက

၁၉၃၇ ဧပြီလ

# ငါးပွင့်ဆိုင်

လွှဖော၊ အာမိတ်၊ ခွေးနက်ကြီးတို့ကို ရာဂမီး သောက မီးများ လောင်ကျွမ်းခဲ့သည်မှာ သုံးလခန့်ကြာလေပြီ။ ထိုလွန်ခဲ့ပြီးသော သုံးလခန့်အခါက ဖြစ်ပျက်ခဲ့သော အကြောင်းများမှာ လွှဖောတို့ သုံးကောင်၏ စိတ်ထဲတွင် အိပ်မက်ကဲ့သို့ ဖြစ်နေလေပြီ။ အကယ်ဖြစ်ပျက်ခဲ့သည်ဟူ၍ မထင်မှတ်ကြတော့ချေ။ ခင်သန်းမြင့်ကလဲ လွှဖော၊ အာမိတ်တို့ ခွေးနက်ကြီးနှင့် သွားအတူ လာအတူ နေကြ ပေါင်းသင်းဆက်ဆံကြသည်ကို တားမြစ်ခြင်း မပြုတော့ပေ။ လွှဖောမှာ ယခုအခါ ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်နေလေပြီ။

အသက်အရွယ် အတော်ကြီးရင့်လာကြသော သူတို့သည် မြေးများကို ချီချင်သဖြင့် မြေးကလေးများရရန် တောင့်တသကဲ့သို့ မောင်လူအေးနှင့် ခင်သန်းမြင့်တို့လည်း လွှဲဇော၏သား ခွေးကလေးများကို ကြည့်ချင်မြင်ချင်ကြလှလေပြီ။ တစ်ခုသောည တွင် လွှဲဇော ပြာယာခပ်နေသည်ကိုမြင်ကြလျှင် ခင်သန်းမြင့်တို့ ၏စိတ်ထဲတွင် ဝမ်းသာသလိုလို သနားသလိုလို စိတ်ပူသလိုဖြစ် နေကြကုန်၏။ လွှဲဇောက အိမ်အောက်ထပ်သို့ပြေးဆင်းလိုက် အပေါ်ထပ်သို့ ပြေးတက်လိုက် မီးသွေးများထားရာအခန်းထဲ သို့ဝင်သွားလိုက်၊ ရေချိုးခန်းသို့ပြေးဝင်လိုက်နှင့် လုပ်နေပေ၏။ ဤသို့ကြည့်နေ၍ မဖြစ်မှန်းသိသော ခင်သန်းမြင့်သည်ဂုန်အိတ် လွတ်တစ်လုံးကိုရှာပြီးလျှင် မိမိတို့အိပ်ခန်းခြေရင်းရှိ သနပ်ခါး လိမ်းရန်အခန်းကလေးအထဲတွင် ထည့်ထားလေ၏။ လွှဲဇော ကိုလည်း ထိုအခန်းထဲမှာပင် လှောင်ထားလေသည်။

လွှဲဇော ရောက်ရက်ခတ်နေသောကြောင့် မောင်လူအေး တို့ တော်တော်နှင့်မအိပ်ရ။ ၁၁ နာရီထိုးပြီးမှ အိပ်ရာထဲ ဝင်ကြရ လေသည်။ အိပ်ရာထဲတွင် မှေးကနဲကျသွားသည်နှင့်တစ်ပြိုင်နက် ခွေးသားကလေး၏ အော်သံညည်းသံကို ကြားလိုက်ရလျှင် မောင်လူအေးနှင့် ခင်သန်းမြင့်တို့မှာ ပြိုင်တူ ငေါက်ကနဲထကာ လွှဲဇော၏ အခန်းဘက်သို့ သွားကြကုန်၏။

ထိုခွေးကလေးကား အာမိတ်နှင့်တူမည်လော၊ လွေဇောနှင့် တူမည်လော ခင်သန်းမြင့်က လွေဇောနှင့်တူမှာပဲ ဟုပြော၏။ မောင်လူအေးက အာမိတ်နှင့်တူပါစေဟု ဆုတောင်းသည်။ အထီးကလေး ဖြစ်မည်လော၊ အမကလေး ဖြစ်မည်လော၊ တွေးတောကာ တံခါးဖွင့်ကြည့်လိုက်ရာ။ လားလား ခွေးနက်ကလေးတစ်ကောင်မှာ ဂုံအိတ်ပေါ်တွင် ဟိုတိုးသည်တိုးနှင့် လုပ်နေသည်ကို မြင်ရပေ၏။ အသို့နည်း ခင်သန်းမြင့်တို့ တွေးလေသမျှ အလဟဿဖြစ်ကုန်ပြီ။ အဘယ်ကြောင့် ခွေးနက်ကလေးဖြစ်ပါသနည်း ခင်သန်းမြင့် ဒေါပွ၍မဆုံးတော့ပြီ။ စင်စစ်သော်ကား လွေဇောသည် ခွေးနက်ကြီးအား စိတ်စွဲလမ်းသောကြောင့် ခွေးနက်ကြီးနှင့်တူသော ခွေးကလေး ပါလာဟန်တူလေသည်။ ခင်သန်းမြင့်နှုတ်မှ “မယူဘူးပေးလိုက်မယ်၊ ပေးလိုက်မယ်” ဟုရေရွတ်ခါ အခန်းတံခါးကို ပိတ်ပြီးလျှင် အိပ်ရာသို့ပြန်ခဲ့၏။ မောင်လူအေးကမူကား “ကြည့်ပါအုံးလေ တစ်ကောင်ထဲတော့ မွေးမှာမှုတ်ဖူး။ နောင်မွေးမဲ့ ခွေးကလေးတွေလည်း ကြည့်အုံးစို့” ဟုဆိုကာ ခင်သန်းမြင့်နောက်က လိုက်ပါလာ၏။

ခွေးကလေး၏ အော်သံကြောင့်တစ်ကြောင်း၊ နောင်မွေးဦးမည့် ခွေးကလေးများကို ကြည့်လိုမြင်လိုသည် တစ်ကြောင်းတို့ကြောင့် မောင်လူအေးတို့ အိပ်မပျော်ကြတော့ပြီ။ နာရီဝက်ခန့်

ကြာသောအခါ အိပ်ရာထဲမှ ထသွားပြီးလျှင် ကြည့်ကြပြန်၏။ အလို နှစ်ကောင်ဖြစ်နေပါပကော ဘုရား-ဘုရား နောက်မွေးသော ခွေးကလေးမှာလည်း အနက်ကလေး ဖြစ်နေပြန်ပြီ။ ခင်သန်းမြင့် တိတ်လျက်နေတော့၏။ စကားတစ်ခွန်းကိုမျှ မပြောနိုင်။ မိမိထင်တိုင်းမပေါက်တော့ပြီ။ ခဲလေသမျှ သဲရေကျ ဖြစ်ကုန်ပြီ တကား။ မောင်လူအေးက စိတ်မပျက်သေး၊ အိပ်ရာထဲ ဝင်ကြ ကုန်၏။ အတန်ကြာလျှင် ထ၍ကြည့်ကြပြန်လေသည်။ ခွေးကလေး တို့မှာ ငါးကောင်လျှင်လျှင် ဖြစ်နေလေပြီ။ လက်ဦး နှစ်ကောင်မှာ အမဲဖြစ်သော်လည်း ကျန်သုံးကောင်ကား အညိုရောင် ဖြစ်ကြသောကြောင့် ခင်သန်းမြင့် အတော်ရွှင်ပြ၍ လာလေသည်။ ထိုအငယ်သုံးကောင်မှာ အာမိတ်နှင့် လွန်စွာတူလေသည်။ လွေဇောနှင့်တူသော ခွေးကလေး တစ်ကောင်မျှမပါချေ။ ခင်သန်းမြင့် ခွေးညိုကလေး သုံးကောင်ပါသောကြောင့် ဝမ်းမြောက်သော်လည်း အနက်ကလေး နှစ်ကောင်ပါနေသော ကြောင့် မကျေမနပ် ဖြစ်နေလေတော့၏။ သို့သော် မည်သို့ မျှမတတ်နိုင်။ ခွေးနက်ကြီး တံခိုးကားကြီးရင်းပင် အိပ်ရာထဲဝင် လေသည်။

နံနက်မိုးလင်းသောအခါ ထိုခွေးကလေး ငါးကောင်အနက် အထီးကမည်မျှဟူ၍ စစ်ဆေးသောအခါ အနက်လေးနှစ်ကောင်

အနက် အထီးတစ်ကောင်၊ အမတစ်ကောင်ဖြစ်၏။ အညိုကလေး သုံးကောင်အနက် အထီးတစ်ကောင် အမကနှစ်ကောင် ဖြစ်လေသည်။

မင်းတိုင်ပင် ရွေးကောက်ပွဲ မပြီးသေးပါမူကား. . . . . ဤခွေးကလေး ငါးကောင်မွေးသည်ကို ငါးပွင့်ဆိုင် အဖွဲ့ဝင်များက နိမိတ်ယူကာ သတင်းစာထဲမှနေ၍ ကလေးကစားသလို ဓါတ်ပုံတွေရိုက်ကာ ကြော်ငြာကောင်း ကြော်ငြာကြပေဦးမည်။ ယခုမူကား ရွေးကောက်ပွဲ ပြီးသွားပြီဖြစ်သောကြောင့် မည်သူမျှဂရုစိုက်လိမ့်မည်မဟုတ်၊ ခွေးကလေးများ ကံဆိုးလေစွဟု မောင်လူအေးက စဉ်းစားမိလေသည်။

မွေးခါစ ခွေးကလေးတို့သည် နို့စို့ခြင်း၊ အိပ်ခြင်းအပြင် အခြားဘာကိုမျှမသိ။ ဘာကိုမျှနားမလည် ဆာလျှင်နို့စို့၏။ နို့စို့ဝလျှင်အိပ်လေတော့သည်။ နို့စို့ပြီးလျှင်အိပ်၊ အိပ်ပြီးလျှင်နို့စို့၏။ အလုပ်နှစ်လုပ်အပြင် အခြားဘာအလုပ်မျှမရှိ၊ စားပြီးအိပ်။ အိပ်ပြီးစား ဆိုသောစကားအတိုင်းပင်တည်း။

ထိုခွေးကလေးတို့မှာ မျက်စိမပွင့်ကြသေးသောကြောင့် နို့စို့ရန်ပင် အတော်ခက်ခဲပေသည်။ သို့သော် မျက်စိအစား သူတို့၏

နှာခေါင်းများကား အကျိုးဆောင်ကြရှာပေသည်။ မျက်စိမမြင်ကြသော်လဲ သူတို့အမေ မည်သည့်နေရာတွင်ရှိမှန်း ချက်ချင်းသိကြလေသည်။

ဤသို့ အိပ်ပြီးစား စားပြီးအိပ်လုပ်လျက် ၁၅ရက်ခန့်ကြာလေသော် လမ်းတစ်ဝက် လျှောက်နိုင်ကြပြီး မျက်စိလည်းပွင့်လာလေပြီ။ အရွယ်မှာလည်း အတော်ကြီးလာ ကြလေပြီ။ ဝဝတုတ်တုတ် ချစ်စရာကလေးများ ဖြစ်နေကြကုန်၏။ ယခုကားခင်သန်းမြင့်မှာ မဲသော ညိုသော မရွေးတော့ပြီ။ အားလုံးကိုပင်ချစ်ခင်နေလေပြီ။ လွှဇောမူကား ယခင်ကကဲ့သို့ တစ်နေ့လုံးသားသမီးများ၏ အနားတွင် ကပ်နေပြီးလျှင် နို့ချိုမကျွေး နံနက်တစ်ကြိမ် နေ့လယ်တစ်ကြိမ် ညတစ်ကြိမ်သာလျှင် အချိန်မှန်မှန်နို့ချိုကို ကျွေးလေသည်။ ခွေးကလေးများဆာ၍ အော်နေပေမယ့်သူနို့မတိုက်၊ ခွေးဖြစ်သော်လည်း အချိန်မှန်မှန် နို့တိုက်ရမှန်းသိတတ်ပေစွ။

လွှဇောက အချိန်မှန်မှန် သားသမီးများကို နို့တိုက်သော်လည်း ခင်သန်းမြင့်က ခွေကလေးများကို ဖျက်လေသည်။ ခွေးကလေးများ အော်တိုင်း လွှဇောအား နို့တိုက်စေချင်သောကြောင့် အခန်းထဲတွင် လှောင်ထား၏။ သို့သော် အချိန်

မကျလျှင် လွေဖောနို့မတိုက် ခင်သန်းမြင့်က မကျေနပ်ပေ။ တစ်နေ့သော် ထွန်းဖေအား ခလေးများကိုတိုက်သော နို့ဘူး တစ်ခုကို အဝယ်ခိုင်းလိုက်၏။ ထိုနို့ဘူးထဲတွင် နွားနို့ကို ထည့်ကာ ကလေးများကဲ့သို့ ခွေးကလေးတို့ကို နို့တိုက်လေသည်။ ခွေးကလေးတို့ကား ဗိုက်ကားအောင် သောက်ကြကုန်၏။ (ဤကား ဖွားအေ လုပ်သူတို့၏ ဓလေ့ပေတည်း။)

သို့နှင့်တစ်လကျော်၍ လာခဲ့လေသည်။ ခွေးကလေးများမှာ အတော်ဆော့တတ် ပြေးလွှားတတ် လာကြလေပြီ။ တစ်နေ့တခြား တိုး၍ ချစ်စရာကောင်းလာကြ၏။ သို့သော် သူတို့၏ အညစ် အကြေးနံ့ကိုကား မခံနိုင်။ နောက်ဖေး ကုလားက နေ့စဉ် တစ်နေ့ နှစ်ခါသိမ်းသော်လည်း အနံ့မပျောက်။

ထို့အပြင် အခန်းကလေးအတွင်း မနေချင်ကြ။ အပြင်အပကို ထွက်ချင်ကြသောကြောင့် တစ်ညလုံး အော်ကြ ဆူညံကြ ကိုက်ကြနှင့်နေကြ။ မောင်လူအေးတို့မှာ မအိပ်ရ။ ဒင်းတို့တတွေ ဒုက္ခပေးစပြု ကြလေတော့၏။

ဤသို့ ဒုက္ခပေးပါများလတ်သော် မခံနိုင်ကြသောကြောင့် အိမ်အောက်ထပ်သို့ ချလိုက်ရန် တိုင်ပင်ကြရပြန်၏။ ခင်သန်းမြင့်

က မောင်လူအေး စာရေးအခန်းထဲတွင် ပြောင်းရွှေ့ထားရန် အဆိုသွင်း၏။ မောင်လူအေးက သဘောမတူ။ ကန့်ကွက်ချင် သော်လည်း အခြားထားစရာနေရာကို မမြင်သောကြောင့် သဘော တူလိုက်ရလေတော့သည်။ သို့နှင့် ခွေးကလေးငါးကောင်မှာ အိမ် ပေါ်ထပ် ခင်သန်းမြင့် သနပ်ခါးလိမ်းရန်အခန်းမှ အောက်ထပ် မောင်လူအေး၏ စာရေးရာအခန်းထဲသို့ ရောက်သွားကြလေ သတည်း။

အိမ်အောက်ထပ်သို့ရောက်သွား ကြသောအခါ ခွေးက လေး၅ကောင်မှာ နှစ်လသား ဆိုးတုံး၊ တေတုံး အရွယ်ဖြစ်ကြ လေသည်။ ထမင်းကိုလည်း စားတတ်ကြလေပြီ။ လွေဇောကလည်း မှန်မှန်နို့မတိုက်တော့ပြီ။ ထမင်းစားချိန်တန်၍ မစားရလျှင် တစ်ခန်းလုံး ဆူညံ၍သာနေတော့၏။ ဆော့တုန်းအရွယ် ဖြစ်သော ကြောင့်လည်း အခန်းထဲတွင် ရှိသမျှ မည်သည့်အရာဝတ္ထုမျှ ကောင်းစွာမနေရ။ သူတို့၏ ဝါးဖတ်သာလျှင် ဖြစ်ကုန်ကြလေသည်။ မောင်လူအေး စာရေးစားပွဲမှ တွဲရရွဲကျနေသော စားပွဲခင်းစမှာ လည်း သူတို့၏လက်ချက်ကြောင့် ကြေမွ၍ကုန်လေသည်။ ထိုအခန်းထဲတွင် ရှိသမျှ မည်သည့်အရာဝတ္ထုမျှ ကောင်းစွာမနေ။ သူတို့၏ ဝါးဖတ်သာလျှင် ဖြစ်ကုန်ကြလေသည်။ ထိုအခန်း

ထဲတွင်ထားသော ဖိနပ်တစ်ရန်လည်း သူတို့၏ အစာဖြစ်သွား၏။ စာအုပ်များမှာ အမြင့်တွင် ရောက်နေသောကြောင့်သာ သက်သာရာရကြပေသည်။

ညနေခင်းတွင် သူတို့အညောင်းမှ ပြေစေတော့ဟု ခြံထဲတွင် လွှတ်ထားသော် ပျော်၍မဆုံးကြတော့ပြီ။ ခုန်ပေါက် ပြေးလွှား ကစားချင်တိုင်း ကစားနေကြကုန်၏။ တန်းလိုက်ပြေးတန်း ကစားကြ၊ ခုန်ပေါက်ကစားကြ။ တစ်ကောင်နှင့်တစ်ကောင် ကိုက်ကြ၊ သူတို့အထဲတွင် အာမိတ်ကြီးကလည်း ဝင်ပါသေး၏။ ကလေးများနှင့် အမြဲပင် ပြေးလွှားကစားလေ့ ရှိလေသည်။ လွေဇောကား ခွေးကလေးများကို အာမိတ်လောက် ခင်ပုံမရပေ။ သူ့အနားသွားသည်ကိုပင် များစွာမကြိုက် ကိုက်၍လွှတ်လေ့ ရှိ၏။

ခွေးကလေးများ ပျော်ကြပါးကြသည်မှာ ကြည့်၍ကောင်း၏။ သို့သော် စိုက်ထားသောပန်းပင်များကို အမြဲဖျက်ဆီးသောကြောင့် တစ်မျိုးစိတ်ညစ်ရလေသည်။ ဝေဝေဆာဆာပွင့်နေကြသော မေမြို့ပန်းပင်များ အကြားသွားကာ ကစားလိုက်မှဖြင့် အားလုံး ပျက်စီး၍သွားတော့၏။ ထို့ကြောင့် သူတို့ကို အမြဲကြောက်နေရလေသည်။ တစ်ခါတစ်ခါ လမ်းမသို့ ထွက်သေး၏။

လမ်းမတွင် လှည်းများ မော်တော်ကားများ မောင်းနှင်၍သွားလျှင် သူတို့စိတ်ထဲတွင် ထူးဆန်းလှသည် ထင်နေသောကြောင့် ခပ်လှမ်းလှမ်းမှသွား၍ မျှော်ကာ စိုက်ကြည့်လေ့ရှိကြလေသည်။

ဤအရွယ်ကား ဆိုးလည်းဆိုး၊ တေလည်းတေ၊ ချစ်စရာလည်းကောင်းသော အရွယ်ဖြစ်ကြပေသည်။ မြန်မာပြည်တွင် လာ၍ပေါက်ကြသော်လည်း မိဘများမှာ ချင်းခွေးများဖြစ်ကြသောကြောင့် ချင်းခွေးများကဲ့သို့ပင် အမွေးထူထူ အမြီးဖွားဖွား ကလေးများ ဖြစ်ကြလေသည်။ မျက်နှာမှာလည်း အာမိတ်လေ့ဇောတို့၏ မျက်နှာများနှင့်မခြားဖြစ်၏။ အကြီးကလေးနှစ်ကောင်မှာ ခွေးနက်ကြီးနှင့် အရောင်တူကြသော်လည်း မျက်နှာအနေအထား၊ အမြီးအနေအထား၊ အမွေးများမှာမူကား ချင်းခွေးများနှင့် မခြားတော့ပြီ။

ခွေးကလေးငါးကောင်မှာ အတော်ပင်ကြီးလာကြပြီဖြစ်သော ကြောင့် သူတို့အားအမည်ပေးရန် အချိန်သို့ရောက်လာ၏။ အမည်ပေးခြင်းမှာ လွယ်မယောင်နှင့်ခက်သော အရာ ဖြစ်လေသည်။ တစ်နေ့သ၌ အိမ်သားအားလုံး

အစည်းအဝေး ခေါ်ပြီးလျှင် ခွေးကလေးတို့ကို အမည်ပေးရန် ဆွေးနွေး တိုင်ပင်ကြ လေသည်။

ရုပ်ရှင်ဝါသနာပါသော ခင်ခင်သီက ရုပ်ရှင်မင်းသား မင်းသမီးတို့၏ အမည်များကိုပေးရန် အဆိုသွင်း၏။ အမကလေး သုံးကောင်ကို ခင်စန်း၊ ခင်ဥ၊ ခင်မေကလေးဟူ၍ အမည်ပေး ပြီးလျှင် အထီးကလေးနှစ်ကောင်ကို ဘမြင့်၊ ဘတင့်ဟူ၍ အမည် ပေးရန် အဆိုသွင်းလေသည်။

ဤအဆိုကို ခေတ်ဆန်သူ ခင်သန်းမြင့်က ကန့်ကွက် သောကြောင့် အဆိုမှာ မအောင်မြင်ပဲ ရှုံးသွားလေသည်။ ခေတ်ဆန်သူ ခင်သန်းမြင့်က ခွေးထီးကလေးနှစ်ကောင်ကို လွှင်လွှင်သိန်း၊ သိန်းသိန်းအောင်ဟူ၍ အမည်ပေးပြီးလျှင် ခွေးမ ကလေးသုံးကောင်အား ကြည်ကြည်အေး၊ ညွှန့်ညွှန့်ခင်၊ သန်းသန်းမေ ဟူ၍အမည်ပေးရန် အဆိုသွင်းလေသည်။ ဤ အမည်များမှာ ခေတ်ဆန်သည်ဟုဆို၏။

ဤအဆိုကို အင်္ဂလိပ်ဆန်သူ ခင်ခင်ရီက ကန့်ကွက်သဖြင့် အဆိုရှုံးသွားပြန်လေသည်။ သူ၏အဆိုကား ခွေးထီးကလေး နှစ်ကောင်အား ဂျမီနှင့် ဘော်ဘီဟူ၍ပေးပြီးလျှင် ခွေးမကလေး

သုံးကောင်အား နယ်လီ၊ ပဂ္ဂီ၊ မင်နီ ဟူ၍ပေးရန် အဆိုသွင်း လေသည်။

ဤအဆိုကို အတိုက်ကြိုက်သော ခေတ်ဆန်းသမား မောင်လူအေးက ကန့်ကွက်သောကြောင့် အဆိုမှာရှုံးသွားလေသည်။ မောင်လူအေး၏အလိုအားဖြင့် အမည်များမှာ တိုလည်းတိုရမည်။ အဓိပ္ပါယ်လည်း ပေါ်လွင်ထင်ရှားရမည်။ ဤခွေးကလေးတို့မှာ ချင်းတောင်တွင် မမွေးကြသော်လည်း ချင်းခွေးအမိအဖများမှ မွေးကြသောကြောင့် ချင်းအမည်များကို မပျောက်စေရာ သို့ဖြစ် သောကြောင့် အထီးကလေးနှစ်ကောင်အနက် အညိုကလေးကို 'အောင်း'၊ အနက်ကလေးကို 'ဒိုင်း' ဟူ၍အမည်ပေးပြီးလျှင် ကျန်ခွေးမ ကလေးသုံးကောင်အနက် အကြီးဆုံး အမဲကလေးကို 'ချီ'၊ အလတ်ကလေးကို 'ဘူး'၊ အငယ်ဆုံးအညိုမကလေးကို 'ဒွေး' ဟူ၍ အမည်ပေးလိုက်လေ၏။ ဤ အောင်း၊ ဒိုင်း၊ ချီ၊ ဘူး၊ ဒွေး ဆိုသောအမည်တို့ကား မုံးမြစ်ကြောင်းတွင် တည်ရှိသော ချင်းရွာ များဖြစ်ကြလေသည်။

ဤအဆိုကို ခင်သန်းမြင့်တို့က ကန့်ကွက်ကြသော်လည်း

မောင်လူအေးက ဗီတိုပါဝါသုံးလိုက်သောကြောင့် အတည်ဖြစ်သွားလေသတည်း။

ဂန္ထလောက

၁၉၃၇ မေလ

# ကလေးတို့အဖေ

ချို၊ ဘူး၊ ဒိုင်းအစရှိသော ငါးပွင့်ဆိုင် ကလေးတို့ကိုလွေဇော မွေးဖွားသည်မှာ အတော်ကြာလေပြီ။ အာမိတ်သည် ကလေးတို့ အဖေဖြစ်လာသည်မှာလည်း အတော်ပင်ကြာလေပြီ။ အာမိတ်မှာ ငယ်ငယ်တုန်းက လွတ်လွတ်လပ်လပ် နေလာခဲ့သော်လည်း ကလေးတို့အဖေ ဖြစ်လာသောအခါ တာဝန်တွေ အတော်ပို၍လာ၏။ ရှေးအခါထက်လည်း ပိုမို၍ ကြွန္တေ့ရလာလေသည်။

လွေဇောသည် သားသမီးများကို အာမိတ်လောက် ခင်မင်ပုံမရ။ ကလေးများ ငယ်ငယ်နို့စို့တတ်တုန်းက အရွယ်ကသာလျှင် ဂရုစိုက်ကာ နို့ချိုကျွေးလေသည်။ ကလေးများကို သူတကာ ယူမည်ကြောက်လေသည်။ ကလေးများ တော်တော်ကြီးပြင်းလာ၍

နို့ဖြတ်သောအခါတွင်မူကား ကလေးတို့ကို များစွာခင်မင်ခြင်း မရှိပေ။ ကလေးတို့ မိခင်ဖြစ်သောကြောင့် အနားသွားကာ ပလူး ကြသော်လည်း လွေဇောဂရုမစိုက်၊ စိတ်ရှုပ်ဟန် ရှိလေသည်။ တစ်ခါတစ်ခါ ကလေးတို့ကို ကိုက်လွှတ်လေ့ရှိ၏။ အများအားဖြင့် ကလေးတို့နှင့် အတူတူနေလေ့မရှိ။ အိမ်နောက်ဖေး အစေခံ တန်းလျားအနီး ကုက္ကိုပင်ကြီးအောက်တွင် ခွေးနက်ကြီး အနားမှာ အိပ်နေရလျှင် ကျေနပ်ပေပြီ။ စားချိန်သောက်ချိန် ကျမှသာလျှင် ကလေးတို့နှင့် အတူရောနှောကာ လာရောက်စားသောက် လေ့ရှိလေသည်။

အာမိတ်ကား လွေဇောကဲ့သို့ ကလေးတို့ကို ဥပေက္ခာပြု မထားပေ။ ကလေးတို့ကို စောင့်ရှောက်ရန်တာဝန်မှာ အာမိတ် အပေါ်တွင် လုံးလုံးလျားလျား ကျရောက်နေလေပြီ။ ညနေထမင်း စားသောက်ပြီးလျှင် အိမ်ရှေ့မြက်ခင်းပေါ်တွင် ကလေးများ လိုက်တမ်းပြေးတမ်း ကစားနေရာတွင် အာမိတ်ပါ၏။ဝင်း အပြင်ဘက်တွင် ခွေးများဖြတ်သွားသောအခါ ကလေးများကို ရန် မူမည် ထင်သောကြောင့် အာမိတ် အတင်းလိုက်လေ့ရှိလေသည်။ ကလေးများအနီးသို့ မျက်နှာစိမ်းလူများ သွားလျှင် အာမိတ် ဟိန်း လေတော့၏။ ကလေးများကို ရန်မူမှာ အာမိတ်လွန်စွာ ကြောက် လေသည်။

မောင်လူအေးတို့အိမ်နှင့် မနီးမဝေးတွင်ဇော်ဂျီမြစ်စီးဆင်းနေလေသည်။ မနက်စောစော မောင်လူအေးတို့ အိပ်ရာမှ မထမီ ဇော်ဂျီမြစ်ကမ်းနဖူးသို့ ကလေးများကို ခေါ်သွားပြီးလျှင် ရေစပ်တွင် ငါးစောင့်နေကြသော ဗျိုင်းတို့ကို လိုက်ဖမ်းလေ့ရှိလေသည်။ မောင်လူအေးတို့ အိပ်ရာမှထ၍ ကာဖီသောက်ချိန်ကျတော့မှ သူ့သားသမီးများနှင့် ပြန်လာလေသည်။ တစ်ကိုယ်လုံး ရွှံ့တွေပေ။ ရေတွေစိုလျက် နေကြကုန်၏။ မောင်လူအေးတို့မြင်လျှင် အာမိတ်ကြီးသာလျှင် အကြိမ်းမောင်းခံရလေသည်။

မောင်လူအေးတို့ အိမ်ဝင်းခြံပေါ်တွင် ပြေးလွှားကစားနေကြသော ရှဥ့်ကလေးများကို လိုက်ရန် ကလေးများအား သင်ကြားပေးသည်မှာလည်း အာမိတ်ပင်ဖြစ်၏။ ရှဥ့်ကလေးများ ဝင်းခြံပေါ်တွင် ပြေးသွားသည်ကိုဗင်း၊ သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းပေါ်သို့ သစ်ပင်တစ်ပင်မှ တစ်ပင်ပေါ်သို့ ခုန်ဆင်းကြသည်ကိုဗင်း မြင်လျှင် အာမိတ်ကြီးက ရှေ့ဆောင်ကာ လိုက်လေတော့၏။ ကလေးများ အာမိတ်နောက်မှ ပြေးလိုက်ကြလေသတည်း။

ကလေးများကို စောင့်ရှောက်ရန်ဗင်း၊ သွန်သင်ရန်ဗင်း လွှဲဇောသည် အာမိတ်အား လုံးလုံးကြီးလွှဲအပ်ထားပြီးလျှင်

ခွေးနက်ကြီးနှင့် တစ်ကောင်၏မျက်နှာကို တစ်ကောင်ကြည့်ကာ ကြည်ဖြူစွာနေ၏။ ဤကဲ့သို့ အာမိတ်ကြီး၏ အုပ်ထိန်းခြင်းဖြင့် သာလျှင် ကလေးများသည် တစ်နေ့တခြား ကြီးပြင်း၍ လာကြရ လေသည်။ ကာလပေါ်ဝတ္ထုဆရာများ ရေးသားသကဲ့သို့ နာရီကို နေ့စား နေ့ကိုလစားလာသည်နှင့်ပင် ချီ၊ ဘူး၊ ဒိုင်းတို့သည် ခွေးပျိုများဖားဖား ဖြစ်နေကြလေပြီ။ လွေဇောလောက် နီးပါးရှိနေ ကြပြီဖြစ်သောကြောင့် တစ်ခါတစ်ခါ ဘူးနှင့်လွေဇောကိုပင် မောင်လူအေးတို့မှားလေ့ ရှိကြလေသည်။ ကလေးများသည် အာမိတ်၏ အုပ်ထိန်းခြင်းဖြင့် ကြီးပြင်းလာကြသောကြောင့် လားမသိ။ အာမိတ်ကိုသာ ပိုမို၍ ချစ်ကြလေသည်။ လွေဇော အနားကို များစွာမကပ်ကြ။ လွေဇောကလည်း အကပ်မခံလို။

ကလေးများ အပြိုင်းအရိုင်း ကြီးပြင်းလာကြပြီဖြစ်သော ကြောင့် သူတို့၏ထမင်းအိုးလည်း တစ်နေ့တခြား ကြီးမား၍လာ လေသည်။ အာမိတ်နှင့် လွေဇော နှစ်ကောင်တည်း ရှိစဉ်ကမူကား သူတို့အတွက် ထမင်းသက်သက်မချက်။ မောင်လူအေးတို့စား သည့်အထဲကပင် ကျွေးလေသည်။ သူတို့အတွက်ပါပိုပြီးလျှင် ထွန်းဖေတို့က ချက်ကြရလေသည်။ ဟင်းဆို၍လည်း အထူးမချက်။ မောင်လူအေးတို့ စားသောဟင်းကိုပင် ကျွေးလေသည်။

ဘူးတို့ ဒိုင်းတို့ ကြီးပြင်းလာသောအခါ ခွေးတပ်ကြီးတစ်စု တိုးလာပြီ ဖြစ်သောကြောင့် သူတို့အတွက် ထမင်းတစ်အိုး သပ်သပ် ချက်ကျွေးရလေသည်။ ဆန်ကောင်းကောင်းကို မကျွေးနိုင်။ ဆန်ကွဲနှင့်အမဲရိုးတို့ကို ကျိုပြီးလျှင် တစ်ကောင်လျှင် သံဇလုံ တစ်ခုကျစီနှင့် ထည့်ကျွေးလေသည်။ တစ်လတစ်လလျှင် ဆန်ကွဲ ဖိုးပင် အတော်ကုန်လေသည်။ သူတို့တတွေ အတွက်ကပေမယ့် တစ်လလျှင် ဆန်ကွဲဖိုး အမဲရိုးဖိုး တော်တော်ကုန်ကျ၏။ မောင်လူအေး၏ စိတ်ထဲတွင်ကား အာမိတ်တို့သားအဖတတွေကို ကျွေးမွေးရသည်မှာ အလှူပေးသည်ဟူ၍ သဘောထား၏။ စေတနာထားတတ်လျှင် ကုသိုလ်ရမည် အမှန်ပင်ဖြစ်တော့သည်။ သုံးထောင်ကုန် လေးထောင်ကုန် အလှူမလုပ်နိုင်သော မောင်လူအေးကား ဤအလှူမျိုးနှင့်ပင် ကျေနပ်ရရှာတော့၏။

မောင်လူအေးတို့အိမ်တွင် ခွေးတပ်ကြီးရှိသောကြောင့် အိမ်ဝင်းအတွင်းသို့ ဝင်ဝံ့သူ ရှားလေတော့သည်။ မျက်နှာစိမ်း တစ်ယောက် ဝင်လာလျှင် ခွေးဟောင်သံတွေမှာ ဆူညံ၍သာ နေလေတော့သည်။ တစ်ခါတရံ ထမင်းကျန်၊ ဟင်းကျန်များကို လိုက်လံရှာဖွေစားသောက်လေ့ရှိသော ခွေးဝင်စားများဝင်းအတွင်း ဝင်လာမှုဖြင့် ထိုခွေးများ မချမ်းသာတော့ပြီ။ အာမိတ်က ခေါင်းကိုဝင်ဆွဲလိုက်။ ဘူးက အမြီးကိုဝင်ဆွဲလိုက်။ ဒိုင်းက ဝင်ဆွဲလိုက်

နှင့်ပင် ထိုခွေးမှာ အတော်ဒုက္ခရောက်လေသည်။ မောင်လူအေး တို့က ဝင်ပြီးတားတော့မှ ရပ်သွားကြလေတော့သည်။ ဤသို့ အပြင်အပမှ လာသောခွေးများကို ကိုက်ဆွဲလိုက်သောနေရာတွင် အရေးကြီးက သွေးနီးရာ ဆိုသကဲ့သို့ လွှဖောလည်း ပါဝင်လေ့ ရှိလေသည်။ လွှဖော၏ ခြေလှမ်းကို အမြဲစောင့်ကြည့်နေသော ခွေးနက်ကြီးလည်း ပါလေတော့၏။ အာမိတ်နှင့် ကလေးတွေ ဘာလုပ်လုပ်၊ ဘယ်သွားသွား၊ ခွေးနက်ကြီးသည် ဂရုမစိုက်။ လွှဖောကိုမူကား မျက်စိအပြတ်မခံ။ လွှဖောသွားလျှင် သွားခြင်း။ လွှဖော အိပ်လျှင်အိပ်ခြင်း။ လွှဖော ပြေးလျှင်ပြေးခြင်း။ ခွေးနောက်ပိုးကြီးဟူ၍ဆိုလျှင် မှားလိမ့်မည် မဟုတ်ပေ။ လွှဖောထံတွင် မျက်နှာရအောင် အလွန်လုပ်တတ်သော ကြာသမား ခွေးနက်ကြီးပေတည်း။ အာမိတ်ကား ခွေးနက်ကြီးကဲ့သို့ ကြာသမားမဟုတ်။ ဣန္ဒြေရရ။ ခပ်တည်တည် နေလေသည်။ ယောက်ျားပီသပါပေ၏။ သို့သော် လွှဖောကမူကား ယောက်ျားပီသသော အာမိတ်ကြီးကို များစွာမနှစ်သက်။ အရေးမလုပ်။ ကြာသမား ခွေးနက်ကြီးကိုသာလျှင် အရေးလုပ် လေ့ရှိ၏။ သို့သော် အာမိတ်ဂရုမစိုက်။

မောင်လူအေးတို့အိမ်နှင့် မနီးမဝေးရှိ မြို့မရာဇဝတ် ဝန်ထောက် ဦးကျော်စိန်၏ အိမ်တွင်လည်း ခွေးတပ်တစ်တပ်

ရှိလေသည်။ ထိုခွေးတပ်ကြီးတွင် ခွေးကြီးခွေးငယ် ငါးကောင်၊ ခြောက်ကောင်ခန့် ရှိပေလိမ့်မည်။ မောင်လူအေးတို့ ရောက်စက မောင်လူအေးတို့အိမ်တွင် အာမိတ်နှင့် လွေဇော နှစ်ကောင်သာ ရှိသောကြောင့် ဦးကျော်စိန်၏ ခွေးတပ်တော်သားတို့သည် အာမိတ်တို့ကိုပမာမခန့်လုပ်ကြ၏။ ခွေးနက်ကြီးကပါ မျက်နှာလို မျက်နှာရ လွေဇောတို့ဖက်မှပါသော်လည်း ဦးကျော်စိန်၏ ခွေးတပ်က ကြီးသောကြောင့် အာမိတ်တို့မှာ အညံ့ခံနေကြရလေသည်။ တစ်ခါတစ်ခါ အာမိတ်တို့၏ ပိုင်နက်ဝင်းအတွင်းသို့ ဝင်လာပြီးလျှင် အာမိတ်တို့အား ဟိန်းလိုက်၊ ဟောင်လိုက်နှင့် လုပ်ကြလေသည်။ အာမိတ်တို့ကား မိမိတို့၏ ပိုင်နက်အတွင်းသို့ ကျူးကျူးကျော်ကျော် ဝင်လာရပါမို့လားဟု ဒေါသအမျက် ခြောင်းခြောင်း ထွက်ကြပြီးလျှင် အတင်းပြေးလိုက်ကြလေတော့၏။ ဦးကျော်စိန်၏ ခွေးတပ်တော်သားတို့၏ အရေအတွက်က အားကောင်းနေကြသောကြောင့် ပိုင်နက်ထဲမှ ထွက်မသွားကြဘဲ အမှုမဲ့အမှတ်မဲ့ မထီလေးစား လုပ်နေကြလေသည်။ အာမိတ်တို့ကား ထိုခွေးတပ်သားတို့၏ အနားရောက်သောအခါ အားမတန်သောကြောင့် မာန်ကိုလျှော့ကြပြီးလျှင် ဟိုလုပ်မယောင် သည်လုပ်မယောင်နှင့် လုပ်ကာ လှည့်ပြန်လာကြရရှာကုန်၏။ မည်မျှ အသည်းနာကြမည်နည်း။ ခွေးများသည် မိမိတို့၏ပိုင်နက်ကို အလွန်အရေးပေး

လေ့ရှိကြကုန်၏။ အာမိတ်နှင့်လေ့ဗဇောတို့ မျက်နှာသေကလေး များနှင့်လှည့်ပြီး အိမ်တွင်းသို့ဝင်လာကြသည်ကို မောင်လူအေး မြင်လျှင် များစွာသနားမိတော့၏။

ယခုကား ဘူးတို့၊ ချိတို့၊ ဒိုင်းတို့ ကြီးပြင်းလာကြပြီဖြစ်သော ကြောင့် အာမိတ်နှင့် လေ့ဗဇောတို့မှာ အတော်ပင် အထောက်အခံ ရကြလေသည်။ အာမိတ်တို့၏တပ်က ဦးကျော်စိန်၏ ခွေးတပ်ထက် အားကောင်းလေပြီ။ တစ်နေ့သောအခါ အာမိတ်ကြီးက ခေါင်းဆောင်ကာ ဦးကျော်စိန်တို့ အိမ်ဘက်သို့ ထွက်သွားကြ လေသည်။ ပထမသော် ဦးကျော်စိန်၏ ခွေးတပ်သားများ ပြေး၍ လိုက်ကြလေသည်။ သို့သော် အာမိတ်တို့၏ ခွေးတပ်ကြီးကို မြင်လိုက်ရသောအခါ အတော်လန့်သွားကြဟန် တူလေသည်။ အာမိတ်တို့အနားသို့ မကပ်ဝံ့ကြချေ။ ထိုအခါကျမှ အာမိတ်တို့သည် ဦးကျော်စိန်တို့၏ ပိုင်နက်အတွင်းသို့ဝင်ကာ ကလဲ့စားချေ လေတော့၏။ ဦးကျော်စိန်၏ ဝင်းခြံတိုင်များကို စေ့အောင် ကျင်ငယ်ရေဖြင့် လိုက်၍ပန်းတော့၏။ ဦးကျော်စိန်၏ ခွေးတပ် သားများလည်း အခဲမကျေ ဖြစ်ပြီးလျှင် အတော်အခံရဆိုး နေကြလေသည်။ သို့သော် အာမိတ်တို့က အားကောင်းနေကြ သောကြောင့်သာ ငုံ့ခံနေကြရလေသည်။ အာမိတ်တို့တစ်စုလည်း ကလဲ့စားချေကြပြီးလျှင် မိမိတို့ပိုင်နက်သို့ ပြန်လာကြလေသည်။

ထိုနေ့မှစ၍ မည်သူ့ပိုင်နက်ကိုမျှ မည်သူ ကျူးကျော်ခြင်းမပြုဘဲ စစ်ပြေငြိမ်းကာ အေးချမ်းစွာ နေကြလေသတည်း။

အာမိတ်သည် မိမိ၏သခင်များကိုခင်မင်သကဲ့သို့ သားသမီးတို့ကိုလည်း သခင်များအား ခင်မင်စေချင်သည်။ မောင်လူအေး ရုံးမှပြန်လာလျှင် အိမ်ပေါက်ဝမှထွက်၍ အမြဲကြိုလေ့ရှိလေသည်။ သားသမီးများလည်း အာမိတ်၏ အတုကိုလိုက်ပြီးလျှင် ဆီး၍ကြိုကြကုန်၏။ မောင်လူအေးလည်း ဝမ်းသာလှသဖြင့် အားလုံးကို ခေါ်ပြီးလျှင် အိမ်ထဲသို့ဝင်၏။ တပျော်တပါးကြီး ပေပလေ။ လွေဇောကား မည်သည့်အခါမျှ မောင်လူအေးကို ကြိုဆိုလေ့မရှိ။ စိတ်ပျက်စရာ အလွန်ကောင်း။

အာမိတ်သည် ငယ်ငယ်ကနှင့်မတူ၊ တစ်စတစ်စ ခွေးရည်လည်၍လာ၏။ အကင်းပါး၍လာ၏။ အလိုက်သိ၍လာ၏။ ဝင်း အတွင်းသို့ ညစ်ညစ်စုတ်စုတ် အဝတ်အစားများကို ဝတ်စား၍ လာသူကိုမြင်လျှင် ကိုက်မယောင်၊ ဟပ်မယောင် ပြုလေသည်။ ကုလားသူတောင်းစားများ မဝင်ဝံ့ကြ။ အလိုက်သိတတ်သော အာမိတ်ပါတကား။ အဝတ်အစား သစ်သစ်လွင်လွင်နှင့် ဝင်လာလျှင်ကား ဟောင်ဟိန်းခြင်းကို မပြုရုံမျှမက ခရီးဦးကြိုကိုပင် ပြုတတ်ပေသေးသည်။ လွေဇောကား ဤသို့မဟုတ်။ မည်သူ့ကိုမျှ

ချမ်းသာမပေး။ နေ့စဉ် ပေါင်မုန့်လာပို့သောကုလားကိုပင် မြင်တိုင်းဟောင်၏။ ဒိုဘီကုလားကိုကား ကြည့်၍မရ။ အမြဲမပြတ်ဟောင်တော့၏။ အကျိုးအကြောင်းကို မသိတတ်သော လွေဇောဖြစ်၏။

တစ်နေ့သ၌ မြန်မာပြည်၏ လက်ဦးဆုံး နန်းရင်းဝန်အမတ်ကြီး ဒေါက်တာဗမော်နှင့် ပညာရေးဝန်ကြီးချုပ် ဦးသာယာဝတီမောင်မောင်တို့သည် တိုင်းခန်းလှည့်လည်ရင်း မောင်လူအေး၏နယ်သို့ရောက်၍လာ၏။ နယ်အတွင်းရှိ အရာရှိများ၊ နယ်မိနယ်ဖများနှင့် နန်းရင်းဝန်၊ ပညာရေး ဝန်ကြီးချုပ်တို့အားမိတ်ဆက်ပေးရန် အလို့ငှါ မောင်လူအေးသည် မိမိ၏အိမ်တွင်ညစာထမင်းကို တည်ခင်းကျွေးမွေးလေသည်။ လူပေါင်း ၂၀ နီးပါးခန့် ရှိပေလိမ့်မည်။ ညစာစားသောက်နေခိုက်၊ ရှုပ်ပွနေကြမည်ကို စိုးသောကြောင့် အာမိတ်တို့ သားအဖတတွေကို နောက်ဖေးအစေခံတန်းလျားတွင် လှောင်၍ထားစေ၏။

ထမင်းစားသောက်ပြီးနောက် ဧည့်ခန်းထဲတွင် စုဝေးကာထိုင်ပြီး စကားပြောနေကြခိုက် အာမိတ်ကြီး အခန်းထဲသို့ ဝင်လာတော့၏။ အဘယ်သို့ လွတ်လာသည်မသိ။ မောင်လူအေး အကြံအိုက်နေလေပြီ။ အခန်းထဲမှ နှင်ထုတ်ရမည်လော။ အမူမဲ့ အမှတ်မဲ့ထားရလျှင်ကောင်းမည်လော။ လူစိမ်းများကိုမြင်၍

အာမိတ်ဟောင်မှဖြင့် အရှက်ကွဲတော့မည်။ ဤသို့ မောင်လူအေး တွေးနေခိုက် ဧည့်သည်များလည်း စကားပြောခြင်းကို ရပ်လိုက်ကြကုန်၏။ အာမိတ်ကိုက်တတ်သည် မကိုက်တတ်သည်ကို မသိသဖြင့် ကိုက်မှာကို ကြောက်သူက ကြောက်ကြဟန်တူ၏။

ဤသို့ မောင်လူအေးမှာ အခက်အခဲနှင့် ကြုံနေခိုက်တွင် အာမိတ်သည် ဧည့်သည်တွေ၏မျက်နှာများကို လိုက်ကြည့် ပြီးလျှင် နန်းရင်းဝန်ကြီးအနီးသို့ စိုက်စိုက်၊ စိုက်စိုက်နှင့် သွား၏။ အနားသို့ရောက်သော် နန်းရင်းဝန်၏ခြေကို တစ်ချက်နှစ်ချက် နမ်းကြည့်ပြီးလျှင် နန်းရင်းဝန်ကြီး၏ ခြေရင်းတွင်ဝပ်ကာ ဣန္ဒြေသမ္ပတ္တိနှင့် နေလေသတည်း။ သည်တော့မှ မောင်လူအေး စိတ်အေးသွားသတည်း။

လူ ၂၀ ခန့်တွင် နန်းရင်းဝန်ကြီးကို အာမိတ်အသို့ ရွေးနိုင်ပါသနည်း။ နန်းရင်းဝန်ကြီး၏တန်ခိုးမှာ ကြီးမားလှသောကြောင့်ပေလော။ အာမိတ်မှာ အကင်းပါးလှသောကြောင့်ပေလော။ ထိုလူ ၂၀ခန့်အနက် နန်းရင်းဝန်ကြီးမှာ အလှဆုံးသောကြောင့်ပေလော။

ဂန္တလောက

၁၉၃၈ ဧပြီလ

# အနိဒ္ဒ

ခွေးတို့၏ လောကကြီးတွင် တစ်နှစ်တစ်ကြိမ်အချစ်နာလန်ထသည်မှာ ဓမ္မတာပင်ဖြစ်၏။ တော်သလင်းလကျမှဖြင့် ခွေးအပေါင်းတို့ကို ရာဂနတ်မင်းကြီးသည် ဖမ်းစားလေတော့ သတည်း။

အာမိတ်၊ လွှဲဇောနှင့် ခွေးနက်ကြီးတို့မှာ သိကြားမင်း၏ သားသမီး မဟုတ်ကြသောကြောင့် သူတို့လည်း ရာဂနတ်မင်းကြီး ၏ ဖမ်းစားခြင်းကို ခံကြရရှာလေသည်။ ရာဂနတ်မင်းကြီး၏ လက်ဦးဆုံး ဖမ်းစားခြင်းကို ခံရသူကား လွှဲဇောနှင့် ခွေးနက်ကြီးတို့ ဖြစ်ကြလေသည်။လွှဲဇောနှင်ခွေးနက်ကြီးတို့မှာ နဂိုကပင်

တစ်ကောင်နှင့် တစ်ကောင်ရင်းနှီးရသည့်အထဲတွင် ရာဂနတ်မင်းကြီးက ဖမ်းစားလိုက်ပြန်သောအခါ အထူးပင် မူးမူးရူးရူးဖြစ်၍သွားကြကုန်၏။ လွှေဇောနှင့်ကြာသမား ခွေးနက်ကြီးတို့မှာ သွားလည်းတူတူ နေမူမကွာ လွန်စွာမှပင် ပျော်ပါးနေကြကုန်၏။ စားရမှန်းလည်းမသိ။ သောက်ရမှန်းလည်းမသိ။ တစ်ကောင်ကို တစ်ကောင် ပလူးနေရှုနူးနေရလျှင် ကျေနပ်ကြလေပြီ။ လွှေဇောကလည်းအမူပါ။ ကြာသမား ခွေးနက်ကြီးကလည်း အနူးကောင်း။ သူတို့ ၂ကောင်မှာ အပျော်ကြီးပျော်နေကြကုန်၏။ မိုးမမြင်၊ လေမမြင်။

လွှေဇောနှင့် ခွေးနက်ကြီးတို့၏အဖြစ်အပျက်ကိုမြင်ရလျှင် အာမိတ်မှာ မနာလိုဖြစ်မိပေ၏။ မနာလိုဖြစ်ရာမှရန်ထောင်လိုသောစိတ် ပေါ်ပေါက်၍လာ၏။ လွှေဇောနှင့်ခွေးနက်ကြီးတို့ တစ်ကောင်နှင့်တစ်ကောင် ကျီစယ်နေကြသည်ကို အာမိတ်မမြင်လိုတော့ပြီ။ မကြည့်နိုင်တော့ပြီ။ အာမိတ်ကို ရာဂနတ်မင်းကြီးဝင်၍ပူးလေပြီ။ အာမိတ်ခါတိုင်းကဲ့သို့ မနေနိုင်ရှာ။ လွှေဇော၏အနားသို့ ရစ်သီရစ်သီနှင့် သွားတော့၏။ ခွေးနက်ကြီးက မာန်လေသည်။ အာမိတ်အဘယ်မှာလျှင် ခံနိုင်တော့အံ့နည်း။ ရာဂနတ်မင်းကြီး ဖမ်းရုံမျှမက ဒိန်းဒလိမ်းနတ်လည်း ဝင်ပူးလာ လေပြီ။

မောင်လူအေးတို့ ဤနေအိမ်သို့ရောက်စက အာမိတ်နှင့် လွေဇောတို့မှာ ငယ်ကြသေး၏။ အပျိုတော်၊ လူပျိုတော်ဝင်ခါစ ရှိကြသေးသည်။ ခွေးနက်ကြီးကား အသက်အတော်ကြီးနေလေပြီ။ ယခင်နှစ်ကမူကား အသက်ကလည်းကြီး၊ အိမ်ခံကလည်း ဖြစ်ပြန်သောကြောင့် အာမိတ်ကို နိုင်ချင်သလိုနိုင်ခဲ့လေသည်။ အာမိတ်ခမျာမှာ ခွေးနက်ကြီးကို အတော်ပင်ကြောက်ခဲ့ရရှာ၏။ ခွေးနက်ကြီးထားရာမှာ နေခဲ့ရရှာ၏။ ယခင်နှစ်က ခွေးနက်ကြီးနှင့် လွေဇောတို့ ချစ်ကြိုက်ကြရာမှာပင် သူအကူအညီ ပေးခဲ့ရလေသည်။

ယခုကား ဤသို့မဟုတ်တော့ပြီ။ အာမိတ်မှာ အသက်လည်း ကြီးလာလေပြီ။ အရွယ်ကလည်း ခွေးနက်ကြီးထက်ပင် ထွားကျိုင်းသေး၏။ ဘူး၊ ချီ၊ ဒိုင်းစသော သားသိမ်းများကို အုပ်ထိန်း လာခဲ့ရသောကြောင့် သတ္တိလည်းကောင်း၍လာလေပြီ။ ရှေးကခွေးနက်ကြီးအားရွံ့တွန့်တွန့်ဖြစ်ခဲ့သော်လည်း ရာဂနတ်ကြီးနှင့် ဒိန်းဒလိန်းနတ်တို့ကကူညီအားပေးကြသောကြောင့်ခွေးနက်ကြီးနှင့်အားပြိုင်လိုသောစိတ်ထားမှာ အာမိတ်တွင်ပေါ်၍လာ၏။

တစ်ခုသောညနေတွင် ကြာသမားခွေးနက်ကြီးနှင့် လေ့ဇောတို့ကျီစယ်ကစားနေကြခိုက်အာမိတ်ကြီးသည် လေ့ဇော၏ အနားသို့ပြေး၍သွား၏။ ကြာသမားခွေးနက်ကြီးက မာန်၍လွှတ် လေသည်။ ရှေးအခါကဖြစ်မူကား အာမိတ်လှည့်၍ ပြေးမည်မှာ မုချပင်။ ယခုမူပြန်၍မပြေးဘဲ "ဟေ့ မယားခိုး။ မယားထိတော့ သွားကိုကြည့်ကွ" ဆိုသောအနေနှင့် မိမိ၏သွားများကို ဖြဲ၍ပြ လေတော့၏။ ကြာသမားခွေးနက်ကြီးမှာ အတော်ပင် အံ့အားသင့် သွားပြီးနောက်မှ "ဘာပြောတယ်၊ ဒါငါ့မယားကွ။ မင်းနဲ့မဆိုင် ပါဘူး" ဆိုသောအနေနှင့် မိမိ၏သွားများကို ဖြဲ၍ပြလိုက်ပြန် လေ၏။ လေ့ဇောကား ခွေးနက်ကြီး၏ အနားကမခွာ "ဒါမှ ငါ့သခင်" ဆိုသောအနေမျိုးနှင့်နေပေ၏။

အာမိတ် ကြောက်သွားပြီလော။ စိတ်ပျက်သွားပြီလော။ အဘယ်မှာကြောက်ပါအံ့နည်း။ အဘယ်မှာ စိတ်ပျက်ပါအံ့နည်း။

"ဟေ့ လေ့ဇောဟာငါ့မယားမဟုတ်လို့၊ ဘယ်သူ့မယားလဲ။ ငါ့မိဘများက လူကြီးစုံရာရှေ့မှာ ပေးစားထားတာ၊ တိုင်းသိ ပြည်သိမှတ်ပါ။ သတင်းစာထဲမှာ ဓာတ်ပုံမပါတာ တမယ်ရှိတယ်"

ဆိုသောအနေနှင့် သွားများကိုဖြဲ၍ပြပြန်၏။ ဟိန်း လည်းဟိန်း၏။ ဟောင်လည်းဟောင်၏။

"မင်းဘာမှ စကားမများနဲ့၊ မင်းမိဘတွေက ပေးစားတာ၊ မပေးစားတာ ငါနားမလည်ဘူး။ ငါ့ကို လွေဖောချစ်တယ်။ ငါက လွေဖောကို ချစ်တယ်။ မယုံရင် လွေဖောကိုမေးကြည့်" ဆိုသော အနေနှင့် သွားများကို ဖြဲပြပြီးလျှင် လွေဖောကို လှည့်၍ကြည့်၏။ လွေဖောကလည်း ထောက်ခံသောအနေနှင့်ခွေးနက်ကြီး၏ အနား သို့ကပ်၍သွားလေသည်။ အာမိတ် အတော်ပင် မျက်နှာပျက် သွား၏။ ဒေါသလည်းထွက်လေသည်။ သို့သော် နောက်သို့ မဆုတ်။

"ဘယ်သူ့ကို ချစ်ချစ်၊ ငါမသိဘူး။ လူကြီးစုံရာ ရှေ့မှာ ပေးစားထားတဲ့ ငါ့မယား။ ငါသာပိုင်တယ်။ မင်းမပိုင်ဘူး။" ဆိုသောအနေနှင့် သွားများကို ဖြဲ၍ပြပြန်၏။

အာမိတ်က ဥပဒေစကားကို ပြောသောအခါ ကြာသမား ခွေးနက်ကြီးမှာ အတော်ပင် အနေရခက်သွား၏။ လွေဖောလည်း မျက်နှာပျက်သွားလေသည်။ နောက်ဆုံး၌ အကြံတစ်ခုရလာ ပြီးလျှင် "ဟေ့ ဘာဘဲဖြစ်ဖြစ်၊ နောင်ခါလာ၊ နောင်ခါစျေး၊ အခုမင်း ငါ့မယားကို ထိဝံ့ရင်ထိစမ်း။" ဟုဆိုကာ ဟိန်းလိုက်၏။

"ကိုင်းကွာ ထိသကွာ" ဆိုသောအနေနှင့် လေ့ဇောင်၏ အနားသို့ ပြေး၍သွား၏။ လေ့ဇောလည်း ခွေးနက်ကြီး၏ နောက်ဘက်သို့ ဝင်လိုက်လေသည်။ ခွေးနက်ကြီးလည်း ဒေါသ အမျက်ခြောင်းခြောင်းထွက်ပြီးလျှင် အာမိတ်ကို ဆီး၍ကိုက် တော့၏။ အာမိတ်ကလည်းမခံ၊ ပြန်၍ကိုက်လေသည်။ ခွေးနက် ကြီးနှင့် အာမိတ်တို့မှာ သူတပြန်၊ ငါတပြန်နေကြလေသည်။ ကုက္ကိုပင်ကြီးအောက်တွင် ဆူညံ၍သာ နေတော့၏။

မောင်လူအေးသည် ဒင်းတို့၂ကောင်ကို အတန် ကြာအောင် အကိုက်ခိုင်းလေသည်။ သို့သော် မည်သူမျှမရှုံး၊ မည်သူ မျှမနိုင်ချေ၊ နောက်ဆုံးတွင် မော်တော်ကားသမား မောင်နီနှင့် ရေထမ်းသမား မဟာရံတို့အား အဖြန်ခိုင်းလိုက်လေသည်။ အာမိတ် မျက်နှာစုတ်သွား၏။ ခွေနက်ကြီး၏ တင်းပါးနှင့်ကိုယ် တို့မှာ အကြီးအကျယ် ပြဲသွားလေသည်။ သို့သော် အခဲမကျေကြသေး။ မောင်နီတို့ကို ကြောက်၍သာ တကွဲတပြား ထွက်ပြေးကြလေသည်။

နောက်တစ်နေ့နံနက် ကာဖီသောက်ပြီးနောက် မောင်လူအေးသည် အိမ်အပေါ်ထပ် စာရေးစားပွဲတွင် အမှုတွဲများနှင့် ရှုပ်ပွေနေခိုက် အိမ်ရှေ့မြက်ခင်းပေါ်တွင် အာမိတ်နှင့်

ခွေးနက်ကြီးတို့၏ စစ်ပွဲကို မြင်ရပြန်၏။ အမှုတွဲများကို ခဏ ချထားပြီးနောက် အာမိတ်တို့၏စစ်ပွဲကို စိတ်ပါ၊ လက်ပါ မောင်လူအေး ကြည့်နေလေသတည်း။

လက်ဦးတွင် ခွေးနက်ကြီးက နိုင်မယောင်ယောင်နေ၏။ အတော်လေးကြာလျှင် ခွေးနက်ကြီးမောစပြုလေပြီ။ မနေ့ညနေက အာမိတ် ကိုက်ထားသောကြောင့် တင်ပါးနှင့်ကိုယ်တို့မှာ အနာများကလည်း ဒုက္ခပေးစပြုကြလေပြီ။ အာမိတ်မှာ အသက်ငယ်ပြီး အားကောင်းသော တက်ခွေးဖြစ်၏။ ခွေးနက်ကြီးကား အသက်ကြီးပြီး ခွန်အားဆုတ်နေသော ကျခွေးဖြစ်လေသည်။ ရေရှည်ကိုက်ပွဲတွင် တက်ခွေးအာမိတ်အား ကျခွေး ခွေးနက်ကြီး သည် အဘယ်မှာလျှင် နိုင်အောင်ကိုက်ရန် တတ်နိုင်ပါအံ့နည်း။ ယောက်ျားပြီသသောအာမိတ်အား မိန်းမလိုမိန်းမရ ကြာသမား ခွေးနက်ကြီးသည် အဘယ်မှာလျှင် နှိမ်နင်းနိုင်အံ့နည်း။

ကိုက်ပွဲကြီးကိုစ၍ ၁၅မိနစ်အတွင်း ခွေးနက်ကြီး ထွက်ပြေးလေတော့၏။ အာမိတ်လည်း အခဲမကျေ။ နောက်မှပြေးလိုက်သေး၏။ သို့သော် သေပြေး၊ ရှင်ပြေးဝင်းအပြင်ဘက်သို့ ထွက်၍ပြေးတော့မှ လွှေဇောရှိရာ မြက်ခင်းသို့ အာမိတ်ပြန်၍လာ

သတည်း။ လေ့ဖော်၏စိတ်ထဲတွင် အာမိတ်သည် ခွေးနက်ကြီးကို မည်သည့်အခါမျှ နိုင်လိမ့်မည်ဟု မထင်ခဲ့ပေ။ ခွေးနက်ကြီးနှင့် တွေ့စမှယနေ့တိုင် ခွေးနက်ကြီး၏အပေါ်တွင် လေ့ဖော်သည် အစစအရာရာ၌ အထင်ကြီးခဲ့ပေ၏။ ယနေ့နံနက် ကိုက်ပွဲကျမှ အာမိတ်က ခွေးနက်ကြီးထက်ပင် သတ္တိကောင်းကြောင်း၊ ဇွဲ ကောင်းကြောင်း၊ ခွန်အားကောင်းကြောင်း သိရလေသည်။

အာမိတ်မိမိ၏အနားသို့ ရောက်လာသောအခါ လေ့ဖော် သည် အာမိတ်၏အနားသို့ ပြေးသွားပြီးလျှင် အာမိတ်၏မျက်နှာကို လျှာဖြင့်လျက်လေတော့၏။ အာမိတ်အား ချစ်ခင်သော အမူအရာ များကိုပြ၏။ အာမိတ်ကို အားကိုးသော အမူအရာ၊ မြတ်နိုးသော အမူအရာ၊ အထင်ကြီးသော အမူအရာတို့ကိုလည်း ပြလေသည်။ လေ့ဖော်၏အပြုအမူများကိုမြင်ရသော အာမိတ်၏မျက်နှာထားကို စာဖြင့်ရေးပြရန် ခက်လှပေ၏။ "ခွေးနက်ကြီး လောက်တော့ ငါဘာမှုမလဲ" ဆိုသောမျက်နှာထားနှင့် ခပ်တည်တည်ဂိုက်ကျကျ လေ့ဖော်၏အနားတွင် ရပ်ကာနေလေသည်။

အထက်ဖော်ပြရာပါ ကိုက်ပွဲကြီး ပြီးသည့်နောက် အာမိတ် နှင့်လေ့ဖော်တို့၏ အနားသို့ ခွေးနက်ကြီး လာဘို့ဝေးစွ မောင်လူအေး၏ ဝင်းအတွင်းသို့ပင် မဝင်ဝံ့တော့ပြီ။ ခွေးနက်ကြီး

ကိုရိပ်ခနဲ မြင်လိုက်သည်နှင့်တစ်ပြိုင်နက် အာမိတ်လိုက်လေတော့၏။ ခွေးနက်ကြီးမှာ သေပြေး၊ ရှင်ပြေး၊ ပြေးရရှာလေသည်။ လွှဖောကလည်း အာမိတ်၏ အနားမှမခွါတော့ပြီ။ အာမိတ်နှင့်လွှဖောတို့မှာ ချစ်၍မဆုံး ကြိုက်၍မဆုံး၊ ပျော်၍ မဆုံး၊ တပြုံးပြုံးနှင့်နေကြကုန်၏။ ဤအခြင်းအရာကို အဝေးမှာနေ၍မြင်ရသော ခွေးနက်ကြီးကား မည်မျှအခံရဆိုး၊ မည်မျှအသည်းနာမည်နည်း။

မနှစ်တုန်းက ခင်သန်းမြင့်၏ ရန်ကြောင့် လွှဖောနှင့် ခပ်ကြာကြာကလေး ကြင်ကြင်နာနာ မပေါင်းလိုက်ရ။ ယခုနှစ်ကျပြန်လည်း အာမိတ်တည်းဟူသော ရန်သူတက်ခွေးနှင့် တွေ့နေရပြန်သောကြောင့် နီးလျက်နှင့်ဝေးရပြန်လေသည်။ ခွေးနက်ကြီးသည် မိမိ၏ အဖြစ်အပျက်ကို တွေးတွေးပြီး ဆွေးနေဟန်တူလေသည်။

တစ်ခါတစ်ခါ မလွှဖောခင်နှမနှင့် မကြင်ရသော်လည်း မြင်ရလျှင် တော်ပါပြီ ဟူသောအနေနှင့် အာမိတ်မမြင်နိုင်သော ချုံအကွယ်မှလာ၍ ချောင်းရှာပေ၏။ အာမိတ်နှင့် လွှဖောတို့ ကျီစယ်နေကြသည်ကို မြင်လိုက်ရပြန်သောအခါ အသည်းထဲတွင် ကျွဲဝင်၍ခတ်လိုက်ဘိသကဲ့သို့ ဖြစ်ပြီးလျှင် မိမိ၏နေရာတွင်

မတည်မရပ်နိုင်ရှာဘဲ ထွက်သွားပြန်၏။ ခွေးနက်ကြီးမှာ မယားတရူး ဖြစ်ပြီးလျှင် မောင်လူအေးတို့၏ ဝင်းအပြင်ဘက်တွင် ရပ်တည် ခြင်းမရှိ။ တပြေးတည်း ပြေးနေလေတော့၏။ စားလည်းမစားနိုင်။ အိပ်လည်းမအိပ်နိုင်။ သောက်လည်း မသောက်နိုင်။ တမှိုင်မှိုင် တတွေတွေ ဖြစ်လျက်နေလေသတည်း။

ညအချိန်များတွင် စိတ်ညစ်လှသဖြင့် အသံကုန်ဟစ်၍ အူရှာ ပေ၏။ ခွေးနက်ကြီး၏ အူသံကို ကြားရသည်နှင့် တစ်ပြိုင်နက် အာမိတ် ဝင်းအတွင်းမှပြေးထွက်၍လိုက်ပြန်၏။ ခွေးနက်ကြီးမှာ စိတ်ရှိလက်ရှိပင် မအူရရှာပေ။ အာမိတ်ကြီးအနီးသို့ ရောက်လာ သောကြောင့် အူ၍မျှမဆုံးမီ ပြေးရရှာပြန်၏။

ဤသို့ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင်၊ တမှိုင်မှိုင်ပြေး နေရှာသော ခွေးနက်ကြီးမှာ တစ်နေ့တခြား ပိန်ခြုံး၍သာလာ လေသည်။ စိတ်ထောင်း၍ ကိုယ်ကြေဆိုသောစကားမှာ မှန်၍ လာလေပြီ။ အာမိတ် ကိုက်၍ထားသောဒဏ်ရာကလည်း ဒုက္ခ ပေးစပြုကြလေပြီ။ တစ်နေ့တခြား လျော့၍မသွားဘဲ တစတစ သာလျှင် တိုး၍လာတော့၏။ လွှဲဇောအတွက် စိတ်ညစ်ရသည် ကတစ်မျိုး၊ အာမိတ်ကိုက်ထားသောအနာများ တိုးလာသည်က တစ်တန်နှင့် အင်မတန်မှပင် ဒုက္ခရောက် နေရရှာပေ၏။

ယင်ကောင်များ၏ ပယောဂကြောင့် ခွေးနက်ကြီး၏ အနာများကို ပိုးများတွယ်စပြုလေ၏။ ခွေးနက်ကြီး မနေတတ်မထိုင် တတ်ဖြစ်နေရှာလေပြီ။ မည်သို့မျှလည်းမလုပ်တတ်၊ တပြေးတည်းပြေးနေရှာ၏။ ခွေးနက်ကြီး၏ဒုက္ခကို မြင်ရသော မောင်လူအေးမှာ မသနားဘဲမနေနိုင်။ သူ၏အနာများကို ဆေးထည့်ပေးအံ့ဟု ခေါ်သော်လည်း အနားသို့မလာ၊ မောင်နီတို့အား ဖမ်းခိုင်းသော်လည်း မရ။

ခွေးနက်ကြီး၏ ရောဂါမှာ အတော်ပင်ဆိုးလာသောကြောင့် ဝှင်းရောဂါနှင့်ပင် ခွေးနက်ကြီးသေတော့မည်ဟု အယူရှိကြလေသည်။ သူတို့၏အိမ်ရှေ့တွင် လာသေမည်ကို စိုးသောကြောင့် မောင်စိန်တို့လူစု ခွေးနက်ကြီးကိုမြင်လျှင် အဝေးသို့နှင်ပစ်လေ့ရှိကြကုန်၏။ ခွေးနက်ကြီးကား သေမည့်ဆဲဆဲမှာပင်လွှဗောကိုမမေ့နိုင်။ လွှဗောကို မမြင်ရလျှင် မနေနိုင်။ သေပင်သေရ စေကာမူ လွှဗော၏မျက်မှောက်တွင်သေအံ့ ဟူသောအနေဖြင့် သူတကာအိပ်ပျော်နေသော ညဥ့်နက်သန်းခေါင်အချိန်တွင် မိမိနှင့်လွှဗောတို့ ယခင်က ပျော်ပျော်ပါးပါး မြူးတူးကစားလေ့ရှိသော ကုက္ကိုပင်ကြီးအောက်တွင် လာ၍သေရှာပေ၏။

နောက်တစ်နေ့နံနက်စောစော မောင်စိန်တို့ အိပ်ရာမှထကြသောအခါ ခွေးနက်ကြီး၏ အလောင်းကို ကုက္ကိုပင်အောက်တွင်

မြင်ကြရကုန်၏။ ဤနည်းအားဖြင့် ကြာသမားခွေးနက်ကြီးသည် သေပွဲသို့ဝင်ရရှာလေသတည်း။ ချစ်ခြင်းသည် သတ္တဝါတို့အား တခါတခါ ကြီးစွာသော ဒုက္ခကို ပေးတတ်ပါတကား။

ဂန္ထလောက

၁၉၃၈ မေလ

## ခွဲခွာရေး

အာမိတ်တည်းဟူသော တက်ခွေး၏ပယောဂကြောင့် ကြာသမား ခွေးနက်ကြီး အနိစ္စရောက်သည်မှာကြာလေပြီ။ ခွေးနက်ကြီး၏ အရိုးများပင် ကျလောက်ပေပြီ။

လေ့ဇောတွင်လည်း ဒုတိယအကြိမ်မြောက် သားသမီး ကလေး ၆ကောင်မျှ ရပြန်၏။ အမကလေး ၂ကောင်၊ အထီးကလေး ၄ကောင်ဖြစ်လေသည်။ ၎င်းတို့အထဲတွင်လည်း အနက်ကလေး ၂ကောင် ပါလာပြန်၏။ ကြာသမား ခွေးနက်ကြီး၏ တန်ခိုးမှာ ကြီးမားပါပေသည်။

ထိုခွေးကလေးများ ပြေးနိုင်၊ လွှားနိုင်သောအရွယ်သို့

ရောက်လတ်သော် ခေတ်စမ်းသမား မောင်လူအေးက သူတို့ ၆ကောင် အား-တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက် ဟူ၍ အမည်ပေး လိုက်၏။ ဤအမည်မျိုးသည် ထူးခြားသော အမည်မျိုးမဟုတ် ဟူ၍ဆိုကာ မောင်လူအေးမိတ်ဆွေ ကွန်စုကကန့်ကွက်၏။ ကွန်စု၏ ကန့်ကွက်ချက်ကို မောင်လူအေးလက်မခံ။ ဤအမည်များ အတိုင်းပင်ထား၏။

ထိုခွေးကလေးများ ပြေးလွှားတတ်ကြ၍မျှ မကြာသေးမီ လွှေဇော၏ သမီးကြီးများ ဖြစ်ကြကုန်သော ဘူးနှင့်ချီတို့က သားကလေးများကို ပေါက်ဖွားကြပြန်၏။ ဘူးကမွေးသည်မှာ ၅ကောင်၊ ချီကဖွါးသည်မှာ ၆ကောင် ဖြစ်လေသည်။ ဤ သားကလေးများကိုပါ ပေါင်းလိုက်သော် မောင်လူအေး၏ အိမ်တွင် ခွေပေါင်း ၂၂ကောင်မျှရှိလေသည်။ မောင်လူအေးမှာ ယခုလက်ရှိ အစိုးရအလုပ်ကို လက်လွှတ်ပြီးလျှင် မုဆိုးဘဝသို့ ကူးပြောင်းလိုက ကူးပြောင်းနိုင်ပေပြီ။ သို့သော် မကူးပြောင်း။

တစ်နေ့သော် မိမိရွှေ့ဘိုသို့ ပြောင်းရွှေ့ရမည့်အကြောင်း မောင်လူအေးထံသို့ အစိုးရမင်းထံမှ စာတမန် ရောက်လာ၏။ တစ်မြို့မှတစ်မြို့သို့ ပြောင်းရွှေ့ရသည်မှာ လွယ်ကူသောအရာ မဟုတ်။ သိမ်းရ၊ ဆည်းရ၊ ပြင်ရ၊ ဆင်ရ၊ စီမံရ၊ ဆောင်ရွက်ရ နှင့်

စိတ်ပျက်စရာ လွန်စွာမှပင် ကောင်းလေသည်။ ထိုအရေးများ ထက်ခက်သောအရေးကား မိမိ၏ခွေးတပ်ကြီးကို မည်သို့ဆောင် ယူသွားရမည် ဟူသောအရေးဖြစ်လေသည်။

ရှိသမျှအားလုံးကို သိမ်းရုံး၍ ယူဆောင်သွားချင်၏။ မဖြစ်။ လေ့ဇော၏ ဒုတိယမြောက် သားကလေးများ ဖြစ်ကြကုန်သော တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက် တို့ကို ယူသွားမည်ဆိုက ဖြစ်နိုင်သေး၏။ ချီနှင့်ဘူးတို့ ၂ကောင်၏ပေါက်ခါစ မျက်စေ့ မပွင့်ကြသေးသော ခွေးကလေးများကို မည်သို့ဆောင်ယူသွားနိုင် ပါအံ့နည်း။ သူတို့အား ထားလည်းမထားခဲ့ချင်၊ ပေးလည်း မပေး ခဲ့ရက်၊ မောင်လူအေးသည် အင်္ဂလိပ်သာဖြစ်မူကား ဤခွေးသားကလေး ၁၁ကောင်မှာ ဇော်ဂျီမြစ်ထဲတွင် ကိစ္စတုံးကြရ ရှာပေလိမ့်မည်။

နောက်ဆုံးတွင်ကား ခွေးသားကလေးအားလုံးနှင့် သူတို့၏ မိခင်ဘူးနှင့်ချီတို့ကို မိတ်ဆွေများအားပေးခဲ့ရန် ဆုံးဖြတ်လိုက်ရ လေတော့၏။ ရာဇဝတ်ဝန် ဦးပိုက်တို့ကလည်း လိုချင်၊ လယ်ဝန် ဦးကျော်သောင်းတို့ကလည်း လိုချင်သောကြောင့် အတော်ပင် ဟန်၍သွားလေသည်။

မောင်လူအေးတို့ ရွှေဘိုသို့ မပြောင်းမီ ၃ရက်ခန့်အခါ

တစ်ညနေတွင် ဦးပိုက်တို့၏ အိမ်မှမော်တော်ဘတ်တစ်စီးသည် မောင်လူအေးတို့၏ အိမ်ဝင်းအတွင်းသို့ ဝင်လာ၏။ ထိုမော်တော်ဘတ်အတွင်း ဘူးနှင့်သားသမီးများ၊ ချီနှင့်သားသမီးများ ပါ၍ သွားကြလေသည်။

မောင်လူအေးတို့ကား ခွေးသားကလေးတို့ကို များစွာနှမြောခြင်း မဖြစ်ကြသော်လည်း ဘူးနှင့်ချီတို့အား ထားပစ်ခဲ့ရမည်ကို များစွာအသည်းနာလျက် နေကြလေသည်။ အကယ်၍သာ ခွေးသားကလေးများ နို့ခွဲကြပြီဖြစ်မူကား သူတို့ကို ပေးပစ်ခဲ့ပြီးလျှင် ဘူးနှင့်ချီတို့ကို မိမိတို့နှင့်အတူ ရွှေဘိုသို့ခေါ်ဆောင် သွားမည်မှာ မုချပင်။ ယခုမူကား ခွေးသားကလေးများမှာ နို့ကမခွဲသေး။ မျက်စေ့မပွင့်သေးသောကြောင့် ဘူးနှင့်ချီတို့ကို ယူဆောင်သွား၍ မဖြစ်။ ခွေးကလေးများ သေကုန်ကြမည်မှာ အမှန်ပင်ဖြစ်၏။ ဘူးနှင့်ချီတို့မှာလည်း သားကလေးများနှင့် ခွဲခွါရမည်ဖြစ်သောကြောင့် ယူကြုံးမရ ဖြစ်ကြရတော့မည်။ သို့ဖြစ်သောကြောင့် ဘူးနှင့်ချီတို့ကို သူတို့၏သားကလေးများနှင့်အတူ ဦးပိုက်နှင့် ဦးကျော်သောင်းတို့အား ပေးလိုက်ရခြင်း ဖြစ်လေသည်။ ဦးပိုက်က ဘူးကိုယူ၏။ ဦးကျော်သောင်းက ချီကို ယူလေသည်။

နောက်တစ်နေ့နံနက် မောင်လူအေးတို့ ထမင်းစားသောက်

နေခိုက်တွင် ဘူးသည် သံကြိုးတန်းလန်းနှင့် ပေါက်၍လာရှာ၏။ မောင်လူအေးတို့ကခေါ်သော်လည်း အနားမကပ်ဝံ့ရှာပေ။ အမြီးကလေးကို ကုပ်ထားပြီးလျှင် ကြောက်ကြောက်ရွံ့ရွံ့နှင့် ဖြစ်နေရှာပေ၏။ မောင်လူအေးတို့၏အကပ်ကိုပင်မခံရှာ။ မောင်လူအေးတို့ အနားသို့သွားလျှင် ရှောင်တိမ်း၍ ပြေးရှာ၏။ ထမင်းကျွေးလည်းမစား။ တမှိုင်မှိုင်၊ တတွေတွေနှင့် ဖြစ်နေ ရှာပေ၏။

အာမိတ်နှင့်လွေဇောတို့တတွေမှာလည်း ပျောက်သွားသော သူတို့၏ သားသမီးတစ်ကောင် ပြန်၍ရောက်လာပေသည်ဟု ဝမ်းမြောက်လှသဖြင့် ဘူးအား ဝိုင်းဝန်းကာ လျှာဖြင့်လျက်ပေးကြကုန်၏။ သူတို့မိသားတစ်စု ချစ်ခင် ကြပါပေသည်။

ဤသို့ပျော်ရွှင်စွာ ကုက္ကိုပင်ကြီးအောက်တွင် နေထိုင်ပြီးနောက် အတန်ကလေးကြာလျှင် ဆက်လက်၍ မနေနိုင်ရှာတော့ပြီ။ ဦးကျော်သောင်းအိမ်တွင် ကျန်ရစ်ခဲ့ကြသော ကလေးများကို သတိရသဖြင့် ဦးကျော်သောင်းတို့၏ အိမ်သို့ထ၍ ပြေးရှာပြန်၏။ ဘူး၏ ဖြစ်အင်ကိုမြင်ရသော မောင်လူအေးကား မသနားဘဲ မနေနိုင်။

အတန်ကလေးကြာလျှင် မိမိ၏သားကလေး တစ်ကောင်ကို ချီဆောင်လာသော ဘူးကို မောင်လူအေးတို့ မြင်ကြရကုန်၏။ ထိုသားကလေးအား နောက်ဖေးခန်းတွင် ထားခဲ့ပြီးလျှင် ဦးကျော်သောင်း၏ အိမ်ဘက်သို့ပြေးပြန်၏။ အတန်ကလေးကြာပြန်လျှင် သားကလေးတစ်ကောင်ကို ချီကာရောက်လာပြန်၏။ ဤနည်းအားဖြင့် မိမိ၏သားကလေး ၅ကောင်တို့ကို အိမ်သို့ ပြန်၍ ဆောင်ယူလာလေသည်။ မောင်လူအေးသည် အာမိတ်တို့ မိသားတစ်စု၏ဖြစ်အင်ကို ဆင်ခြင်စဉ်းစားရင်း သနားလျက် နေလေတော့သတည်း။

ညနေစောင်းလာသောအခါ ဦးကျော်သောင်း၏ ပြာတာဆံပင်ကောက်ကောက်နှင့် လူပုပုမှာ ပေါက်၍လာပြီးလျှင် ခွေးကလေးများနှင့် သူတို့၏မိခင် ဘူးကိုပါ ယူဆောင်သွားရန် စီမံ၏။ ဘူးမှာ ဦးကျော်သောင်း၏ အိမ်သို့ လိုက်သွားရမည်ကို ကြောက်လှသောကြောင့် ချောင်ထဲတွင် ကုတ်လျက်နေရှာပေ၏။ အာမိတ်တို့တတွေကလည်း ထိုသူအား ဟိန်းဟောက်ပြီးလျှင် ကိုက်မယောင်ပြုကြလေသည်။ မဟာရံတို့၊ မောင်နီတို့၊ မောင်စိန်တို့က သူတို့အားဆီး၍ မောင်းကြရလေသည်။

ဤသို့ဆူညံဆူညံနှင့် ဖြစ်နေကြသည်ကိုမြင်ရ၊ ကြားရသော

မောင်လူအေးကား၊ ဝေဿန္တရာဇာတ်တော်ကြီးကို ပြေး၍သတိရမိပေ၏။ ဝေဿန္တရာမင်းကြီးသည် သားနှင့်သမီးတို့အား ဇူဇကာပုဏ္ဏားအား လှူလိုက်ပြီးနောက်၊ ဇူဇကာပုဏ္ဏားကြီး၏ လက်မှလွတ်ထွက်၍ ပြေးလာကြသော သားနှင့်သမီးတို့အား မိမိမျက်မှောက်တွင် ဇူဇကာပုဏ္ဏားကြီး ပြန်၍ဖမ်းသွားသောအခါ၊ မခံသာအောင် ဖြစ်ရရှာပေ၏။ ယခုမှာကား မောင်လူအေးသည်၊ သားသမီးမျှမဟုတ်သေး၊ မိမိ၏အိမ်တွင်ကျွေးမွေး၍ထားသော၊ ခွေး၏အဖြစ်အပျက်ကို မြင်ခါမျှနှင့် သည်းမခံနိုင်အောင် ဖြစ်ရပေ၏။ ဦးကျော်သောင်း၏ပြာတာကို နှင်ထုတ်ပြီးလျှင်၊ မိမိ၏ခွေးများကိုပြန်၍ သိမ်းပိုက်ထားချင်လာ၏။ မောင်လူအေးဤမျှဖြစ်လျှင်၊ ဝေဿန္တရာမင်းကြီးမှာ ဆိုစရာမရှိတော့ပြီ။ ဤသို့တွေးတောနေခိုက်တွင် ဘူးတို့သားအမိသည် ဦးကျော်သောင်း၏ပြာတာလက်တွင် လိုက်ပါသွားကြရရှာသတည်း။

ဘူးသည်ဤအိမ်ကို မိမိအိမ်၊ ဤဝင်းကို မိမိ၏ဝင်းဟူ၍မွေးကတည်းက အမှတ်ပြုခဲ့ပေ၏။ အိမ်ဝင်းအတွင်းသို့ ဝင်လာကြသောခွေးများ၊ လူများကို ရန်မူ၍လွှတ်လေသည်။ ပိုင်နက်ကိုမကျူးလွန်စေရန် များစွာဂရုစိုက်ရှာပေ၏။ ဦးကျော်သောင်းတို့အိမ်သို့ရောက်သွားသော်လည်း ဤအိမ်၊ ဤဝင်းကို မေ့မည် မဟုတ်။ ဤအိမ်၊ ဤဝင်းတို့မှာ မိမိ၏ပိုင်နက်ဟူ၍ပင် ထင်မှတ်နေ

ပေဦးမည်။ ဤသို့ထင်မှတ်သည့်အတိုင်းလည်း။ ဤအိမ်၊ ဤဝင်းသို့ မကြာမကြာလာမည်မှာ မုချပင်။ ဤသို့လာသောအခါများတွင် ဦးအောင်စိုး၏ ခွေးမားမားကြီးသည် မိမိ၏ ပိုင်နက်ကကျူးကျော်၍ လာရပါမို့လားဟုဆိုကာ လိုက်၍ကိုက်လေတော့မည်။ သူ၏စိတ်မှာ အသို့နေမည်နည်း။ မွေး ကတည်းက မိမိတို့၏ပိုင်နက်ဖြစ်ခဲ့သော ဤအိမ်၊ ဤဝင်းတို့မှာ သူတကာ၏ ပိုင်နက်ဖြစ်သွားသောကြောင့် အနားသို့မကပ်ဝံ့ရှာတော့ပြီ။ သူ၏စိတ်ထဲတွင် ထူးဆန်း နေပေတော့မည်။ ဝမ်းနည်းနေပေတော့မည်။ ပူဆွေးနေ ပေတော့မည်။

ကျန်ရစ်ခဲ့ကြမည့် မိမိ၏ခွေးများ တွေ့ကြုံကြရမည့် အရေး တို့ကိုဖင်း။ မည်သည့်အရာမျှ မမြဲသော ဤလောကကြီး၏ အကြောင်းကို ဖင်းတွေးတောစဉ်းစားရင်း အိမ်ရှေ့မြက်ခင်းကြီး ပေါ်တွင် မောင်လူအေးလမ်းသလားလျှက်နေ၏။ အတန်ကြာ၍ မှောင်လာသောအခါကြမှ အိမ်ပေါ်သို့တက်သွားလေသတည်း။

နောင်၃ရက်ခန့်ကြာ၍၊ မောင်လူအေးတို့ ရွှေဘိုသို့သွား ကြသောအခါ အာမိတ်၊ လွေဇော၊ ဒိုင်းနှင့်ခြောက်တို့သာ

မိမိတို့နှင့်အတူတူ ပါသွားလေသည်။

ဂန္ထလောက

၁၉၃၈ ဇွန်လ

# အာမိတ်

အာမိတ်နှင့် လွေဇောတို့ နှစ်ကောင်တွင် အာမိတ်သည် လွေဇောထက် သခင်ကိုခင်၏။ သခင်နှင့် ပူးပူးကပ်ကပ် နေလေ့ရှိ၏။ သခင်သွားရာကို လိုက်ခြင်၏။ သခင်၏ ပြောစကားကို နားထောင်၏။ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသောစကားအတိုင်း၊ မောင်လူအေးတို့ကလည်း အာမိတ်ကို လွေဇောထက်ပို၍ချစ်ခင်လေသည်။

အာမိတ်သည် မောင်လူအေးနှင့် ပူးပူးကပ်ကပ် ပွတ်ပွတ်သတ်သတ် မနေသည်မှာ တစ်နှစ်ခန့်ပင်ကြာခဲ့လေပြီ။ အစားစား

ချိန်ကျလျှင် မီးဖိုတွင် ထမင်းချက်ကကျွေးသမျှကို စားသောက်ပြီး နောက်၊ နေ့လည်နေ့ခင်းတွင် အစေခံတန်းလျားတွင် သွားအိပ် လေ့ရှိ၏။ ညအချိန်တွင်ကား အိမ်ရှေ့ဝရံတာအောက်တွင် အိပ်ကာ အိမ်ကိုစောင့်ရှာလေသည်။ မောင်လူအေးနှင့်အာမိတ်တို့မှာ တစ်ဦးနှင့်တစ်ဦး ခပ်စိမ်းစိမ်းဖြစ်နေကြ၏။

တစ်ခါသောညနေခင်း ညစာစားပြီးနောက် အိမ်ရှေ့ ဝရန်တာ တွင် မောင်လူအေးသည် လက်ဖက်ရည်ကြမ်းကို သောက်ရင်း၊ သတင်းစာတစ်စောင်ကို ဖတ်နေခိုက်၊ အာမိတ်သည် ကုတ်ကုတ် ကုတ်ကုတ်နှင့် တက်လာပြီးလျှင်၊ မောင်လူအေး အနားတွင် ထိုင်၏။ ထိုအခါ မောင်လူအေးက "အောင်မယ် အောင်မယ် သည်တစ်ခါ တယ်ထူးဆန်း ပါကလားကွယ့် အာမိတ်။ ဘယ်ကများ မျက်စိလည် လာပါလိမ့်" ဟုဆိုလိုက်၏။

အာမိတ် ဘာမျှမဆို၊ အသာကလေး အမြီးကလေးကို လှုပ်၍ နေရှာလေသည်။

"မင်းအရင်ကနဲ့မတူဘူး။ တို့ကိုအင်မတန်စိမ်း ကားနေတယ်။ တို့အနားတောင် မကပ်ချင်ဘူး။ အခုများ" ဟု မောင်လူအေးက အသားယူကာ ဆိုပြန်၏။

"သခင် မုသားပြောတာ" ဟု မျက်နှာသေကလေးနှင့် ရုတ်တရက် ပြန်ပြောလိုက်လေ၏။

မောင်လူအေးလည်း အံ့အားသင့်သွားပြီးလျှင်. . .

"ဟဲ့-အာမိတ်၊ မင်းဘာပြောတယ်" ဟု ပြန်၍ မေးလေသည်။

"သခင်မုသားပြောတာ" ဟု ထပ်၍ပြောပြန်၏။

"မဟုတ်ပါဘူး၊ မင်းရှင်းရမယ်။ ငါဘာမုသားပြောတာလဲ"

"သခင့်ကို ကျွန်တော်အရင်ကလို မခင်ဘူးဆိုတာ မုသား ပြောတာဘဲ၊ ကျွန်တော်ဟာ သခင့်ကို အရင်တုန်းက အတိုင်းဘဲ ခင်တာဘဲ၊ သခင်ကသာ ကျွန်တော့်ကို အရင်ကလို မခင်တာပါ" ဟု ဆိုကာ အခြားဘက်သို့ လှည့်သွား၏။

"ဟဲ့-မဟုတ်ပါဘူး အာမိတ်ရဲ့၊ မင်းငါ့ကို အရင်ကလို ခင်တယ်ဆိုရင် အရင်ကလို ငါ့နားမှာလာပြီး၊ ပွတ်ပွတ်သတ်သတ် ဘာလို့မနေသလဲ"

"သခင့်အနားကိုလာသားဘဲ၊ သခင့်အနားမှာလည်း ပွတ်ပွတ်သတ်သတ် လုပ်သားဘဲ၊ သခင်ကသာ ဂရုမစိုက်တာ၊ မောင်မွေးကို ရကတည်းက သခင်ဟာ တစ်နေ့တခြား ကျွန်တော့ကို စိမ်းလာတာပါဘဲ၊ သည်တော့ ကျွန်တော်ကလည်း အလိုက်သိပြီး သခင့်အနားမကပ်တော့ဘူးပေါ့"

"ဟဲ့-သည်လိုထင်ရင် မင်းမှားတော့မပေါ့ အာမိတ်ရဲ့"

"မမှားပါဘူး သခင်ရယ်၊ ကြည့်ပါလား အရင်မောင်မွေးကို မရခင်ကများ တောသွားရင်လဲ ကျွန်တော်ပါတာပဲ၊ ရုံးသွားရင်လဲ ကျွန်တော်ပါတာပဲ၊ လမ်းလျှောက်သွားရင်လဲ ကျွန်တော်ပါတာပဲ၊ သွားကစားရင်လဲ ကျွန်တော်ပါတာပဲ၊ မောင်မွေးကို သခင် ရပြီးနောက်တော့ ကျွန်တော့ကို သခင်ဂရုမစိုက်တော့ဘူး။ သခင်တောသွားမယ်လို့ မော်တော်ကားပေါ်တက်တဲ့အခါများ၊ အရင်ကလိုမှတ်လို့ ကျွန်တော်တက်လိုက်တဲ့အခါများ ကျွန်တော့ ကို သခင်မောင်းချခဲ့တယ်။

သခင်ရုံးက ပြန်လာတဲ့အခါများ လှေကားဝကနေပြီး စောင့်ကာ နှုတ်ဆက်ပေမဲ့၊ သခင်အမှုမထားဘဲ အိမ်ပေါ်တက်သွားတယ်။ သခင်လမ်းလျှောက် သွားတဲ့အခါ ကျွန်တော်လိုက်မယ်

ပြင်သော်လဲ၊ သခင်မခေါ်ဘူး။ မောင်မွေးကို သခင်ရကတည်းက ကျွန်တော့အပေါ်မှာ သခင် မေတ္တာယုတ်ရော့လာတာကို မြင်လို့ ကျွန်တော်သခင်နှင့် ခွါခွါနေတာကို သခင်က ကျွန်တော် သခင့် အပေါ်မှာ မေတ္တာပျက်တယ်လို့ စွပ်စွဲတာ သခင်မှသား ပြောတာ မဟုတ်ဘူးလား"

ဤသို့အာမိတ်က ဟုတ်တိုင်းမှန်ရာ ဖွင့်၍ပြောလိုက်သော အခါ၊ မောင်လူအေးအတော် အနေရခက်သွားသဖြင့်၊ အတန် ကြာအောင် အာမိတ်အား ပြန်၍မချေနိုင်ဘဲ ရှိနေ၏။ လက်ဖက် ရည်ကြမ်းကရားထဲမှ ငှဲ့ထည့်ရင်း၊ အကြံထုတ်ပြီးလျှင် ပြန်၍ ချေဆိုသည်မှာ ဤသို့တည်း . . .

"မင်းတို့ကို ချင်းတောင်က ငယ်ငယ်ကလေးထဲကယူလာပြီး၊ ကောင်းကောင်းမွန်မွန် ပြုစုကျွေးမွေးလာခဲ့တာ မင်းအသိပဲ၊ မင်းကို ဂရုစိုက်ခဲ့တာလဲ မင်းအသိမဟုတ်ဘူးလား?။ နို့ပေမယ့် မောင်မွေးကို ငါတို့ရလာတဲ့အခါမှာ ရင်သွေးဟူက ချစ်မဝဆိုတဲ့အတိုင်း သားကလေးကို ဂရုစိုက်ပေတယ်။ အခုလို ဂရုစိုက်ရတဲ့အတွက် မင်းကိုအရင်ကလို ဂရုမစိုက်နိုင်ဘဲ အမှုမဲ့အမှတ်မဲ့ ဖြစ်ချင် ဖြစ်သွားမယ်။ တကယ်စင်စစ်မင်းကို အရင်ကလို မချစ်လို့ ဂရုမစိုက်ဘဲ တမင်သက်သက် နေတယ်မထင်နဲ့"

"သခင်ပြောတဲ့အတိုင်းရှိစေတော့။ မောင်မွေးနှင့် ကျွန်တော် အတူတူရှိနေကြတဲ့အခါမှာ၊ ရင်သွေးဟူက ချစ်မဝ ဆိုတဲ့စကားအတိုင်း မောင်မွေးကို ပိုပြီးဂရုစိုက်မိတယ်ဆိုရင် ကိစ္စမရှိဘူး။ အခုတော့ မောင်မွေးမပါဘဲ သခင်တောသွားတဲ့ အခါများ ကျွန်တော့ကို အရင်ကလိုမခေါ်တော့ဘဲ၊ အိမ်မှာ ချန်ခဲ့တာများကို ဘယ်လိုအကြောင်းပြမတုန်း"

ဤသို့အာမိတ်ကမေးလိုက်သောအခါမောင်လူအေး အတော်ပင် အကြံအိုက်ပြီးထွေနေတော့၏။ အတန်ကြာအောင် တွေဝေစဉ်းစားနေပြီးနောက်မှ အောက်ပါအတိုင်းဖြေပြန်၏. . .

"မင်းမေးတဲ့အမေးကို ငါအဖြေပေးရမှာ အင်မတန်ခက်နေတော့တာပဲ။ သည်အဖြေကိုငါလဲမပေးတတ်ဘူး။ ငါ့စိတ်ထဲမှာ မောင်မွေးကိုလဲ ချစ်တာဘဲ။ မင်းကိုလဲ အရင်တုန်းကလိုဘဲ ချစ်တာဘဲလို့ထင်နေတယ်၊ နို့ပေမယ့် ငါ့အပြုအမူတွေကတော့ ငါထင်တဲ့အတိုင်း မဟုတ်ဘူး။ အရင်ကထက် မင်းအပေါ်မှာ ထူးခြားနေတယ်ဆိုတာ မင်းပြောတဲ့အတိုင်း မှန်တာဘဲ။ စင်စစ် တော့ကွယ် အချစ်ဆိုတာမျိုးဟာ တစ်ယောက်အပေါ်မှာသာ မီးကုန်ယမ်းကုန် ချစ်တာမျိုးထင်ပါရဲ့။ နောက်ချစ်မဲ့သူ

တစ်ယောက်ပေါ်လာရင် အရင်ကအချစ်ဟာလျော့သွားတယ် ထင်ပါရဲ့။ ကိုယ့်စိတ်ထဲကတော့ ငါ ၂ယောက်စလုံးကို အတူတူ မပိုမယို ချစ်နိုင်တယ်လို့ထင်ပေမဲ့ အချစ်ဆိုတဲ့ အရာကတော့ ညီတူညီမျှမနေဘဲ တစ်ယောက်ယောက်ပေါ်မှာ ပိုနေတယ်ထင် ပါရဲ့။ ဒါ့ကြောင့်မို့ အသစ်တွေ့ရင် အဟောင်းမေ့တယ်။ ငါးစိမ်း မြင်ရင် ငါးကင်ကိုပစ်တယ်ဆိုတဲ့ စကားပုံတွေကို ထားခဲ့ကြတာ ထင်ပါရဲ့ကွယ်"

"သခင်တို့လူတွေရဲ့ အချစ်စိတ်ဟာ၊ တစ်မျိုးထင်ပါရဲ့၊ အပြောင်းအလဲ အင်မတန်မြန်တယ်။ အသစ်တစ်ယောက်ကို ချစ် မိမှဖြင့် အဟောင်းတစ်ယောက်ကိုမေ့တော့တာပဲ။ ကျွန်တော်တို့ ခွေးကတော့ အချစ်မြဲတယ်။ သခင်ဆိုရင် များများမထားဘူး။ သည်တစ်ယောက်ပဲ။ အသက်ထက်ဆုံး တစ်ယောက်ပဲထား တယ်။ သည်သခင်က မကြင်နာလို့ စွန့်သွားတော့မှပဲ နောက် သခင်ကိုရှာတော့တယ်။ ကျွန်တော်တို့ရဲ့ အချစ်စိတ်ဟာ သခင် တို့လူတွေရဲ့ အချစ်စိတ်ထက် ခိုင်မာမြင့်မြတ်တယ်လို့ဆိုရင် မှားမလား? ကျွန်တော်တို့သဘောကတော့ သခင်တစ်ယောက် အပေါ်ချစ်မိမှဖြင့် နောက်တစ်ယောက်က ဘယ်လိုပဲမျှားပြီး ခေါ်ခေါ်၊ ဘယ်လိုချမ်းသာတဲ့ သခင်နဲ့တွေ့တွေ့ ပထမသခင်က မစွန့်သမျှ ကျွန်တော်တို့ကတော့ စွန့်တော့မှာ မဟုတ်ဘူး"

ဤစကားကို ကြားလိုက်ရသောအခါ မောင်လူအေး အတော် အခံရဆိုးသွား၏။ သို့သော် အောက်ပါအတိုင်း ပြန်ဖြေလေသည်။

"ဒါကတော့ကွယ်၊ အပြောရ အခက်သားကလား မင်းငါ့အပေါ်မှာ စွဲစွဲမြဲမြဲကြီး ချစ်နေတာ သခင်သစ်နဲ့ မတွေ့ဘူးသေးလို့ ဖြစ်ချင်ဖြစ်မယ်။ အချစ်ဆိုတဲ့ အရာဟာ၊ ဘယ်လောက်တောင် ထူးဆန်းတယ်ဆိုတာ ရှေးကပညာရှိတွေရော၊ အခုကာလ ပညာရှိတွေရော ခွဲခြားဝေဖန်လို့မရဘူး။ နောင်လဲရမှာမဟုတ်ဘူး။ အချစ်အကြောင်းပြောရမှာ အားကြီးခက်သကွယ် ငါလဲမပြောတတ်တော့ဘူး"

ဤသို့ပြောလိုက်သောအခါ အာမိတ်လည်း အချစ်၏ဆန်းကျယ်ပုံကို စဉ်းစားကာ ခေတ္တမျှတွေဝေနေပြီးအောက်ထပ်သို့ပြန်၍ ဆင်းသွား၏။ မောင်လူအေးလည်း ပက်လက်ကုလားထိုင်ပေါ်တွင်လှဲကာ အချစ်၏ဆန်းကြယ်ပုံကို စဉ်းစား ခန်းထုတ်လျှက် နေသတည်း။

ထိုညမှ လွန်မြောက်၍ ခြောက်ရက်လောက် ကြာသော အခါကျောက်ထိုးဆရာက မောင်လူမွေးအား ကျောက်ထိုးပေး၏။

လေးငါးရက်ကြာသောအခါ မောင်လူမွေး ဖျားလေတော့၏။ ဖျားရာမှ ဆီးဘက်သို့ လှည့်သွားပြန်သည်။

သူ၏မျက်စိနှစ်လုံးမှာ တစ်စတစ်စ ဝါ၍လာ၏။ သူ၏ပါး ကလေးများ၊ ခြေဖျား၊ လက်ဖျားကလေးများ၊ နားရွက်ကလေး များမှာ ဝါ၍လာကြသည်။ နောက်ဆုံးတွင်ကား တစ်ကိုယ်လုံး နနွင်းခဲ၊ နနွင်းတုံးဖြစ်လေသတည်း။

အသားဝါရုံတင်မကသေး ကလေးမှာ တစ်နေ့တခြား ညှိုး၍သာလာ၏။ မျက်စိများကိုလည်း မဖွင့်တော့ပြီ။ အိပ်ရာထဲမှာ သာလျှင် ခွေနေတော့၏။ စိတ်လည်းကောက် စိတ်လည်းတို အမေမှလွဲ၍ မည်သူလာသည်ကိုမျှမကြိုက်. . .။

မောင်လူအေးနှင့် ခင်သန်းမြင့်တို့ကား စိတ်အပူကြီး ပူနေကြရကုန်၏။ ယခင်ကျန်းမာစဉ်က ပျော်ပျော်ရွှင်ရွှင် ပြေးလွှား ကစား နေသည်ကိုမြင်တိုင်း ဝမ်းသာအားရ ဖြစ်လာခဲ့သမျှ ယခု မောင်လူမွေးမမာသောအခါ စိတ်ပူပန်ဆင်းရဲရလေပြီ။ တစ်ညလုံး မအိပ်နိုင်ကြ၊ သားကလေး၏ အရိပ်အခြေကိုသာလျှင် တစ်ကြည့် တည်း ကြည့်နေကြရကုန်၏။

ကလေးဖျားစကပင် ဆရာဝန် တစ်နေ့သုံးကြိမ် လာ၍ ကြည့်၏။ ဆရာဝန်၏ ကြိုးစားချက်ကြောင့်ရင်း၊ ရောဂါ၏အရှိန် ကုန်သွားသောကြောင့်ရင်း၊ ကလေးမှာ တစ်နေ့တခြား လန်း၍လာ လေသည်။ မိဘနှစ်ဦးတို့၏ ဝမ်းမြောက်ခြင်းကား ဆိုစရာ မရှိတော့ပြီ။

မောင်မွေး မမာမကျန်း ဖြစ်နေသော အတောအတွင်းတွင်၊ အာမိတ်သည် မောင်လူအေး၏ ရေချိုးခန်းထဲတွင် အမြဲလာ၍ အိပ်၏။ မောင်လူအေး ရေချိုးခန်းဝင်၍ သူနှင့်တွေ့သော်လည်း သူ့မှာ ရွှင်ပြသောအမူအရာကိုမပြ၊ ခပ်မှိုင်မှိုင်ဖြစ်နေသည်ကိုသာ မြင်ရလေသည်။ မောင်လူအေးကား ကလေးအတွက် ပူပန်နေရ သောကြောင့်၊ အာမိတ်အား အမှုမထားနိုင်။ ထို့နောက် ရက် အနည်းငယ် ကြာသောအခါ၊ အာမိတ်မှာ သိသိသာသာကြီး ပိန်၍လာသည်ကို မြင်ရ၏။ သို့သော် သူ့အား ဂရုမစိုက်နိုင်သေး။

မောင်လူမွေး အတော်ကလေး ကျန်းမာလာသောအခါ အာမိတ်မှာလည်း ကောင်းကောင်းမလျှောက်နိုင်တော့သည်ကို မြင်ရ၏။ သည်အခါကျမှ မောင်လူအေး မျက်လုံးပြူးသွား လေတော့၏။ သူ့အားခါတိုင်းတိုက်နေကျဆေးများကို တိုက်၏။ ဂရုတစိုက်ပြုစု၏။ သို့သော် အာမိတ်၏ရောဂါ ကျွမ်းနေလေပြီ။

ကုဍ်မရတော့။ နောက်တစ်နေ့နံက်တွင် အာမိတ်၏ အလောင်းကို ရေချိုးခန်းထဲ၌ မောင်လူအေး မြင်ရလေတော့သတည်း။

မောင်လူအေး၏ စိတ်ထဲတွင် မည်သို့ဖြစ်သွားမည်နည်း?။ ဝမ်းနည်းခြင်း၊ သနားခြင်း၊ လွမ်းဆွတ်ခြင်း၊ နောင်တရခြင်း တို့မှာ၊ မောင်လူအေး၏ ဦးနှောက်အတွင်း ရောပြွမ်း၍ထွက်လာ ကြကုန်၏။

အာမိတ်မမာ ဖြစ်စက၊ မောင်လူမွှေးသာ ကျန်းကျန်းမာမာ ရှိနေပါလျှင်၊ အာမိတ်အား ဂရုတစိုက် ဆေးဝါးကုသမည်မှာ မုချပင်ဖြစ်၏။ ယခုမှာမူကား အာမိတ်မကျန်းမမာဖြစ်သည်မှာ မိမိ၏သား မောင်လူမွှေးနှင့် တစ်ချိန်တည်းဖြစ်နေသောကြောင့်၊ သားကလေး၏ရောဂါ ပျောက်ရေးကိုသာလျှင် ဂရုစိုက်ခဲ့မိပေသည်။ အာမိတ်ရောဂါရနေသည်ကိုကား သိပင်မသိခဲ့ အာမိတ် ကံဆိုးခဲ့ပြီတကား။

အာမိတ်၏အလောင်းကိုကြည့်ရင်း သူ့အားငယ်ငယ် ကလေးက ချင်းတောင်မှ မုန်း မြစ်ကြောင်းအတိုင်း ဆောင်ယူခဲ့သည် များကိုဂင်း၊ စလင်းနေအိမ်တွင် ယုယစွာပြုစုခဲ့သည်များကိုဂင်း၊ ကျောက်ဆည်နယ် ရဲရမန်းသစ်တောနက်ကြီးအတွင်း နယ်လှည့်

ထွက်ရာတွင် အာမိတ်မှာ မိမိနှင့်ထက်ကြပ်မကွာ လိုက်ပါခဲ့သည်ကိုင်း၊ တောနက်ကြီးအတွင်း ညအိပ်ရာတွင် ကျား ကြောက်သောကြောင့်၊ မိမိ၏အနားတိုးကာ အိပ်သည်ကိုင်း၊ မိမိသွားလိုရာ တကောက်ကောက်နှင့် လိုက်ခဲ့သည်များကိုင်း၊ တစိမ့်စိမ့်နှင့် တွေးတောမိသောဟူ၏။

ယနေ့မှစ၍ အာမိတ်၏ ဇာတ်လမ်းဆုံးပြီ။ ပြည်ဖုံးကားချလိုက်ကြပါစို့။

ဂန္ထလောက

၁၉၃၉ စက်တင်ဘာလ

# ခိုတ်ပုံကြော

မောင်လူအေးသည် ညစာစားသောက်ပြီးလျှင် အိမ်ရှေ့ဝရန်တာသို့ ထွက်ကာ၊ ပဲလှော်၊ မြေပဲ၊ သကြားလုံးစသော အမြည်းတစ်မျိုးမျိုးနှင့် လှ္ဘက်ရည်ကြမ်းကို သောက်လေ့ရှိ၏။ ဤသို့ လှ္ဘက်ရည်ကြမ်းကို သောက်ကာ၊ သတင်းစာ၊ မဂ္ဂဇင်းစာအုပ်များကိုဖတ်ရင်း စည်းစိမ်ယူလေ့ရှိ၏။ တစ်ခါတစ်ခါလည်း ညနေက ဂေါက်သီးရိုက်ခဲ့သည်များကို စမြုံ့ပြန်ကာ စည်းစိမ်ခံလေ့ရှိ၏။

ဤသို့ဝါးရံတာသို့ထွက်ကာ စည်းစိမ်ခံသော အခါများတွင် သူ၏သုံးနှစ်သားအရွယ် သားကလေး မောင်လူမွှေးသည်လည်း ပေါက်လာပြီးလျှင်၊ မပြီကလာပြီကလာ ကောက်ကရစကားများ ကို ပြောကြားကာ၊ မြေပဲ၊ ပဲလှော်၊ သကြားလုံးများကို ကပ်စား လေ့ရှိလေသည်။

တစ်ခါသောညတွင် ခါတိုင်းကဲ့သို့ပင် ကောင်ကလေးသည် ပေါက်လာပြီးလျှင်၊ မြေပဲများကို ကပ်စားပြီးနောက်၊ ထွေရာလေးပါး ပြောကြားနေခိုက်တွင် မောင်လူအေးအား “ဖေဖေ-ချိတ်ပုံကြော” ဟူ၍ဆို၏။ မောင်လူအေးသူ့စကားကို နားမလည်သောကြောင့် “မောင်ဘာပြောသလဲ” ဟုမေး၏။ ကောင်ကလေးက “ချိတ်ပုံကြော” ဟုထပ်၍ဆိုပြန်၏။ မောင်လူအေးနားမလည်ချေ။ ကလေးအား ထပ်ခါထပ်ခါမေး၏။ ကလေးကလည်း ထပ်ခါထပ်ခါ ဖြေလေသည်။ သို့သော် မောင်လူအေးမှာ သားကလေး ပြောသောစကား၏ အဓိပ္ပါယ်ကို နားမလည်နိုင်သောကြောင့်၊ သားရောအဖေပါ အခက်ကြုံနေကြလေတော့သတည်း။

အတန်ကြာမှအိမ်ထဲတွင်စာဖတ်နေသော ခင်သန်းမြင့်အား“သားကလေးပြောနေသည်မှာ ဘာလဲ” ဟုလှမ်း၍မေးလိုက်၏။ ထိုအခါ ခင်သန်းမြင့်က “ကလေးက ဆိတ်ပုံပြောပါလို့ပြောတာ။ တယ် နားဝေးတာကိုး” ဟု မောင်လူအေးအား အပြစ်ဆို၏။

“မသိပါဘူးဗျာ။ ချိတ်ပုံကြော၊ ချိတ်ပုံကြော ဆိုတော့ အဓိပ္ပါယ်ကို ဘယ်ကောက်လို့ရမတုန်း”

“အခုအဓိပ္ပါယ်ကို သိပြီမဟုတ်လား။ ကိုင်း ပြောလိုက်ပေတော့”

"ဘာဆိတ်ပုံကို ပြောရမှာလဲ။ ကိုယ်လဲမပြောတတ်ဘူး။ သူ့ကို ဘယ်သူကမျှား ဆိတ်ပုံပြောဘူးလို့၊ သူကအပြောခိုင်းနေတာလဲ"

"ခင်ခင်သီတို့ ပြောတာကြားလို့ အပြောခိုင်းတာ ထင်ပါရဲ့"

"ဟုတ်ပါပြီ။ ခင်ခင်သီတို့ပြောတဲ့ဆိတ်ပုံက ဘာဆိတ် ပုံလဲ။ ကိုမှ ဆိတ်ပုံမပြောတတ်ဘဲဟာ"

"မပြောတတ်ရင်လဲ ကြံဖန်ပြီး ပြောလိုက်ပါလား။ ကလေးက နားထောင်ချင်လို့ အပြောခိုင်းတာ"

"ဒါဖြင့်လဲပြောရတာပလေ။ လာ လာ မွေးလာ။ ဖေဖေ့ပေါင်ပေါ်လာထိုင် ဆိတ်ပုံပြောမယ်"

ဤသို့ဆိုကာ ကလေးကို ပေါင်ပေါ်တွင်တင်ပြီးလျှင် အောက်ပါအတိုင်း ဆိတ်ပုံပြောလေတော့သတည်း။

"ရှေးရှေးတုန်းက မောင်လူအေးဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူ့ဆီမှာ မောင်လူမွေးဆိုတဲ့ သုံးနှစ်အရွယ်သားကလေးတစ်ယောက်ရှိတယ်။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ်" ဟူ၍ သားကလေးကဖြေ၏။

"အဲသည် မောင်လူအေးအိမ်မှာ မဟာရန်ဆိုတဲ့ စားပွဲထိုး တစ်ယောက်ရှိတယ်။ မောင်သိတယ်မဟုတ်လား"

"သိတယ်။"

"အဲဒီ မဟာရန်ဆီမှာ မွေးထားတဲ့ဆိတ်တစ်ကောင် ရှိတယ်။ ပန်းပင်တွေကို လာလာစားတဲ့ ဆိတ်ဟာလေ။ သိတယ် မဟုတ်လား"

"အင်း သိတယ်"

"အဲဒီဆိတ်ဟာ တစ်နေ့တော့ မာလီရိတ်ထားတဲ့ မြက် တွေကို သွားစားပါရော။ မာလီက သူရောင်းစားဘို့ ရိတ်ထားတဲ့ မြက်တွေကိုစားတော့ စိတ်ဆိုးတာပေါ့။ စိတ်ဆိုးတော့ ကြိမ်လုံး ကြီးနဲ့ရိုက်ပါရော။ ဆိတ်ဟာ နာလွန်းလို့ ဘအဲ - ဘအဲ - နဲ့အော်ပြီး ပြေးတာပေါ့။ ပြေးပြီးတော့ ဟိုဘက်ဆရာဝန် အိမ်နားက ခြံထောင့်မှာ လှဲပြီးတော့အိပ်နေတယ်။ သူကောင်းကောင်း လမ်းမလျှောက်နိုင်တော့ဘူး"

"သူသေရောလား"

"မသေပါဘူး။ နာလို့လှဲနေတယ်။ အဲဒီအခါမှာဘဲ မောင်လူအေးတို့ မွေးထားတဲ့ "လေ့ဇော" ဆိုတဲ့ခွေးမကလဲ မီးဖိုထဲကို ဝင်သွားပြီးတော့ ထမင်းချက်တရုတ် "တာတ" ကချက်ဘို့ လို့ဝယ်လာခဲ့တဲ့ အမဲသားတွေကို သွားစားပါရော။ တာတက မြင်တော့ အားကြီးစိတ်ဆိုးတာပေါ့။ မီးဖိုထဲမှာရှိတဲ့ ထင်းစကြီးနဲ့ချတော့ နာလွန်းလို့ အိုင် အိုင် အိုင်နဲ့အော်ပြီး ပြေးပါရော"

"နာသွားရောလား"

"ဟာ နာသွားတာပေါ့"

"ကောင်းတယ် ကောင်းတယ်"

"လေ့ဇောဟာ အရိုက်ခံရတော့ နာလွန်းလို့အော်ပြီး ပြေးလိုက်တာ မဟာရန်ရဲ့ ဆိတ်လှဲအိပ်နေတဲ့ နေရာကို ရောက်သွားရော။ သည်တော့ကာ ဆိတ်ကမေးတယ်။ "လေ့ဇော လေ့ဇော နင်ဘာဖြစ်လို့ အော်ပြီးပြေးလာသလဲ" သည်တော့ကာ လေ့ဇောက "ငါမီးဖိုထဲမှာ အမဲသား သွားခိုးစားလို့ ထမင်းချက် တာတက

ရိုက်လိုက်တာကြောင့်၊ ပြေးလာရတယ်လို့ပြောတယ်” နောက် ပြီးတော့ လေ့ဇောက “နင်ကောဘာဖြစ်လို့ သည်မှာလာအိပ် နေရသလဲ” လို့ဆိတ်ကိုမေးတယ်။ ဆိတ်က“ငါမာလီရဲ့ မြက်တွေကို သွားခိုးစားလို့ ငါ့ကို မာလီရိုက်တဲ့အတွက် ဒီမှာလာအိပ်နေတယ်” လို့ပြောတယ်။”

“သူတို့နှစ်ယောက်စလုံး နာနေရောလား။”

“နာနေတာပေါ့၊ ဒီလိုစကားပြောကြပြီးတော့ ဆိတ်က ပြောတယ် “လေ့ဇော လေ့ဇော နင်က မာလီရဲ့မြက်တွေကို သွားပြီးယူခဲ့။ ငါကမီးဖိုထဲက အမဲသားတွေကို သွားခိုးမယ်၊ သည်ရောက်တော့ လဲပြီးတော့စားရအောင်” လို့ဆိုတယ်။ ဒီတော့ လေ့ဇောက အားကြီးဝမ်းသာသွားတာပေါ့။ မနက်ဖြန်မနက် ကျတော့ လေ့ဇောက မာလီရိတ်ထားတဲ့ မြက်တွေကို ခိုးပြီး ယူသွားတယ်။ ဆိတ်ကလဲ မီးဖိုထဲက အမဲသားတွေကို ခိုးပြီး ယူသွားတယ်။ သူတို့နေရာကိုရောက်တော့ လဲပြီးစားကြတာပေါ့။ စားလိုက်ကြတာ ဗိုက်ကြီးတွေဟာ တင်းသွားတာပဲ။ ဗိုက်ကြီး တွေတင်းတော့ အိပ်လိုက်ကြတာ ရှူးရှူး ရှူးရှူးနဲ့နေတယ်”

“မောင်အိပ်သလိုပဲလား”

"ဟုတ်တယ်၊ မောင်အိပ်သလိုပေါ့။ ရှူးရှူး ရှူးရှူးနဲ့ အိပ်ကြတယ်။ ညနေကြတော့ သူတို့အိပ်ရာကထကြရော။ အိပ်ရာကထပြီးတော့ လွှဲဇောက အိမ်ရှေ့ဘုန်းကြီးကျောင်းက ခွေးတွေ၊ ဆရာဝန်အိမ်က ခွေးတွေ၊ ဆည်အရေးပိုင်အိမ်က ခွေးတွေကို သွားခေါ်တယ်။ ဆိတ်ကလဲ ကုလားတွေအိမ်က ဆိတ်တွေကို သွားခေါ်တယ်။ ညကျတော့ ဆိတ်တွေ၊ ခွေးတွေအများကြီးလာကြတာပေါ့။ လကလည်း အားကြီးသာတယ်။ ပျော်စရာကြီးနေတာပဲ"

"သူတို့လာပြီးတော့ ဘာလုပ်သလဲ"

"သူတို့အားလုံးရောက်တော့ သီချင်းဆိုကြ၊ ဆိုင်းတီးကြ၊ ကကြ၊ အော်ကြနဲ့ ဆူနေတာဘဲ။ ထုံဗေထုံ၊ ထုံဗေထုံနဲ့ တီးတဲ့ဆိတ်တွေက တီးကြ။ ဘအဲ-ဘအဲနဲ့ဆိုပြီး ကတဲ့ဆိတ်တွေကလဲကကြ။ တဝင်းလုံးဆူနေတော့တာဘဲ။ အဲဒီလို ကကြ၊ သီချင်း ဆိုကြ၊ တီးကြနဲ့ ပျော်ပါးနေကြတဲ့အခါ၊ သူတို့အထဲက ဆိတ်တစ်ကောင်က "မောင်ငယ်ဟာ လူမိုက်ကြီး၊ မောင်ငယ်ဟာ လူမိုက်ကြီး" လို့အော်လိုက်တယ်။ အားလုံးဆိတ်တွေ၊ ခွေးတွေ ကလဲ သူတို့လိုဘဲ "မောင်ငယ်ဟာ လူမိုက်ကြီး၊ မောင်ငယ်ဟာ လူမိုက်ကြီး" လို့လိုက်ပြီးအော်ကြတာပေါ့။ ဒီတော့ကာ မော်တော်ကား

မောင်းသမား မောင်ငယ်က သူ့အိပ်ရာထဲကနေပြီး ကြားပါရော။ ကြားတော့ သူကောင်းကောင်း စိတ်ဆိုးသွားတာပေါ့။ တစ်ခါထဲ အိပ်ရာကထပြီး စက်ဘီးစီးပြီး မြန်မြန်ကြီး သူ့အိမ်ကထွက်လာတယ်။ မော်တော်ကား ထားတဲ့ရုံကို ရောက်တော့ မော်တော်ကားစက်ကို တစ်ချက်ထဲနှိုးလိုက်တာ မော်တော်ကား စက်က ဂရှူး ဂရှူး ဂရှူးနဲ့ မြည်တာပေါ့။ မော်တော်ကားစက်ကို နှိုးပြီးတော့ တစ်ခါထဲ ဆိတ်တွေ၊ ခွေးတွေကို မော်တော်ကားနဲ့ လိုက်တိုက်တာပဲ”

“ဆိတ်တွေသေကုန်ရောလား”

“မသေဘူး။ ခွေးတွေရော၊ ဆိတ်တွေရောအားလုံးပြေးကုန်ကြတာပေါ့။ အဲဒီလို ပြေးနေကြတုန်းမှာပဲ ဆိတ်သားကလေး တစ်ကောင်ကို မောင်ငယ်က မော်တော်ကားနဲ့ တိုက်လိုက်တယ်။ တိုက်လိုက်တော့ ဆိတ်ကလေး ခြေထောက်ကျိုးသွားရော။ ဆိတ်ကလေးဟာနာလွန်းလို့ ပဲ. . . ပဲ. . . ပဲနဲ့အော်လိုက်တာ သနားစရာဘဲ။ ဒီတော့ မောင်လူမွှေးဆိုတဲ့ကောင်ကလေးက အိပ်ရာက နိုးလာတယ်။ ဆိတ်ကလေးအော်နေတာကို ကြားတော့ သနားလွန်းလို့ အိမ်ပေါ်ကဆင်းသွားပြီး ဆိတ်ကလေးရဲ့ ခြေနာကို ပရုပ်ဆီထည့်ပေးတယ်။ နောက်ပြီးတော့ ခြေကို အဝတ်တွေနဲ့ စည်းပေးတယ်။”

“ဟုတ်တယ်၊ ဟုတ်တယ်”

“နောက် လေးငါးရက်ကြာတော့ ဆိတ်ကလေးရဲ့ ခြေနာ ဟာ ပျောက်သွားရော။ ဆိတ်ကလေးဟာ မောင်မွေးကို ကျေးဇူး တင်လွန်းလို့ မောင်မွေးတို့အိမ်မှာ လာနေတယ်။ မောင်မွေးနဲ့ ဆိတ်ကလေးဟာ သူငယ်ချင်းဖြစ်သွားတာပေါ့။ မောင်မွေးက ဘယ်ကိုပဲသွားသွား မောင်မွေးနောက်က ပဲ. . . ပဲ. . . ပဲနဲ့အော်ပြီး လိုက်တယ်။ မောင်မွေးနဲ့ဆိတ်ကလေးဟာ သူတို့အိမ်ရှေ့က မြက်ခင်းပေါ်မှာ ညနေတိုင်း ကစားကြတာပေါ့။ ဆိတ်ကလေး တော်တော်ကြီးလာတော့ မောင်လူမွေးအဖေ ကိုလူအေးက လှည်းငယ်ငယ်ကလေးတစ်စီးကို လုပ်ပေးတယ်။ ဆိတ်ကလေး က လှည်းကိုဆွဲတယ်။ မောင်လူမွေးက လှည်းပေါ်ကစီးပြီး လိုက်တယ်။ မနက်စောစောဆိုရင် သူတို့ရွှေဘိုဈေးထဲသွားပြီးတော့ သကြား လုံးတွေ၊ ချော့ကလက်တွေ၊ မုန့်တွေကို ဝယ်စားကြတယ်။ ဈေးမှာ အရပ်ထဲက ကောင်ကလေးတွေက၊ မောင်မွေးကိုစရင် ဆိတ်က လိုက်ပြီးဝှေ့တယ်။ ကောင်ကလေးတွေ ကြောက်လို့ပြေး ကုန်ကြတာပေါ့”

“ဟုတ်တယ်. . . ကောင်းတယ်”

"ညနေကျပြန်ရင် မောင်မွေးကလှည်းကလေးကိုစီးလို့၊ ဆိတ်ကလေးက လှည်းကလေးကိုဆွဲလို့၊ တပ်ကုန်းဘက်ကို ထွက်သွားကြတယ်။ တပ်ကုန်းရောက်တော့ မောင်မွေးက ဂေါက်သီး ရိုက်ကစားတာပေါ့။ ဆိတ်ကလေးက ဂေါက်သီးထည့်တဲ့အိပ်ကိုလွယ်ပြီး နောက်ကလိုက်တယ်။ "ဂေါက်သီး" ရိုက်လို့ ပြီးရင် လှည်းကလေးနဲ့ အိမ်ကိုပြန်လာကြတာပေါ့။ အိမ်ရောက်တော့ ခပ်မောမောနဲ့ သံပုရာရည်သောက်လိုက်ကြ။ ထမင်းစားကြ။ မိုးချုပ်တော့အိပ်ကြ။ မောင်မွေးရော ဆိတ်ကလေးရော အိပ်ပျော်သွားကြရော။ အဲဒါနဲ့ ဆိတ်ပုံလဲပြီးရော။ ဖေဖေပြောတဲ့ ဆိတ်ပုံဟာကောင်းသလား"

"ကောင်းတယ်၊ ဖေဖေဆိတ်ပုံပြောပါဦး"

"ပြောလို့ပြီးပါပကော"

"နောက်ပြီးတော့ တစ်ခါပြောပါဦး"

"ဟာ-ခက်နေပါပြီ။ တစ်ခါပြောပြီးရင် တော်ရောပေါ့"

"ဖေဖေ ချိတ်ပုံကြောဦး"

"ကိုင်း ကိုင်း နားထောင်"

ဤသို့ဆိုကာ ထပ်၍ပြောရပြန်၏။ ဆုံးသောအခါ ကလေးက အပြောခိုင်းပြန်၏။ မောင်လူအေးပြောရပြန်၏။ သို့နှင့် ထပ်တလဲလဲ ပြောလိုက်ရသည်မှာ လေးကြိမ်တိုင်တော့၏။ နောက်ဆုံး ကောင်လေးအိပ်ပျော်သွားတော့မှ မောင်လူအေး လက်ထဲမှ သတင်းစာကို ဖတ်ရလေသတည်း။

ဂန္တလောက

၁၉၄၀ အောက်တိုဘာလ

# မောင်ငယ်နှင့်ခွေး

မောင်ငယ်သည် မောင်လူအေး၏ နဝမမြောက်ဖြစ်သော မော်တော်ကားမောင်းသမားဖြစ်လေသည်။ မောင်ငယ်၏ နောင်တော် ဖြစ်ကြကုန်သော မော်တော်ကားမောင်းသမား ရှစ်ယောက်တို့ကား အမျိုးမျိုးအစားစားဖြစ်ကြကုန်၏။ အချို့မှာ အလွန်းသည်။ အချို့မှာ လည်လွန်းသည်။ အချို့မှာ ဓါတ်ဆီကို သောက်တတ်သည်။ အချို့မှာ မော်တော်ကားကို အပြင်း မောင်းတတ်သည်။ အချို့မှာပျင်းလွန်းသည်။ အချို့မှာ မော်တော်ကားစက်ကို ကလိလွန်းသည်။ အချို့မှာ တတ်ယောင် ကားလုပ်တတ်သည်။ အချို့မှာ ကြွေးထူသည်။ အချို့မှာ စပေါ်တောင်းလွန်းသည်။ အချို့မှာ ညစ်ပတ်သည်။ အချို့မှာ မော်တော်ကားမောင်းရင်း ဆေးလိပ်သောက်တတ်သည်။ ဤ သို့သော အကြောင်းကြောင်းတို့ကြောင့် မောင်ငယ်၏နောင်တော်

များ တစ်ယောက်ပြီးလျှင်တစ်ယောက် အသီးသီးအလုပ်ပြုတ်ကြရရှာလေသည်။

မောင်ငယ်ကား မောင်လူအေးထံတွင် မော်တော်ကားမောင်းနေသည်မှာ သုံးနှစ်နီးပါးရှိလေပြီ။ ဤကိုထောက်ခြင်းအားဖြင့် မောင်ငယ်တွင် အထက်ဖော်ပြရာပါ အပြစ်များမရှိကြောင်းထင်ရှား၏။ သို့သော် သူ၌လည်း အပြစ်လုံးလုံး မကင်းပေ။ မောင်ငယ်တွင် ခွေးများကို မော်တော်ကားဖြင့် ဝင်၍တိုက်လိုသောဆန္ဒကြီးစွာရှိ၏။ မော်တော်ကားရှေ့မှ ခွေးများဖြတ် သွားသည်ရှိသော် မည်သည့်အခါမျှ ချမ်းသာခွင့် မပေးချေ။

ခွေးများကိုချမ်းသာခွင့်မပေးသည်မှာ မောင်ငယ်တစ်ယောက်ထဲမဟုတ်။ မော်တော်ကားမောင်းသမား အားလုံးပင်ဖြစ်၏။ သို့ဖြစ်သောကြောင့် မောင်ငယ်တစ်ယောက်ထဲကိုသာရွေး၍ အပြစ်တင်ရန် မသင့်ပေ။ မော်တော်ကား မောင်းသမားတို့မည်သည့် မော်တော်ကားပေါ်သို့ ရောက်လိုက်သည်နှင့်တစ်ပြိုင်နက်၊ ခွေးအစရှိသော တိရစ္ဆာန်တို့ကို မဆိုထားဘိ။ မော်တော်ကားအောက်မှ လျှောက်၍သွားကြကုန်သော လူတို့ကိုပင်အမှုမထားကြတော့ပေ။ လှည်းများ၊ ရထားများ၊ စက်ဘီးများဆိုက်ကားများကိုလည်း ရှိသည်ပင်မထင်ကြ။

မိမိတို့မော်တော်ကားရှေ့တွင် သွားနေကြသော လှည်း၊ ရထား၊ စက်ဘီး၊ ဆိုက်ကား၊ လမ်းလျှောက်နေသူများသည် မိမိလာသည်ကို မြင်လျှင်၊ တစ်မဟုတ်ချင်း လမ်းလယ်မှ ပယ်စွာ ရှောင်တိမ်းပေးစေခြင်ကြ၏။ အကယ်၍ ထိုသူတို့ နှေးကွေး နေကြလျှင် မော်တော်ကားပေါ်မှ ကိုယ်တော်တစ်သိုက်တို့သည် အော်လိုအော်၊ ငေါက်လိုငေါက် လုပ်ကြကုန်၏။ မော်တော်ကား များဖြင့် ဝင်တိုက်မယောင်ယောင် ပြုကြကုန်၏။ ခမျာ လှည်းသမား၊ မော်တော်ကားသမား၊ ဆိုက်ကားသမား၊ လမ်း လျှောက်သူများမှာ အသာငုံ့ခံနေကြရရှာလေသည်။

သတ္တိကောင်းသူ တစ်ယောက်တလေက မခံမရပ်နိုင်သော ကြောင့်၊ အော်ဟစ်၊ ဆဲဆို၊ ရေရွတ်သော်လည်း၊ အတော်ဝေးသွားပြီ ဖြစ်သောကြောင့် ကိုယ်တော်မြတ် မော်တော်ကားသမားတို့မှာ မကြားကြရချေ။

သူတို့၏ စိတ်တွင် လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့မှာ သူတို့၏ ကိုယ်ပိုင်ပစ္စည်းများ ဖြစ်သည်ဟု ထင်မှတ်နေကြလေ ရော့သလား၊ မပြောတတ်။ အခွန်တော်ကို သူတို့ချည်းပေးသည် ဟူ၍များ အယူရှိနေကြလေသလားမသိ။

လှည်းသမား၊ ရထားသမား၊ လမ်းလျှောက်သူများ အပေါ်တွင် ဤမျှ အထင်အမြင်သေးကြကုန်သော သူတို့သည် ခွေးတို့ အပေါ်၌ မည်မျှအထင်အမြင် သေးကြမည်ကိုကားရေးသား နေရန်ပင် လိုတော့မည်မဟုတ်။ ခွေးများသည် မော်တော်ကားများ သွားရာ လမ်းမျဉ်းပေါ်သို့လာရန်။ အခွင့်အရေး တစ်စုံတစ်ရာမျှ မရှိဟူ၍ အယူရှိကြကုန်၏။ ဤမျှမကသေး။ ခွေးများသည် လောက ကြီးတွင် ပေါ်ပေါက်ထွန်းကားလာရန်ပင် အကြောင်းထူး မရှိဟူ၍ ထင်မှတ်ကြလေသည်။

ခွေးများကလည်းမိမိတို့၏ ဘိုးစဉ်ဘောင်ဆက်ကရခဲ့သော အခွင့်အရေးတို့ကို လက်လွတ်မှာများစွာ စိုးရိမ်ကြသောကြောင့် ထိုအခွင့်အရေးတို့ကို အခါမလပ် တွင်တွင်ကြီး အသုံးပြုနေကြ ကုန်၏။ ခွေးဖြူ ခွေးမဲ၊ ခွေးဝဲစားမှအစ၊ ခွေးထီးကြီး၊ ခွေးကလေး၊ ခွေးထီး၊ ခွေးမ၊ ခွေးပိန်၊ ခွေးနာ၊ ခွေးဗလချာအဆုံး။ ခွေးအပေါင်းတို့မှာ လမ်းတကာတွင် ကျင်လည်ကျက်စား နေကြလေသည်။

လူအလွန်စည်ကား၍ မော်တော်ကားများ ရှုတ်ထွေး လှသော လမ်းများတွင်လည်းသူတို့ကို မြင်ရလေသည်။ လမ်းကြီး

လမ်းငယ်အသွယ်သွယ်တို့မှာ သူတို့၏ကျင်လည်ရာ လောကကြီး ဟူ၍ အတည်ပြုထားကြကုန်၏။ မော်တော်ကားမောင်းသမား တို့က မော်တော်ကားများဖြင့် ကြိတ်၍နေ့စဉ်နှင့်အမျှ အတုံးအရုံး သေနေကြသော်လည်း၊ ခွေးအပေါင်းတို့ကား တစ်ဗိုလ်ကျလျှင် တစ်ဗိုလ် တက်နေကြသည်သာတည်း။ ဤနည်းအားဖြင့် မော်တော်ကား သမားတို့ကလည်း အရှုံးမပေး။ ခွေးအပေါင်းတို့ကလည်း အရှုံးမခံဘဲ၊ စစ်ပွဲကြီးကို ကျင်းပလာခဲ့ကြသည်မှာ မော်တော်ကားပေါ်စအခါ ကတည်းက ဖြစ်လေသည်။

ယခုထက်တိုင် ဤစစ်ပွဲကြီးမှာ မပြီးသေး။ နောင်မည်မျှ ကြာအောင် တိုက်ခိုက်ဦးမည်မသိ။ ခွေးလောကကြီးတွင်လည်း ခွေးတပ်သားတို့မှာ နည်းသွားသည်မရှိ။ တစ်နေ့တခြား တိုးပွား လျက်သာ နေတော့သည်။ မော်တော်ကားလောကကြီးမှာလည်း ဤနည်းအတိုင်းပင်တည်း။

မောင်ငယ်မှာ မော်တော်ကားသမား ဖြစ်သည့်အတိုင်း မော်တော်ကားသမားတို့ဘက်မှ စစ်ကူသည်ကို အပြစ်ဆိုရန် များစွာမရှိပေ။

မောင်ငယ်သည် မောင်လူအေးထံသို့ ရောက်၍၊ သုံးလမျှ မကြာသေးမီ ခွေးသုံးကောင်တို့အား မော်တော်ကားဖြင့် ကြိတ်ခဲ့

လေပြီ၊ ခွေးလောကကြီးတွင်အတော်ပင် စိတ်မချမ်းမသာ ဖြစ်မည်မှာ ယုံမှားဘွယ်မရှိပေ။ ခွေးလောကကြီးတွင်သာမဟုတ်၊ အကြိတ်ခံရသောခွေး၏ ကျယ်လောင်စွာ အော်လိုက်သည့် အသံကိုကြားရသော မောင်လူအေးမှာလည်း စိတ်မချမ်းသာ များစွာဖြစ်ရလေသည်။ ဤသို့ စိတ်မချမ်းသာ ဖြစ်သောကြောင့် ခွေးများကို မကြိတ်ရန် အဖန်ဖန်ပြော၏ မရ။ မကြာမကြာလည်း ကြိမ်းမောင်း၏ မရ။ တစ်ခါတစ်ခါလည်း အလုပ်မှနုတ်ပစ်မည် ဟုဆို၏ မရ။

နောက်ဆုံးတွင် မောင်လူအေး အကြံကောင်း တစ်ခုကို ရလေသည်။ ထိုအကြံကို ရသည်နှင့်တစ်ပြိုင်နက် မောင်ငယ်အား အနားသို့ ခေါ်ပြီးလျှင် ဤသို့ဆို၏။

"မောင်ငယ်၊ သင်သည် ခွေးတို့၏အသက်ကို ပုရွက်ဆိတ်တို့၏ အသက်လောက်မျှ ပမာမထား။ သင်မော်တော်ကားဖြင့် ကြိတ်သောကြောင့် ခွေးပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ကြရရှာလေပြီ။ သင့်အား ခွေးများကကိုက်လျှင် သင်ကြိုက်ပါမည်လော။ သင်ကြိတ်လိုက်သော ခွေးများ ငိုကြွေးအော်ဟစ်သော အသံကို ငါမကြားနိုင်၊ မကြားလို။ ယနေ့မှစ၍ သင်ခွေးတစ်ကောင်ကို ကြိတ်မည်ဆိုလျှင် ငွေတစ်ကျပ် ဒဏ်ငွေတပ်မည်။ ကြား၏လော။ မြဲမြဲမှတ်ထား"

ဤသို့ မောင်လူအေးသည် တင်းမာလှစွာသော အမိန့်ကို ထပ်ဆင့်လိုက်၏။ ထိုအမိန့်ကို ကြားရသော မောင်ငယ်မှာ မျက်နှာ အပျက်ကြီးပျက်၍သွား၏။ သို့သော် စကားတစ်ခွန်းကိုမျှ မပြောပါဘဲ၊ ဆိတ်ဆိတ်သာလျှင် မောင်လူအေး၏ အပါးမှ ထွက်ခွာ၍ သွားလေသတည်း။

မောင်လူအေး၏ အမိန့်ကို ခွေးများသာ ကြားသိကြမည် ဆိုလျှင် မည်မျှ ဝမ်းမြောက်ကြမည်နည်း။ ခွေးလောကကြီးမှာသာ သတင်းစာ၊ မဂ္ဂဇင်းများထွန်းကားနေပါမူ၊ ထိုသတင်းစာတို့က မောင်လူအေးအား ခြေမလောက်ရှိသော စာလုံးကြီးများဖြင့် ချီးမွမ်းသော စကားတို့ကို ရေးသားကြမည်မှာ မလွဲပေ။ ခွေးလောက ကြီးမှာသာ အစည်းအရုံးကြီးများ ရှိပါမူ၊ အစည်းအဝေးကြီးများကို ခေါ်ကာ၊ မောင်လူအေးအား ဩဘာပေး ကြမည်မှာ အမှန်ပင် ဖြစ်တော့သည်။ သို့သော် ခွေးလောကကြီးတွင် သတင်းစာ၊ မဂ္ဂဇင်းကလည်းမရှိ၊ အစည်းအရုံးကြီးများ ကလည်း မရှိလေရကား၊ မောင်လူအေး၏အမိန့်မှာ ခွေးလောကကြီးတွင် ထင်ပေါ်ခြင်း မရှိခဲ့ပေ။ ထိုအမိန့်ကို မောင်လူအေးနှင့် မောင်ငယ်တို့မှတစ်ပါး အခြားမည်သူမျှ မသိဖြစ်ချေသည်။

အဆိုပါအမိန့်ကို ထုတ်ဆင့်ပြီးနောက်၊ သုံးလေးရက်ခန့် အကြာတွင် မောင်လူအေးနှင့် မောင်ငယ်တို့သည် ခင်ဦးတွင် ရုံးစစ်ရန် မော်တော်ကားနှင့် ထွက်လာခဲ့ကြကုန်၏။ မြို့အစွန်နားသို့ ရောက်သောအခါ၊ တောမှ စပါးတိုက်လာသော လှည်းတန်းကြီးနှင့် တွေ့ကြလေသည်။ ထိုလှည်းများနှင့်အတူ လိုက်ပါလာသော ခွေးတစ်ကောင်သည် ယောင်တိယောင်တနှင့် လမ်းအလယ်မှ လျှောက်၍လာနေပေ၏။ မောင်ငယ်က မော်တော်ကား၏ အရှိန်ကိုသတ်ကာ “ဟွန်း” ကို အကြိမ်ကြိမ် ပေးလေသည်။ ထိုခွေးတောသားမှာ ဂရုမစိုက်။ ကားဘက်သို့ မလှည့်၊ လှည်းများ ဘက်သို့သာ မျက်နှာမူကာ ယောင်တိယောင်တနှင့် ရပ်နေ ပြန်လေသည်။

ခါတိုင်းသာဖြစ်မူ ထိုခွေးတောသားများ မော်တော်ကားဘီး အောက်တွင် တဂိန်ဂိန်နှင့် နေလေပြီ။ မော်တော်ကား၏ ဘီးများ သည် ထိုခွေး၏သွေးကို သောက်ကြရလေပြီ။ ယခုမှာကား မောင်ငယ်သည် မော်တော်ကားကို အရှိန်သတ်ခါ အံကြိတ်၍ နေလေသည်။ သူ၏စိတ်ထဲတွင် မခံသိမခံသာ ဖြစ်နေပေ၏။ ဒဏ်ငွေတစ်ကျပ်ကိုပေးခါ ထိုခွေးမိုက်ခွေးအအား ဝင်၍ကြိတ် လိုက်လိုသောဆန္ဒ ပေါ်လာ၏။ သို့သော် ငွေတစ်ကျပ်သည် သူ၏

သားသမီးတို့၏ ခုနစ်ရက်စာ မုန့်ဖိုးဖြစ်သည်ကို သတိရသဖြင့် ယခင်က စိတ်ကူးကို ကြိုးစား၍ဖျောက်လိုက် ရရှာ၏။

ဤသို့မောင်ငယ်၏ စိတ်ထဲတွင် တက်ရစိမ့်လော၊ ရပ်စိမ့်လောဟု ချီတုန်ချတုန် ဖြစ်နေသည့်အခိုက်တွင် ခွေးရှင်လှည်းသမားက လှည်းပေါ်မှဆင်း၍မောင်းသောကြောင့် ထိုခွေးမိုက်မှာ လမ်းဘေးသို့ဆင်း၍ ပြေးသွားလေ၏။

သည်အခါကျမှသာ မောင်ငယ်သည် မော်တော်ကားကို ဆက်၍မောင်းသွားလေသည်။ သို့သော် ထိုခွေးမိုက်ကို မကြိတ်လိုက်ရသောကြောင့် မကျေနပ်ပေ။ နှုတ်ကတိုးတိုးရေရွတ်၍ လာခဲ့၏။ ထိုသို့သော ခွေးမိုက်အား လက်လျှော့ခါ အရှုံးပေးခဲ့ရလျှင် မည်သည့်မော်တော်ကားသမားသည် ကျေနပ်နိုင်ပါအံ့နည်း။

ထို့နောက်များမကြာမီ မောင်လူအေးနှင့်မောင်ငယ်တို့ ခရီး ထွက်ကြပြန်၏။ တစ်မိုင်ခန့်သွားမိလျှင် လမ်းပေါ်တွင် ကစားနေကြသော ခွေးသားအမိတို့နှင့် ရင်ဆိုင်တိုးနေလေပြန်၏။ မောင်ငယ်သည် မော်တော်ကားကို အရှိန်သတ်ကာ “ဟွန်း” ကို ပေး၏။ ခွေးမကြီးသာ လမ်းဘေးသို့ဆင်းသည်။ ခွေးသားကလေးတို့ကား ဖြုံပင်မဖြုံ ကြချေ။ ကစားမြဲတိုင်း ကစားနေကြကုန်၏။

မောင်ငယ်စိတ်ဆိုးလေပြီ။ သို့သော် မည်သို့မျှ မတတ်နိုင်။ သူတို့တတွေအား အရှုံးပေးကာ မော်တော်ကားကို ရပ်လိုက်ပြီးလျှင် "ဟွန်း" ကို ကျယ်လောင်စွာမှုတ်၏။ ခွေးကလေးတို့ကား ဂရုမစိုက်။ လမ်းဘေးသို့မဆင်း။ ဒဏ်ငွေတစ်ကျပ်ပေးကာ ထိုခွေးတို့ကို ဝင်၍ကြိတ်လိုက်ချင်၏။ သို့သော် ထိုငွေတစ်ကျပ်သည် သူတို့လင်မယား သားအမိထမင်း နှစ်နပ်ကျွေးနိုင် သည်ကို သတိရလာပြန်သောကြောင့် မော်တော်ကားပေါ်မှ ဆင်းကာ ထို ခွေးကလေးတို့ကို လမ်းဘေးသို့ မောင်း၍ချရရှာ၏။ ပြီးမှ မော်တော်ကားကို ဆက်လက်၍ မောင်းသွားရှာလေသည်။ သူ၏မျက်နှာသည် နီရဲ၍နေ၏။ နှုတ်ခမ်းများသည် စူထွက်၍ နေ၏။

ထိုခွေးကလေးတို့အား အရှုံးပေးရပြီးသည့်နောက် တစ်လခန့် ကြာပြန်သောအခါ မောင်ငယ်နှင့် ခွေးတို့၏ စစ်ပွဲကို ကြည့်ရ ပြန်၏။ အချိန်ကား နံနက်စောစော နေထွက်ခါစအချိန်ဖြစ်လေသည်။ မောင်လူအေးတို့၏ မော်တော်ကားလာနေသော လမ်းအလယ်တွင် ခွေးနက်ကြီးတစ်ကောင်သည် စိတ်ချလက်ချ အိပ်ကာ နေပူစာလှုံ၍နေ၏။

သူ့အနီးသို့ ရောက်သောအခါ မောင်ငယ်က မော်တော်ကား "ဟွန်း" ကိုပေး၏။ ထိုခွေးနက်မှာ ဖြုံပင်မဖြုံ။ ထိုအခါ မောင်ငယ်က အဖန်တလဲလဲ ကျယ်လောင်စွာ "ဟွန်း" ကိုပေးပြန်၏။ ခွေးကိုယ်တော်မြတ်မှာ အသာခေါင်းကိုထောင် ကြည့်ပြီးလျှင် အိပ်မြဲတိုင်းအိပ်နေပြန်၏။

ခွေးများ၏ ကမ္ဘာ့ရန်သူဖြစ်သော မောင်ငယ်ကိုမဆိုထားဘိ၊ ခွေးများဘက်မှ ရှေ့နေလိုက်ခဲ့သော မောင်လူအေးပင် သည်းမခံနိုင်တော့ပေ။ သည်ခွေးစွာကို ဝင်ကြိတ်လိုက်ပါတော့လားဟု ဆိုလိုက်ချင်၏။ ယခင်က ထုတ်ဆင့်ထားခဲ့သော အမိန့်ကို သတိရသဖြင့် မဆိုဝံ့ချေ။ သို့သော် မောင်ငယ်က သူ၏ သဘောအလျှောက် ဝင်၍ကြိတ်ပါမှ ဒဏ်ငွေတစ်ကျပ်ကို မတပ်ဟူ၍ ဆုံးဖြတ်လိုက်လေသည်။ "ကြိတ်လိုက်ပါတော့လား သည့် လောက်စွာတဲ့ ခွေးကို၊ ကြိတ်လိုက်ပါတော့လား" ဟူ၍သာ တိုးတိုးရေရွတ်နေတော့၏။

မောင်ငယ်ကို ရှုကြပါဦးလော။ ခွေးများ၏ရှေ့တွင် အကြိမ်ကြိမ် ဂုဏ်နိမ့်ခြင်းခံခဲ့ရသော မောင်ငယ်မှာ ဒေါသထွက် လွန်းလှသောကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေတော့၏။

ထိုစွာလှသောခွေးကို ကြိတ်လျှင် ဒင်္ဂါးငွေတစ်ကျပ် အရိုက်ခံရမည်ကို သိ၏။ ထိုငွေတစ်ကျပ်၏ တန်ခိုးကြီးကြောင်း ကိုလည်း သိ၏။

သို့သော် ထိုစွာလှသော ခွေးမျိုးကို ကြိတ်လိုက်ရလျှင်၊ တစ်ကျပ်မက နှစ်ကျပ်ပင်တန်သည်ဟု ဆုံးဖြတ်ကာ စက်ကုန်ဖွင့်၍ ထိုခွေးစွာကို ဝင်၍ကြိတ်လေတော့၏။ မောင်လူအေးရော၊ မောင်ငယ်ပါ အတော်ပင်ကျေနပ်သွားကြလေသည်။ သို့သော် ခွေးကို တိုက်မိသောအသံ၊ ခွေး၏အော်သံတို့ကို မကြားရသောကြောင့် မောင်လူအေး လှည့်ကြည့်လိုက် သောအခါ၊ "ငါကဲ့သို့ အရှောင်ကောင်းသော ခွေးကိုဝင်တိုက်လို့ ဘာရမလဲ" ဟု မဆိုသော်လည်း ဆိုသည့်ပုံနှင့် ရပ်ခါ မော်တော်ကားကို ကြည့်နေသော ခွေးကို မြင်ရသော မောင်လူအေးမှာ မည်မျှ အခံရခက်မည်နည်း?။

ဂန္ထလောက
၁၉၄၁ ဧပြီလ